# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၁၀) ရက် ၊ တနင်္လာနေ့ ၊ (5-2-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၈၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနေအထားသာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ကျောင်းထိုင်ဘုန်းတော်ကြီးသင်တန်းကျောင်းနှင့် စာသင်တိုက်တို့မှ သံဃာတော်များ၊ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင်နှင့် တောင်ငူခရိုင်တို့မှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ လာရောက်ဖူးမြော်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ကျောင်းထိုင်ဘုန်းတော်ကြီးသင်တန်းကျောင်းနှင့် စာသင်တိုက်တို့မှ သံဃာတော်များ၊ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင်နှင့် တောင်ငူခရိုင်တို့မှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်းရည်ရွယ်ချက်၊

စာမျက်နှာ ၁၈ ကော်လံ ၁ သို့


**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊လျှပ်စစ်မီတာ **Bill** ပေးဆောင်ခြင်း၊ **E-Topup** ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ **Internet Bill** ပေးဆောင်ခြင်း၊ **Gift Card** ပေးခြင်း၊ **Skynet Bill Payment** ပေးသွင်းခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ **E-Commerce** လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် **Customs Duty** ပေးဆောင်ခြင်း

"အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။"




ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ
၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်

အယ်ဒီတာ့အာဘော်

# စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများကိုလည်း တွဲဖက်လုပ်ကိုင်ကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံလူဦးရေ၏ ၇၂ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်သည်။ ၎င်းတို့အနက် ၄၅ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး ကျန်ကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးကိုအခြေခံသည့် အခြားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြပေသည်။

မြန်မာနိုင်ငံမှထွက်ရှိသော စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်များကို ပြည်ပနိုင်ငံများသို့ စဉ်ဆက်မပြတ် တင်ပို့ရောင်းချနိုင်မည်ဆိုပါက ပြည်သူများနှင့် နိုင်ငံ၏ စီးပွားရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်များကို ပိုမိုထုတ်လုပ်ကြရမည်ဖြစ်ပေသည်။

**“နိုင်ငံ၏ အဓိကထုတ်ကုန်မှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်သဖြင့် မျိုး၊ မြေ၊ ရေ၊ နည်း၊ စသည့်နည်းလမ်းလေးသွယ်ဖြင့် သတ်မှတ်ထားသည့် ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် တာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ်တွင် များစွာမူတည်နေကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အထူးအလေးပေးဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ဆောင်ရွက်နေသူများအနေဖြင့် Skill Labour များဖြစ်စေရေးအတွက်လည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊”** ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၁၉)ကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်သည့် မြစ်ချောင်းများပေါများကာ ရေအရင်းအမြစ် များစွာရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေကြသကဲ့သို့ မွေးမြူရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် စပါး၊ ပြောင်း၊ နှမ်း၊ ဝါ တို့ကို အဓိကသီးနှံအဖြစ် စိုက်ပျိုးကြပြီး အခြားသီးထပ်၊သီးညှပ်သီးနှံများကိုလည်း စိုက်ပျိုးကြပေသည်။

စိုက်ပျိုးရေးလုပ်ငန်းများသည် နိုင်ငံတော်အတွက် အရေးကြီးသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ မွေးမြူရေးသည်လည်း အရေးပါသည့် လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို စနစ်တကျဆောင်ရွက်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်များကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ပြည်ပနိုင်ငံများသို့ စဉ်ဆက်မပြတ်ပိုမိုတင်ပို့သွားမည်ဆိုပါက ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေ ပိုမိုရရှိမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်များကို ထုတ်လုပ်၍ ပြည်ပ သို့ စဉ်ဆက်မပြတ် ပိုမိုတင်ပို့နိုင်ရေး နိုင်ငံတော်က အားပေးနေသကဲ့သို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြသူများအနေဖြင့်လည်း အောင်မြင်တိုးတက်အောင် ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဖေဖော်ဝါရီ ၄**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၅၈၂၇၂ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

“မန္တလေးတောင်တော်ကို ဒီနေ့မှာဆိုရင် နယ်စုံက ဘုရားဖူးအများအပြား လာရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေက စောင်းတန်းကတော၊ ကားလမ်းကပါ တက်ရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ဒီနေ့ဘုရားဖူးဦးရေတိုးပြီး ရင်ပြင်တော်ပေါ်မှာ စည်ကားနေပါတယ်။ ဘုရားဖူးတွေက မြွေကြီးနှစ်ကောင်ဘက်ကိုလဲ သွားရောက်ကြည့်ရှုကြပါတယ်။ မန္တလေးတောင်ပေါ်ကနေ မန္တလေးမြို့ရဲ့ ရှုခင်းတွေကိုလဲ ဘုရားဖူးတွေ ကြည့်ကြတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်းရောင်းချတဲ့ဆိုင်တွေမှာလဲ ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်”ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၉၈၅ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၅၄၄၉၂ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၇၅၅ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစနကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးတိုင်းဒေသကြီး မြို့နယ်လေးမြို့နယ်ရှိ အလုပ်သမားများကို လူမှုဖူလုံရေးဥပဒေအကြောင်း အသိပညာပေးဟောပြောမည်

**မန္တလေး ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် လေးမြို့နယ်ရှိ အလုပ်ဌာနများမှ အလုပ်သမားများကို လူမှုဖူလုံရေးဥပဒေအကြောင်း အသိပညာပေးဟောပြောခြင်းကို ဖေဖော်ဝါရီလ ဒုတိယပတ်မှစ၍ ပြုလုပ်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ သိရသည်။

အလုပ်ဌာနများမှ အလုပ်သမားများကို လူမှုဖူလုံရေးအကျိုးခံစားခွင့်များ၊ တာဝန်များနှင့် အာမခံစနစ်များအကြောင်း ပိုမိုသိရှိနားလည်စေရန် အသိပညာပေးဟောပြောသွားမည်ဖြစ်ကြောင်း၊ ထိုသို့ အသိပညာပေးဟောပြောရာတွင် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်တို့တွင်ရှိသည့် အလုပ်ဌာနများကို မြို့နယ်လူမှုဖူလုံရေးရုံးများက ချိတ်ဆက်ပြီး တိုင်းဒေသကြီးတာဝန်ခံ၊ ခရိုင်တာဝန်ခံနှင့် မြို့နယ်ဦးစီးမှူးများ ပူးပေါင်း၍ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက ပြောပြသည်။

“အလုပ်ဌာနတွေမှာ အသိပညာပေးဟောပြောပွဲတွေ လုပ်ပါမယ်။ ဖေဖော်ဝါရီလ ဒုတိယပတ်ကနေစပြီး ဟောပြောပွဲတွေပြုလုပ်ပေးသွားမှာပါ။ အာမခံစနစ်သုံးခုကို အကောင်အထည်ဖော်နေပါတယ်။ အာမခံစနစ်သုံးခုကို ထည့်ဝင်ကြေးဘယ်လောက်သွင်းရမယ်။ တစ်ခုချင်းကနေ ဘာတွေရနိုင်တယ်။ ဆေးကုသမှုခွင့်အပြင် ငွေကြေးအကျိုးခံစားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု အာမခံစနစ်မှာ မမာမကျန်းတဲ့သူရမယ်၊ မီးဖွားတဲ့သူရမယ်၊ အကျိုးခံစားခွင့်တွေ ဘယ်လိုရမယ်ဆိုတဲ့ အကြောင်းရာတွေ ဟောပြောမယ်။ အချိန်ကာလ ဘယ်လောက်အတွင်းမှာ တောင်းရမယ်ဆိုတာဟောပြောမယ်။ အလုပ်ဌာနတွေက အလုပ်သမားတွေကို သိရှိလိုတာတွေ ဟောပြောပြီး အပြန်အလှန်ဆွေးနွေးသွားမှာပါ” ဟု ဦးသန်းနိုင်ဦးက ပြောပြသည်။

လူမှုဖူလုံရေးရုံးအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အာမခံစနစ်သုံးခုမှာ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်၊ မိသားစုပံ့ပိုးမှုအာမခံစနစ်၊ အလုပ်ခွင်ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်တို့ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မတ္တရာမြို့နယ် အေးကျွန်းကျေးရွာတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၄**

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ထားသည့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် အေးကျွန်းကျေးရွာတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားဝင်ရောက်လည်ပတ်မှုများပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရောဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းဖော် ဆောင်ထားသည့် ကျေးရွာများထဲမှ လတ်တလော ခရီးသွားများ စိတ်ဝင်စားမှုရှိသည့် ကျေးရွာမှာ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ အေးကျွန်းကျေးရွာဖြစ်ကြောင်း၊ အေးကျွန်းကျေးရွာ၌ ရက်ကန်းလုပ်ငန်း၊ အိုးလုပ်ငန်း၊ ခမောက်လုပ်ငန်းနှင့်အခြားလုပ်ငန်းများကို ခရီးသွားများ စိတ်ဝင်စားကာ လာရောက်လေ့လာကြောင်း သိရသည်။

“အခု အေးကျွန်းကျေးရွာကို လည်ပတ်တဲ့ ပြည်တွင်း၊ ပြည်ပ ခရီးသွားတွေကလဲ မတ္တရာမြို့နယ် ရောဝတီမြစ်အတွင်းမှာ နေထိုင်ကျက်စားနေတဲ့ ရောဝတီလင်းပိုင်တွေကို သွားရောက်ကြည့်ရှုမှုတွေလဲရှိပါတယ်”ဟု ဦးမောင်မောင်လေးက ပြောပြသည်။

အေးကျွန်းကျေးရွာသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ ဇန်နဝါရီလ နောက်ဆုံးပတ်က တစ်ရက်လျှင် ဦးရေ ၂၀၀ ကျော်သာရှိခဲ့သော်လည်း ဖေဖော်ဝါရီ ၁ ရက်မှစ၍ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်ရှိကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဆင်ပေါင်ဝဲမြို့နယ် ဇီးဖြူကုန်း-ကိုးပင်-သာဂရ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၄**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ဇီးဖြူကုန်း-ကိုးပင်-သာဂရ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပန်သုမောင်နှင့် တာဝန်ရှိသူများက ဆင်ပေါင်ဝဲမြို့နယ် ဇီးဖြူကုန်း-ကိုးပင်-သာဂရ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာနှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်ဆွေးနွေးမှာကြားသည်။

ဇီးဖြူကုန်း-ကိုးပင်-သာဂရ ကျေးရွာချင်းဆက်လမ်း အရှည် နှစ်မိုင် ငါးဖာလုံ၊ အကျယ် ၁၈ပေ၊ အမြင့် ရှစ်လက်မ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၈၉ ဒသမ ၈ သန်းဖြင့် လင်းရောင်ထိန်ကုမ္ပဏီက ၂၀၂၃ ခုနှစ် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာချင်းဆက်လမ်း ပြီးစီးပါက ကျေးရွာသုံးရွာရှိ အိမ်ခြေ ၉၈၆ အိမ်၊ လူ ၃၄၅၁ ဦးတို့ ရာသီမရွေးသွားလာနိုင်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများတွင် ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးပန်သုမောင်ထံမှ သိရသည်။ **ကိုလှိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးရဲနောင်ထွန်း-ဒေါ်သန်းသီတာ၊ သမီး-မအိသွန်းဝတ်ခေတ် (စ) ခေတ်ခေတ် မိသားစုက ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၉၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးရိုးလွင်၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးချမ်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၈၃၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပန်းမုန်လာစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၈၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၁၁၈၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၁၈၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်သည့်အတွက် မိသားစုဝင်ငွေ တိုးပွားစေကာ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ရမည်းသင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၁၁၈၀၀ စိုက်ပျိုးဖို့ လျာထားတာ ၁၁၈၃၅ ဧက စိုက်ပျိုးပြီးပါပြီ။ ဟင်းသီးဟင်းရွက် စိုက်ပျိုးတဲ့အတွက် ဒေသထွက်ကုန်သီးနှံတွေ ရောင်းချနိုင်တဲ့အပြင် မိသားစုဝင်ငွေ တိုးလာစေပါတယ်။ စိုက်ပျိုးထားတဲ့ ဟင်းသီးဟင်းရွက်တွေကလဲ ပိုးမွှားအန္တရာယ်ကင်းရှင်းပါတယ်။ ဟင်းသီးဟင်းရွက်ဧက လျာထားချက်ထက် ကျော်လွန်အောင်စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့၊ ဈေးကွက်ဝင်သီးနှံတွေဖြစ်ဖို့ နည်းပညာတွေနဲ့ တခြားပံ့ပိုးမှုတွေကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာ နံနံ၊ ခရမ်းချဉ်၊ ခရမ်း၊ ချဉ်ပေါင်၊ ဘူး၊ ရုံးပတီ၊ ဂေါ်ဖီ၊ ပန်းမုန်လာ၊ တိုင်ထောင်ပဲတောင့်ရှည်၊ ကန်စွန်း၊ သခွား၊ ကြက်ဟင်းခါး စသည့်သီးနှံများ စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝယ်ယူစားသုံးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းပြီး တောင်သူများကို အသိပညာပေးဆွေးနွေးခြင်းများ ပြုလုပ်ပေးကြောင်း သိရသည်။

(၁၈၅)

# ဇေယျာသီရိမြို့နယ် သရက်တောကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု (မူလ)ခွင့်ပြုရန်ပုံငွေဖြင့် ကျွန်းရောင်းကျေးရွာအုပ်စု သရက်တောကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်နှင့် အင်ဂျင်နီယာဝန်ထမ်းများက တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာ လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ သရက်တောကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

သရက်တောကျေးရွာ၌ အရှည် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ ကုန်ထုတ်လမ်းမြေသားနှင့်ရိစာခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု(မူလ) ခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၆၃၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် မင်းသစ္စာလှိုင်ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇူလိုင် ၃၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သဖြင့် သရက်တောကျေးရွာရှိ အိမ်ခြေ ၁၁၀၊ လူ ၄၄၂ ဦးတို့၏ စိုက်ပျိုးမြေ ဧက ၂၀၀ ကျော်မှထွက်ရှိသော ဒေသထွက်ကုန်များဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ တင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း သိရသည်။ **နော်လူး**

# ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့်ဇန်နဝါရီလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွား ၂၈၅၅ ဦး လာရောက်လည်ပတ်ခဲ့

**ပုသိမ် ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွား ၂၈၅၅ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်း ခရီးသွားတာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရီးသွားဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရွှေသောင်ယံကမ်းခြေသို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက ပြည်တွင်း၊ ပြည်ပ ခရီးသွား ၂၀၅၆၅ ဦးသာ လာရောက်လည်ပတ်ခဲ့ပြီး ပြီးခဲ့သည့် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ပြည်တွင်း၊ ပြည်ပခရီးသွား ၂၈၅၅ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ရွှေသောင်ယံကမ်းခြေကို ပြည်တွင်း၊ ပြည်ပ ခရီးသွား ၂၈၅၅ ဦး လာရောက်လည်ပတ်ခဲ့ပါတယ်။ ပြည်တွင်းခရီးသွားတွေက နေ့ချင်းပြန်လာရောက် လည်ပတ်ပါတယ်။ လွတ်လပ်ရေးနေ့ အလုပ်ပိတ်ရက်မှာလဲ လာရောက်လည်ပတ်သူ များပါတယ်။ အခု ပွင့်လင်းရာသီရောက်လာပြီဖြစ်လို့ လာမဲ့ သင်္ကြန်ကာလ နှစ်သစ်ကူးရုံးပိတ်ရက်တွေမှာ ပြည်တွင်း၊ ပြည်ပခရီးသွားတွေ ပိုမိုလာရောက်လည်ပတ်ဖို့ မျှော်မှန်းထားပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ရွှေသောင်ယံကမ်းခြေကိုလာတဲ့ ခရီးသွားတွေထဲမှာ ပြည်တွင်းအပြင် ပြည်ပခရီးသွားတွေပါ လာရောက်လည်ပတ်ခဲ့ပါတယ်"ဟု ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်း ခရီးသွားတာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ရွှေသောင်ယံကမ်းခြေတွင် ရွှေသောင်ယံဟိုတယ်နှင့် Lai Lai ဟိုတယ် အပါအဝင် ဟိုတယ်နှင့်တည်းခိုရိပ်သာ စုစုပေါင်း ၂၀ ကျော်ဖြင့် ကမ်းခြေသို့လာသည့် ခရီးသွားများကို ဝန်ဆောင်မှုပေးလျက်ရှိပြီး ကမ်းခြေတွင် ပင်လယ်စာအမျိုးမျိုး၊ လက်ဆောင်ပစ္စည်းအမျိုးမျိုး၊ စက်ဘီးငှားလုပ်ငန်း၊ မော်တော်ဘုတ်ငှားလုပ်ငန်း၊ မြင်းငှားလုပ်ငန်း စသည့်လုပ်ငန်းများဖြင့်လည်း ခရီးသွားများကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# စာဆိုရှိတ်စပီးယားဟာ အက်ဒွပ်ဒေဗရာ

ချစ်နိုင်(စိတ်ပညာ)



မြန်မာစာရေးဆရာများအနက် စာရေးသက်အနှစ် ၅၀ ကာလကြာမျှ စာပေကို အဆက်မပြတ်ဆိုရမလောက် ကြိုးကြိုးစားစား ရေးသားသောစာရေးဆရာမျိုးက ရှားပါ၏။ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး စသည် ရေးသားကြသော စာရေးဆရာများအနက် နိုင်ငံတော်အစိုးရက တစ်နှစ်တစ်ကြိမ် စာဆိုတော်လ(နတ်တော်လဆန်း ၁ ရက်)နေ့မှာ ရွေးချယ်ချီးမြှင့်ပေးလေ့ရှိသော **"အမျိုးသားစာပေဆု"**ကို ငါးကြိမ်တိုင်တိုင် ဆွတ်ခူးရရှိဖူးသော စာရေးဆရာဦးရေကား များများမရှိလှပါ။ ရုပ်ရှင်အကယ်ဒမီဆုသာ လေးဆု၊ ငါးဆုရဖူးသူများချင်များမည်။ အမျိုးသားစာပေဆုကိုကား သုံးကြိမ်၊ လေးကြိမ်ရသူပင်လျှင် ရှားပါးပါသည်။

ရုရှားစာရေးဆရာကြီး လီယိုတော်စတွိုင်းရေးသားသော ဂန္ထဝင်ဝတ္ထုရှည်ကြီး **"စစ်နှင့်ငြိမ်းချမ်းရေး"**ကို အစအဆုံးဘာသာပြန်ခဲ့သည်။ တရုတ်ဂန္ထဝင်စာပေဝတ္ထုရှည်ခန်းဆောင်နီအိပ်မက်ကို ဘာသာပြန်ခဲ့သည်။ မြန်မာစာဖတ်ပရိသတ်ကို သူဖတ်စေချင်သည့် စာအုပ်ကောင်းများကို ကြိုးစား၍ ဘာသာပြန်လေ့ရှိသည်။ ဆာအာသာကိုနင်ဒွိုင်း၏ ရှားလော့ဟုမ်းဝတ္ထုများအားလုံးကို ဘာသာပြန်သည်။

ပင်ကိုရေးဝတ္ထုရှည် **"ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်"**စာအုပ်သည် ၁၂ ကြိမ်၊ ၁၃ ကြိမ် ထပ်မံပုံနှိပ်ရသည်ထိ စာဖတ်ပရိသတ်များက အားပေးခဲ့ကြသည်။ ဆရာမြသန်းတင့်သည် အုပ်လှငယ်၊ စောယွန်း၊ မင်းနန္ဒာ၊ မောင်သစ်တည်၊ ဇော်တိက၊ ထက်အောင်၊ ရဲအောင်ဇေ အစရှိသော ကလောင်ခွဲများဖြင့် စာနယ်ဇင်းများတွင် အမျှင်မပြတ်ပင်တိုင်ဒိုင်ခံပြီး ရေးတတ်သူဖြစ်သည်။ ဆရာကြီးမြသန်းတင့်ကား ၁၉၇၂၊ ၁၉၇၈၊ ၁၉၈၉၊ ၁၉၉၃၊ ၁၉၉၅၊ အမျိုးသားစာပေဆု ငါးကြိမ်ချီးမြှင့်ခံရသော စာရေးဆရာဖြစ်၏။

မြန်မာစာဖတ်ပရိသတ်အတွက် မိုးဂျာနယ်တွင် လစဉ်ဆက်ကာ ၇၄ ပုဒ် ရေးခဲ့သော ကဏ္ဍတစ်ရပ်ဆရာရေးသားခဲ့သည်။ ၁၉၉၁ ခုနှစ် ဩဂုတ်လမှ ၁၉၉၈ ခုနှစ် ဧပြီလထိ ရှစ်နှစ်ကြာမျှ သူမကွယ်လွန်မီထိပင် ဖြစ်လေသည်။ **"နိုင်ငံတကာ စာပေရှုခင်း"** အမည်ဖြင့် ရေးသားခဲ့သည့် ဆောင်းပါးများသည် ဂျွန်မက်ကီ၏ ကမ္ဘာ့စာပေ၏ဇာတ်ကြောင်း The Story of The World's Literature စာအုပ်ကို မြန်မာစာဖတ်ပရိသတ်နှင့် ဆီလျော်အောင် ကမ္ဘာ့စာပေလေ့လာသုံးသပ်ချက်များဖြစ်လေသည်။ ၂၀၁၇ ခုနှစ်မှာ တစ်ကြိမ်၊ ၂၀၁၈ ခုနှစ်မှာ တစ်ကြိမ် ပုံနှိပ်သည်။ ဆရာက အင်္ဂလိပ်စာရေးဆရာ၊ ပြဇာတ်ဆရာ ရှိတ်စပီးယားအကြောင်းကိုလည်း တစ်ခန်းတစ်ကဏ္ဍ ထိုစာအုပ်မှာ ရေးသားဖော်ပြခဲ့သည်။ အစဉ်အလာသိရှိခဲ့ကြသော ရှိတ်စပီးယားအတ္ထုပ္ပတ္တိသည် အငြင်းပွားမှုများဖြစ်ကြောင်းလည်း သိရသည်။ ယခင် မိမိတို့ဖတ်ဖူးခဲ့ကြသော ရှိတ်စပီးယားအကြောင်းမှာ အေဗွန်မြစ်ကမ်းဘေးရှိ စထရပ်ဖို့ဟူသည့် တောရွာလေးမှာ ၁၅၆၄ ခုနှစ်မှာ မွေးသည်။ အသက် ၁၈ နှစ်မှာ မိမိထက် အသက်အနည်းငယ်ပိုကြီးသော ထိုရွာက မိန်းကလေး အင်နီဟာသာဝေဆိုသူနှင့် လက်ထပ်သည်။ အသက် ၂၀ လောက်ရောက်တော့ လန်ဒန်မြို့သို့ရောက်လာသည်။ ဇာတ်ထဲလိုက်ပြီး ဇာတ်သမားဖြစ်သည်။ အသက် ၃၀ လောက်ရောက်သောအခါ ကဗျာဆရာ၊ ပြဇာတ်ဆရာအဖြစ် ထင်ရှားလာသည်။ စာရေးဆရာ၊ ပြဇာတ်မန်နေဂျာ၊ ပြဇာတ်ရုံပိုင်ရှင်အဖြစ် စီးပွားရေးလမ်းဖြောင့်ခဲ့သည်။ သူ့အသက် ၄၅ နှစ်လောက်ရောက်သောအခါ စထရက်ဖို့ မွေးဇာတိရွာလေးသို့ ပြန်လာသည်။ ၁၆၁၀ ပြည့်နှစ် (သူ့အသက် ၄၆ နှစ်)မှာ ထိုရွာလေး၌ ကွယ်လွန်သည်။ ဤမျှသာဖြစ်သည်။

၁၇ ရာစုကာလ ဝိတိုရိယဘုရင်မကြီးကိုအကြောင်းပြု၍ ဝိတိုရိယခေတ်စာပေဟုခေါ်ခဲ့သော ထိုအချိန်က ပြဇာတ်ဆရာ၊ စာရေးဆရာများအနက် ၁၆၂၃ ခုနှစ်တွင် ပေါ်ထွက်ပုံနှိပ်ခဲ့သော ရှိတ်စပီးယားပြဇာတ်ပေါင်းချုပ် ပထမတွဲသည် အင်္ဂလိပ်စာပေလောကသာမက နိုင်ငံတကာစာပေနယ်ပယ်အဝန်း နှစ်ပေါင်းရှည်ကြာ ဂန္ထဝင်စာပေအဖြစ် ထင်ရှားကျော်ကြားအောင်မြင်ခဲ့လေသည်။ ထိုစာအုပ်ထုတ်ဝေသောအချိန်တွင် ရှိတ်စပီးယားကွယ်လွန်ပြီးသည်မှာ ၁၀ နှစ်ကျော်၊ ၁၃ နှစ်ပင်ရှိပေပြီ။ ထိုပြဇာတ်များကို ဥရောပနိုင်ငံများမှာ ကပြတင်ဆက်ကြသည်။ အင်္ဂလန်၊ လန်ဒန်မြို့တော်မှာလည်း ရှိတ်စပီးယား၏ပြဇာတ်များသည် အခြားပြဇာတ်ရေးဆရာများ၏ ပြဇာတ်ဝတ္ထုများထက် သိသာစွာအောင်မြင်ခဲ့ကြသည်။

အနှစ် ၂၀၀ လောက်ကြာညောင်းလာသောအခါတွင် စာပေဝေဖန်ရေးဆရာများ၊ အနုပညာသုံးသပ်သူများ၊ အင်္ဂလိပ်စာပေ ဆည်းပူးလေ့လာသူများက စထရက်ဖို့ကျေးရွာသားလေးက လန်ဒန်ပြဇာတ်လောကမှာ ဇာတ်ပို့ ကားဆွဲ၊ အထွေထွေလုပ်သားအဖြစ် အလုပ်ကြမ်းသမားသာသာဘဝ ဖြတ်သန်းခဲ့ရသူက ထီးမှုနန်းရာဇာတ်လမ်းဇာတ်ကွက်များ၊ ဂန္ထဝင်စာပေ၊ သမိုင်းရာဇဝင်များထဲက ဇာတ်ကောင်များနှင့် အချစ်ရေး၊ နိုင်ငံရေး၊ လူ့သဘောလူ့သဘာဝ၊ အားပြိုင်မှုများကို ဤမျှလှပခမ်းနားကောင်းမွန်အောင် ရေးနိုင်ပါ့မလား။ ငြင်းခုံချက်များ အဘက်ဘက်က ထွက်ပေါ်လာလေသည်။

၁၆၂၃ ခုနှစ်က ပုံနှိပ်ခဲ့သော ပြဇာတ်စာအုပ်ကို ရေးသူသည် အမှန်တကယ်က ဘယ်သူလဲ။

**၁။ စထရက်ဖိုမွား ရှိတ်စပီးယား (၁၅၆၄–၁၆၁၀)လား။**

**၂။ ဖရန်ဆစ်ဘေကွန် (မင်းမှုထမ်းစာဆို) (၁၅၆၁–၁၆၂၆)လား။**

**၃။ အောက်စဖို့ဒ်မြို့စားအမှတ်(၁၇)၊ အောက်စဖို့ဒ် မဟာဝိစ္စာဘွဲ့ရ၊ အက်ဒွပ်ဒေဗရာ (၁၅၅၀–၁၆၀၄)လား။**

ယခုအခါ နှစ်ပေါင်း ၄၀၀ တိတိ ကြာခဲ့ပြီဖြစ်သော အေဗွန်မြစ်ကမ်းပေါ်က စထရက်ဖို့တောရွာလေးမှ ရှက်စပယ်ယာ (Shakspere) ပါပဲဟု ယူဆခဲ့ကြသော ပထမဆုံးအကြိမ် ရှက်စပယ်ယာအတ္ထုပ္ပတ္တိ ၁၇၀၉ ခုနှစ် ရေးခဲ့သော ဝီလီယံရိုးဝီး (William Rowe) ကို ယခုအခါ မယုံကြည်ကြတော့ပေ။

အခြေခံပညာကောင်းခဲ့ပြီး သူကောင်းမျိုးစစ်စစ်ဖြစ်သည့်အပြင် နန်းတွင်းရေးအနေအထိုင်အကြောင်းများကိုလည်း အတွင်းကျကျသိနေသူ၊ အခြားသူများက အားလပ်ချိန်ရသူ၊ ပြဇာတ်ရေးချိန်ရသူ၊ ပါရမီရှိသူ၊ အရည်အသွေးထူးခြားထက်မြက်သူဟု ယူဆခံရသူကား အောက်စဖို့ဒ်မြို့စား အမှတ် (၁၇) အက်ဒွပ်ဒေဗရာ (Edward Devere) (၁၅၅၀-၁၆၀၄)ဖြစ်မည်သေချာသည်ဟု အထောက်အထားအချက်အလက်ပေါင်းများစွာနှင့် ဖော်ပြထင်ရှားလာခဲ့ပြီ။

အဟောင်းအဟောင်းတို့သည် ပြောင်းလဲသွားကြစမြဲဖြစ်သည်။ အသစ်အသစ်တို့သည် ဖြစ်ထွန်းပေါ်ပေါက်လာကြသည်။ သို့ရာတွင် ကမ္ဘာကျော် အင်္ဂလိပ်ထိပ်တန်းစာဆို ဝီလီယမ်ရှိတ်စပီးယားဆိုသူသည် ယခင်က ထင်မှတ်ယုံကြည်ထားခဲ့ကြသော ယခင်စထရက်ဖို့တောရွာဇာတိ ဇာတ်သမားမဟုတ်တော့ဘဲ အောက်စဖို့ဒ်မြို့စား အမှတ်(၁၇) အက်ဒွပ်ဒေဗရာက သူ၏အမည်ရင်းကို မထုတ်ဖော်ချင်သောအကြောင်းရှိသဖြင့် ရှိတ်စပီးယားအမည်ခံပြီး ရေးသားထုတ်ဝေခဲ့ကြောင်း ထောက်လှမ်းစူးစမ်း၍ သုတေသနပြုကြသူများက တွေ့ရှိသိမြင်ခဲ့ကြပြီ။

၂၀ ရာစုနှင့် မတူတော့သော ၂၁ ရာစု၏ ထူးခြားပြောင်းလဲခြင်းများတွင် ဤတွေ့ရှိချက်သည် နှစ်ပေါင်း ၂၀၀ သို့မဟုတ် နှစ်ပေါင်း ၄၀၀ ကမ္ဘာ့စာပေသမိုင်းထဲက စာဆိုပုဂ္ဂိုလ်တစ်ဦး၏ အတ္ထုပ္ပတ္တိပြောင်းလဲမှုကြီးဖြစ်သဖြင့် ထူးခြားကြီးမားပါပေသည်။

ဝီလီယမ်ရှိတ်စပီးယားကလောင်အမည်၏ မူရင်းလူပုဂ္ဂိုလ်ကား ထိုအချိန်က အောက်စဖို့မြို့စား အက်ဒွပ်ဒေဗရာဖြစ်သည်ဆိုသောအခါ ပညာရှင်များစွာက ထပ်မံစိစစ်ကြပြီး အတည်ပြုလက်ခံလာကြပြီဆိုမှ မှတ်တမ်း၊ သမိုင်း၊ စာပေအတ္ထုပ္ပတ္တိတို့မှာ ပြင်ဆင်ပြောင်းလဲကြရလေသည်။ အမှန်သိသူနည်းသေးသည်။

မြန်မာ့စွယ်စုံကျမ်းမှာ ပြင်ပြီးပြီလား။ မပြင်သေးဘူးလားတော့ သတိမထားမိပါ။

"ကမ္ဘာကြီးကို ပြောင်းလဲစေခဲ့သော ပုဂ္ဂိုလ် ၁၀၀" အမည်ရှိစာအုပ်ကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့ကြသူနှစ်ဦး၊ သုံးဦးရှိခဲ့ဖူးပါသည်။ ထိုစာအုပ်ထဲတွင် ဝီလီယမ်ရှိတ်စပီးယားအတ္ထုပ္ပတ္တိပါခဲ့ပေသည်။ ပထမမူရင်းပြုစုသူ မိုက်ကယ်အိပ်ချ်ဟတ် ၁၉၇၈ ခုနှစ်မှာ ထုတ်ဝေခဲ့သည်။ အားမာန်သစ်စာပေက သန်းဝင်းလှိုင်လည်း ဘာသာပြန်ခဲ့သည်။ ဒေါက်တာ သန်းထွန်းက ကျော်စွာ ၁၀၀ အမည်ဖြင့် အတွဲများခွဲ၍ ရေးခဲ့သည်။

ပေါင်းချုပ်စုပြီး ဒုတိယအကြိမ် ၂၀၁၀ ပြည့်နှစ် မတ်လတွင် ထုတ်ဝေသောအခါ သမိုင်းပါမောက္ခအငြိမ်းစားဆရာကြီး ဒေါက်တာသန်းထွန်းသည် ပထမအကြိမ် သူဘာသာပြန်ခဲ့သောစာအုပ်မဟုတ်တော့ဘဲ ၁၉၉၂ ခုနှစ် ဒုတိယအကြိမ် တည်းဖြတ်ပြင်ဆင်ပုံနှိပ်သော မိုက်ကယ်အိပ်ချ်ဟတ်၏မူကိုယူ၍ ဘာသာပြန်ရပြန်လေသည်။ ၁၉၇၈ ခုနှစ်က ပထမအကြိမ်မှာ ဖော်ပြခဲ့သော ဝီလီယမ်ရှိတ်စပီးယားအကြောင်းမဟုတ်တော့ဘဲ စင်စစ် ဝီလီယမ်ရှိတ်စပီးယားအမည်ခံပြီး အမှန်တကယ်ရေးခဲ့သူကား **"အောက်စဖို့ဒ်မြို့စား အမှတ် (၁၇) အက်ဒွပ်ဒေဗရာ (၁၅၅၀–၁၆၀၄)"** ဖြစ်နေကြောင်း မူရင်းပြုစုသူ မိုက်ကယ်အိပ်ချ်ဟတ်ပြောင်းလဲပြင်ဆင်ချက်အတိုင်း **"ကျော်စွာ ၁၀၀"** စာအုပ်တွင် ဖော်ပြလေသည်။

ဆရာကြီး ဒေါက်တာသန်းထွန်း ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာ ၂၂ ရက်မှာ ဘာသာပြန်ပြုစုပြီးစီးခဲ့ပြီး ၂၀၁၀ ပြည့်နှစ် မတ်လတွင် ပုံနှိပ်ထုတ်ဝေသော ကျော်စွာ ၁၀၀ စာအုပ်အကြောင်း မိမိရေးလိုလှသည်။ သို့ရာတွင် ရှိတ်စပီးယားအတ္ထုပ္ပတ္တိပြဿနာက သေးသေးမွှားမွှားမဟုတ်။ ရှိတ်စပီးယားသည် စထရက်ဖို့တောရွာကတက်လာသော သာမန်ဇာတ်သမားဟုတ်ပါ၏လော စောကြောမှုများနောက်တွင် နှစ်ပေါင်းများစွာ လေ့လာသုတေသနပြုခြင်းနှင့် ငြင်းခုံကြသောဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများ ရှိခဲ့လေသည်။ ဖရန်ဆစ်ဘေကွန်ဖြစ်နိုင်လောက်သည်ဟု တွက်ဆခန့်မှန်းချက်များလည်း အဆိုတင်သူက တင်ပြခဲ့ကြသည်။ နောက်တော့ ပျက်ပြယ်သွားသည်။

ယခုအခါ ကမ္ဘာကို လွှမ်းမိုးခဲ့သောပုဂ္ဂိုလ်ကျော် ၁၀၀ ဆိုသော **"ကျော်စွာ ၁၀၀"**စာအုပ် ဒုတိယအကြိမ် ပြင်ဆင်တည်းဖြတ်ပုံနှိပ်ခြင်းမှာတော့ အက်ဒွပ်ဒေဗရာဟု အခိုင်အမာကောက်ချက်ချထားလေပြီ။ အကယ်၍ ဤအချက်ကို လက်မခံနိုင်ပါ။ သဘောမတူနိုင်ပါဟု ဆိုချင်သူရှိပါက မိုက်ကယ်အိပ်ချ်ဟတ်က ချာလတန်အော့ဂ်ဘန်း (Charlton Ogburn) ရေးသားသော "လျှို့ဝှက်ချက်များတဲ့ ဝီလီယမ်ရှိတ်စပီးယား" (The Mysterious William Shakespeare) စာအုပ်ကိုသာ ဖတ်ကြည့်ကြပါဟု ညွှန်းဆိုထားလေသည်။ အခိုင်အမာယုံကြည်ရလိမ့်မည်တဲ့။

အစစ်အမှန်က ဘယ်သူဘယ်ဝါပင်ဖြစ်ပါစေ စာဆိုရှိတ်စပီးယား၏ စာပေလက်ရာများသည်ကား ဂန္ထဝင်ပြဇာတ်စာပေကောင်းများအဖြစ် ဆက်လက်ရပ်တည်နေမည်သာဖြစ်ပါ၏။ ရှိတ်စပီးယားရေးသားခဲ့သော ပြဇာတ်များ၏ ကမ္ဘာကျော်ပျံ့နှံ့အောင် ကောင်းမွန်ခြင်းနှင့် နှစ်ကာလ ၄၀၀ ကြာအောင် ခိုင်မာအားပေးခံရခြင်းအကြောင်းရင်းလက္ခဏာများကို ဆရာကြီးမြသန်းတင့် (၁၉၂၉-၁၉၉၈) က အောက်ပါ အားသာချက်များကြောင့်ဖြစ်သည်ဟု သုံးသပ်ဖော်ပြခဲ့သည်။

**၁။ ဇာတ်လမ်းကောင်းခြင်း**

**၂။ ဇာတ်ကွက်များကောင်းခြင်း**

**၃။ ဇာတ်ဆောင်စရိုက်အဖွဲ့ကောင်းခြင်း**

**၄။ စကားအသွားအလာကောင်းခြင်းနှင့် ထိုစကားတို့ကို ဖွဲ့ဆိုရာ၌ လင်္ကာအဖွဲ့အနွဲ့ ပြောင်မြောက်ခြင်း**

**၅။ လုပသောကဗျာလင်္ကာအဖွဲ့အနွဲ့များ– များလည်းများခြင်း(အားထုတ်ထားခြင်း)**

**၆။ ရှိတ်စပီးယား၏ စကားအသုံးအနှုန်း၊ လင်္ကာအဖွဲ့အနွဲ့များသည် မည်သည့်ခေတ်မှာပင်ဖြစ်စေ လတ်ဆတ်နေခြင်း**

(ဆရာမြသန်းတင့်က သာဓက ကဗျာလင်္ကာများကို ဘာသာပြန်၍ပြခဲ့ပါသည်)

**၇။ စကားလုံးများကို အကောင်းဆုံးရွေးသုံးစွဲနိုင်ခြင်း။**

စာပေတာဝန်ထမ်းဆောင်ရာတွင် စေတနာကြီးမားကြသော ဆရာကြီး ဒေါက်တာသန်းထွန်း၊ ဆရာကြီးမြသန်းတင့်တို့၏ အပင်ပန်းခံစွမ်းဆောင်နိုင်ကြခြင်းကို ချီးကျူးဂုဏ်ပြုပါ၏။ ထိုပုဂ္ဂိုလ်နှစ်ဦးစလုံးတို့သည် အသက် ၂၀ မပြည့်သေးမီကပင် လွတ်လပ်ရေးလှုပ်ရှားမှုများတွင် အသက်ပေး၍ ပါဝင်လှုပ်ရှားခဲ့ကြသော မျိုးချစ်နိုင်ငံရေး လူငယ်လေးများဖြစ်ခဲ့ကြပေသည်။ အိုမင်းသည့်တိုင် နိုင်ငံနှင့်လူမျိုး ကောင်းကျိုးဆောင်ကြလေသည်။

❖ အခြေခံပညာကောင်းခဲ့ပြီး သူကောင်းမျိုးစစ်စစ်ဖြစ်သည့်အပြင် နန်းတွင်းရေးအနေအထိုင်အကြောင်းများကိုလည်း အတွင်းကျကျသိနေသူ၊ အခြားသူများက အားလပ်ချိန်ရသူ၊ ပြဇာတ်ရေးချိန်ရသူ၊ ပါရမီရှိသူ၊ အရည်အသွေးထူးခြားထက်မြက်သူဟု ယူဆခံရသူကား အောက်စဖို့ဒ်မြို့စား အမှတ် (၁၇) အက်ဒွပ်ဒေဗရာ (Edward Devere) (၁၅၅၀-၁၆၀၄)ဖြစ်မည်သေချာသည်ဟု အထောက်အထားအချက်အလက်ပေါင်းများစွာနှင့် ဖော်ပြထင်ရှားလာခဲ့ပြီ။ ❖

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# မြတ်ပညာ

\- လောကဝယ် အမှောင်ခွင်း
ပညာအလင်း ထိန်ထိန်သာ၊
လူသားတွေ အကျိုးအတွက်
ထမ်းရွက်ခါခါ၊
လောကရဲ့ မြတ်ရတနာ
တန်ဖိုးဟာ အနှ္ဂ၊
အမှားအမှန် အကောင်းအဆိုး
ကြောင်းကျိုးရှင်းပြ။

\- လူသားတွေ သူငါစလို့
သင်ယူကြ ပညာကို၊
ပညာရှာ သူဖုန်းစား
ဆိုစကားလို၊
သုတရသ စာထိုထို
ဖတ်မှတ်ပို ဘဝလမ်း၊
ပညာကို အဖော်ပြုလို့
ရှေးရှုလျှောက်လှမ်း။

\- ပညာအမွေ လက်ဆင့်ကမ်း
အမှောင်လမ်း ကမ္ဘာဝယ်၊
နေရောင်မှာ နှင်းပျောက်သလိုပဲ့
ထွန်းတောက်လူငယ်၊
နိုင်ငံ့အကျိုး ဆောင်ရွက်သယ်
လောကအလယ် မျက်နှာပန်း၊
ပညာဉာဏ် ဂုဏ်ကျေးဇူးနဲ့
ထူးကဲပွင့်လန်း။ ။

**ချစ်သက်(မြန်မာစာ)**

# စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ၂၆၁၂၄ ဧက ရိတ်သိမ်းပြီးစီး

**စစ်ကိုင်း ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ၂၆၁၂၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၆၁၂၄ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပျမ်းမျှ ၈၃ ဒသမ ၅၁ တင်းထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ မိုးစပါး ၂၆၁၂၄ ဧက စိုက်ပျိုးနိုင်ခဲ့တယ်။ အခု စိုက်ပျိုးထားတဲ့မိုးစပါးစိုက်ခင်းတွေ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးတာတွေ၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိစေဖို့၊ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၂၆၁၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၂၆၁၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးစပါးစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနည်းများ၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းများကို အသိပညာပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)



# ရေကြည်မြို့နယ် ကျေးရွာနှစ်ရွာ၌ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ရေကြည် ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် အကယ်ကြီးကြို့ကုန်းကျေးရွာနှင့် ဆီဆုံကုန်းကျေးရွာတွင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်သည့် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးမျိုးမျိုး၊ ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဌေး၊ ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် တာဝန်ရှိသူများက တင်ဒါအောင်မြင်သည့် ZLT ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူး ဦးမျိုးမျိုးက လိုအပ်သည်များ မှာကြားခဲ့သည်။

အကယ်ကြီးကြို့ကုန်းကျေးရွာ ဆိုလာရေတင်စနစ် စိုက်ပျိုးရေရရှိရေးလုပ်ငန်းသည် 5.5Hp (8") incline Pump၊ 7.5kw Inverter &9.9kw Solar တပ်ဆင်ခြင်းဖြစ်ပြီး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၀ ဒသမ ၀၀၃ သန်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဆီဆုံကုန်းကျေးရွာ ဆိုလာရေတင်စနစ် စိုက်ပျိုးရေရရှိရေးလုပ်ငန်းသည် 3Hp Centrifugal Pump, 4kw Inverter & 5.4 kw Solar တပ်ဆင်ခြင်းဖြစ်ပြီး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃ ဒသမ ၉၄၅ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ZLT ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် တာဝန်ယူဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေထံမှ သိရသည်။

**တေဇလင်း**

# ပင်လောင်းမြို့နယ် ဟန်းအင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပင်လောင်း ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လိန်းညားကျေးရွာအုပ်စု ဟန်းအင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာကဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းခဲ့သည်။

ဟန်းအင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာဖြည့်သွင်းထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း ၁၈၀ ကို အသုံးပြုကာ ကျေးလက်ရေရရှိရေးလုပ်ငန်းဖြစ်သည့် ဂါလန် ၂၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းထံမှ သိရသည်။

**မောင်နိုင်**

# နိုင်ငံတကာ သတင်းများ

## သမ္မတရွေးကောက်ပွဲဆိုင်းငံ့ကြောင်း ဆီနီဂေါသမ္မတ မက်ကေးဆောလ်ကြေညာ

**ဒါကာ ဖေဖော်ဝါရီ ၄**

ဖေဖော်ဝါရီ ၂၅ရက်တွင် ကျင်းပမည့် ဆီနီဂေါသမ္မတရွေးကောက်ပွဲကို ဆီနီဂေါသမ္မတ မက်ကေးဆောလ်က ဖေဖော်ဝါရီ ၃ ရက်တွင် ကာလရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

ရွေးကောက်ပွဲကျင်းပရန် ရက်သတ္တသုံးပတ်ကျော်မျှ အလိုတွင် သမ္မတ မက်ကေးဆောလ်က ရွေးကောက်ပွဲကို ကာလဆိုင်းငံ့ခဲ့ခြင်းဖြစ်သည်။

ရွေးကောက်ပွဲဆိုင်ရာပြဿနာများကြောင့် ဖေဖော်ဝါရီ ၂၅ ရက် သမ္မတရွေးကောက်ပွဲကို ကာလရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်းသမ္မတ မက်ကေးဆောလ်က ရုပ်သံမိန့်ခွန်းမှတစ်ဆင့် ကြေညာခဲ့သည်။

ရွေးကောက်ပွဲ ကျင်းပမည့်အချိန်ကို သမ္မတမက်ကေးဆောလ်က ရက်အကန့်အသတ်မရှိရွှေ့ဆိုင်းခဲ့မှုကြောင့် ဆီနီဂေါနိုင်ငံ၏ရွေ့ရေးမှာ မရေမရာဖြစ်လာခဲ့ပြီဖြစ်သည်။

ရွေးကောက်ပွဲများကျင်းပချိန်ရွှေ့ဆိုင်းခဲ့မှုနှင့်ပတ်သက်၍ သမ္မတမက်ကေးဆောလ်၏ ဆုံးဖြတ်ချက်ကို ဥပဒေကြောင်းအရ စိန်ခေါ်မည်ဖြစ်ကြောင်း ဆီနီဂေါအတိုက်အခံများက ပြောကြားထားသည်။

သမ္မတ မက်ကေးဆောလ်သည် သမ္မတရွေးကောက်ပွဲကျင်းပချိန်ကို ဆိုင်းငံ့ထားသော်လည်းရွေးကောက်ပွဲကျင်းပပေးနိုင်မည့်နေ့ကိုကြေညာခြင်းမရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



## အီတလီနောက်ဆုံးဘုရင်၏ တစ်ဦးတည်းသောသား မင်းသားကြီးဗစ်တိုရီယိုအီမန်နျူရယ် ကွယ်လွန်

**ဂျီနီဗာ ဖေဖော်ဝါရီ ၄**

အီတလီနောက်ဆုံးဘုရင် အမ်ဘာတို-၂ ၏ တစ်ဦးတည်းသောသားဖြစ်သည့် မင်းသားကြီးဗစ်တိုရီယိုအီမန်နျူရယ်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကွယ်လွန်ခဲ့ကြောင်း ဖေဖော်ဝါရီ ၃ ရက် သတင်းများအရ သိရသည်။

မင်းသားကြီး ဗစ်တိုရီယိုအီမန်နျူရယ်သည် ဖေဖော်ဝါရီ ၃ ရက်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်ပြီး ကွယ်လွန်ချိန်တွင် အသက် ၈၆ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

မင်းသားကြီး ဗစ်တိုရီယိုအီမန်နျူရယ်သည် ဖခင်ဖြစ်သူ ဘုရင်အမ်ဘာတို-၂ ထီးနန်းစွန့်လွှတ်ခဲ့ရပြီးနောက် အသက်ကိုးနှစ်အရွယ်မျှဖြင့် အီတလီနိုင်ငံမှထွက်ခွာခဲ့ရသူဖြစ်သည်။

ဘုရင်အမ်ဘာတို-၂ သည် အီတလီဘုရင်စနစ်ကိုဖျက်သိမ်း၍ သမ္မတနိုင်ငံ တည်ထောင်ရေးအတွက် ၁၉၄၆ ခုနှစ်တွင်ပြုလုပ်ခဲ့သော လူထုဆန္ဒခံယူပွဲရလဒ်များအရ ထီးနန်းစွန့်၍ အီတလီနိုင်ငံမှ ထွက်ခွာခဲ့ရသူဖြစ်သည်။


အီတလီဖွဲ့စည်းပုံအခြေခံဥပဒေတွင် မင်းသားကြီးဗစ်တိုရီယိုအီမန်နူရယ်၏မိသားစုအတွင်းမှအမျိုးသားမိသားစုဝင်များကို အီတလီသို့ ပြန်လာခွင့် ပိတ်ထားသော်လည်း ဗစ်တိုရီယိုအီမန်နျူရယ် ကိုယ်တိုင်ကမူ ၂၀၂၂ ခုနှစ်တွင် အီတလီသို့ ခေတ္တခဏပြန်ခွင့်ရရှိခဲ့သည်။

မင်းသားကြီး ဗစ်တိုရီယိုအီမန်နူရယ်၏ မိဘများဖြစ်ကြသည့် ဘုရင်အမ်ဘာတို-၂ နှင့်မိဖုရားမာရီယာဟိုဆေးတို့သည် နန်းသက်တစ်လကျော်မျှဖြင့် နန်းစွန့်ပေးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## မော်လ်ဒိုက်နိုင်ငံရှိ တပ်ဖွဲ့ဝင်များကို အိန္ဒိယအစိုးရပြန်လည်ခေါ်ယူမည်




**မာလီ ဖေဖော်ဝါရီ ၄**

ယခုနှစ်မေလအတွင်း မော်လ်ဒိုက်နိုင်ငံရှိ အိန္ဒိယတပ်ဖွဲ့ဝင်များကို အိန္ဒိယအစိုးရက ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း မော်လ်ဒိုက်နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အိန္ဒိယနိုင်ငံအနေဖြင့် မော်လ်ဒိုက်၌ တပ်စွဲထားသောတပ်ဖွဲ့ဝင်ဦးရေ ၈၀ တို့နေရာတွင် အရပ်သားဝန်ထမ်းများဖြင့် အစားထိုးရန် စီစဉ်ထားကြောင်း အိန္ဒိယနှင့် မော်လ်ဒိုက်နှစ်နိုင်ငံစလုံးက ပြောကြားထားသည်။

မော်လ်ဒိုက်နိုင်ငံ၌ အိန္ဒိယထက် တရုတ်နိုင်ငံကိုပိုလိုလားသည့် လက်ရှိသမ္မတ မူအစ်ဇူအာဏာရရှိခဲ့ပြီးနောက်ပိုင်း အိန္ဒိယနှင့် မော်လ်ဒိုက်နိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာခဲ့ရသည်။

သမ္မတ မူအစ်ဇူသည် အိန္ဒိယဦးစားပေးမူဝါဒကို အဆုံးသတ်ရေးကတိကဝတ်ဖြင့် ၂၀၂၃ ခုနှစ် မော်လ်ဒိုက်သမ္မတရွေးကောက်ပွဲ၌ အနိုင်ရခဲ့သူဖြစ်ကြောင်း သိရသည်။

ယခုနှစ် မတ် ၁၅ ရက်အရောက်တွင် မော်လ်ဒိုက်၌တပ်စွဲထားသည့် အိန္ဒိယတပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းရန် သမ္မတမူအစ်ဇူက တောင်းဆိုထားကြောင်း သိရသည်။

သို့သော် လက်ရှိရယူထားသော သဘောတူညီချက်အရ မော်လ်ဒိုက်ရှိ အိန္ဒိယတပ်ဖွဲ့ဝင်များအနက် ပထမအကြိမ်မှာ မတ် ၁၀ ရက်တွင် မော်လ်ဒိုက်မှ ထွက်ခွာမည်ဖြစ်ပြီး ကျန်တပ်ဖွဲ့ဝင်များမှာ မေ ၁၀ ရက်တွင် ထွက်ခွာရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းနှင့် ဇနီးတို့ကို လက်ထပ်ထိမ်းမြားမှုဥပဒေချိုးဖောက်မှုဖြင့် ထောင်ဒဏ်ချမှတ်

**အစ္စလာမ်မာဘတ် ဖေဖော်ဝါရီ ၄**

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းနှင့် ဇနီးဖြစ်သူတို့ကို လက်ထပ်ထိမ်းမြားမှုဆိုင်ရာဥပဒေချိုးဖောက်မှုဖြင့် ပါကစ္စတန်တရားရုံးက ဖေဖော်ဝါရီ ၃ ရက်တွင် ထောင်ဒဏ်ခုနစ်နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ်တွင် လက်ထပ်ခဲ့ကြသည့် ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းနှင့် ဇနီး ဘူရှရာဘီဘီတို့သည် လက်ထပ်ထိမ်းမြားမှုဆိုင်ရာဥပဒေကို ချိုးဖောက်ခဲ့ကြောင်း ပါကစ္စတန်တရားသူကြီးများက ပြောကြားခဲ့သည်။

အီမရန်ခန်းနှင့် လက်ထပ်ခဲ့စဉ်က ဘူရှရာဘီဘီသည် လင်သားနှင့် ကွာရှင်းထားသော အမျိုးသမီးများအနေဖြင့် ကွာရှင်းပြီးအနည်းဆုံး သုံးလကြာမှသာ အိမ်ထောင်သစ်ထူခွင့်ရှိသည်ဟူသော လက်ထပ်ထိမ်းမြားမှုဆိုင်ရာ ဥပဒေကို ချိုးဖောက်ခဲ့ကြောင်း ပါကစ္စတန်တရားသူကြီးများက ပြောကြားထားသည်။

ဖေဖော်ဝါရီ ၃ရက် ပြစ်ဒဏ်စီရင်ချက်သည် ၂၀၂၂ ခုနှစ်နောက်ပိုင်း ပါကစ္စတန်တရားရုံးများက ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းအပေါ် ချမှတ်ခဲ့သောစတုတ္ထမြောက် ပြစ်ဒဏ်စီရင်ချက်ဖြစ်သည်။

အဆိုပါပြစ်ဒဏ် စီရင်ချက်လေးခုအရ ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းသည် စုစုပေါင်း ထောင်ဒဏ် ၃၄ နှစ်ကို ကျခံရမည်ဖြစ်သည်။

အီမရန်ခန်း၏ တတိယဇနီး ဘူရှရာဘီဘီသည် ခင်ပွန်းဟောင်းနှင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကွာရှင်းပြီးနောက် သုံးလမပြည့်မီမှာပင် အီမရန်ခန်းနှင့် လက်ထပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**


## သမ္မတဟောင်း ဇူးမားကို ပါတီဝင်အဖြစ်မှ အေအင်န်စီပါတီ ထုတ်ပယ်

**ဂျိုဟန်နက်စဘတ် ဖေဖော်ဝါရီ ၄**

တောင်အာဖရိကနိုင်ငံ၏ လက်ရှိ အာဏာရအာဖရိကကွန်ဂရက်ပါတီ (အေအင်န်စီ)သည် သမ္မတဟောင်း ဂျက်ကော့ဘ်ဇူးမားကို ပါတီဝင်အဖြစ်မှ ထုတ်ပယ်ထားကြောင်း ဖေဖော်ဝါရီ ၃ ရက် သတင်းများအရ သိရသည်။

ယခုနှစ်အတွင်း ကျင်းပမည့် အမျိုးသား ရွေးကောက်ပွဲများ၌ အေအင်န်စီပါတီအစား အခြားနိုင်ငံရေးပါတီသစ်တစ်ခုကို ထောက်ခံမည်ဖြစ်ကြောင်း ဂျက်ကော့ဘ်ဇူးမားက ကြေညာခဲ့ပြီးနောက် အေအင်န်စီပါတီက ၎င်းကိုပါတီဝင်အဖြစ်မှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

သမ္မတဟောင်း ဂျက်ကော့ဘ်ဇူးမားသည် ၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ တောင်အာဖရိကနိုင်ငံကို ကိုးနှစ်တိုင်တိုင်ဦးဆောင်ခဲ့သည်။



သို့သော် ၎င်း၏ဦးဆောင်မှုအောက်တွင် တောင်အာဖရိကနိုင်ငံမှာ အဂတိလိုက်စားမှုပြဿနာ၊ စီးပွားရေးဖွံ့ဖြိုး တုံ့နှေးမှုပြဿနာတို့နှင့် ရင်ဆိုင်ခဲ့ရသည်။

သမ္မတဟောင်း ဇူးမားသည် ၂၀၁၈ ခုနှစ်အတွင်း အေအင်န်စီပါတီခေါင်းဆောင်ရာထူးစွန့်ခဲ့ရပြီးနောက် အေအင်န်စီပါတီ ခေါင်းဆောင်များနှင့် သဘောထားကွဲလွဲခဲ့သည်။

တောင်အာဖရိက နိုင်ငံသည် ယခုနှစ် မေလနှင့် ဩဂုတ်လကြား တစ်ချိန်ချိန်တွင် အမျိုးသားရွေးကောက်ပွဲများ ကျင်းပဖွယ်ရှိကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံက ဂျီလီ-၀၂ ဂြိုဟ်တုအုပ်စုဝင် ဂြိုဟ်တု ၁၁ စင်းကို လောင်းမတ်ချ်-၂ စီ ဒုံးပျံဖြင့် ဖေဖော်ဝါရီ ၃ ရက်တွင် လွှတ်တင်ခဲ့



**ပေကျင်း ဖေဖော်ဝါရီ ၄**

တရုတ်နိုင်ငံသည် ဂျီလီ-၀၂ ဂြိုဟ်တုအုပ်စုဝင် ဂြိုဟ်တု ၁၁ စင်းကို လောင်းမတ်ချ်-၂ စီဒုံးပျံဖြင့် ဖေဖော်ဝါရီ ၃ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျီလီ-၀၂ ဂြိုဟ်တုများ သယ်ဆောင်ထားသော လောင်းမတ်ချ်-၂ စီ ဒုံးပျံကို တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ရှီချန်းအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၃ ရက် မစ်ရှင်သည် ရှီချန်းအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့သော အကြိမ် ၂၀၀ မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၂ စီ ဒုံးပျံသည် သယ်ဆောင်ထားသော ဂျီလီ-၀၂ ဂြိုဟ်တုများကို ပဏာမပတ်လမ်းပေါ်သို့ ပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ရှီချန်း အာကာသစခန်း၏ ပထမဆုံးမစ်ရှင်ကို ၁၉၈၄ ခုနှစ် ဧပြီ ၈ ရက်တွင် စတင်လွှတ်တင်ခဲ့သည်။

တရုတ်နိုင်ငံ၌ အာကာသမစ်ရှင်များ လွှတ်တင်ရေးအတွက် ကုန်းတွင်းပိုင်း ဂြိုဟ်တုလွှတ်တင်ရေးစခန်းသုံးခု ရှိထားပြီး အဆိုပါ ဂြိုဟ်တု လွှတ်တင်ရေးစခန်းများမှာ တိုင်ယွန်အာကာသစခန်း၊ ချိုက္ကွမ်းအာကာသစခန်းနှင့် ရှီချန်းအာကာသစခန်းတို့ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## စမတ်ဒရာဂွန်-၃ ဒုံးပျံကို ပင်လယ်ရေပြင်မှတစ်ဆင့် တရုတ်နိုင်ငံ လွှတ်တင်ခဲ့

**ပေကျင်း ဖေဖော်ဝါရီ ၄**

တရုတ်နိုင်ငံသည် စမတ်ဒရာဂွန်-၃ ဒုံးပျံကို ဖေဖော်ဝါရီ ၃ ရက်တွင် ပင်လယ်ရေပြင်မှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဂြိုဟ်တုကိုးစင်း သယ်ဆောင်ထားသော စမတ်ဒရာဂွန်-၃ ဒုံးပျံကို ကွမ်တုန်းပြည်နယ် ယန်ကျန်းမြို့ ကမ်းလွန်ရေပြင် တစ်နေရာမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် စမတ်ဒရာဂွန်-၃ ဒုံးပျံသည် သယ်ဆောင်ထားသည့် ဂြိုဟ်တုများကို သတ်မှတ်ထားသော ပတ်လမ်းပေါ်သို့ ပို့ဆောင်နိုင်ခဲ့သည်။

ဖေဖော်ဝါရီ ၃ ရက် မစ်ရှင်သည် စမတ်ဒရာဂွန်-၃ ဒုံးပျံ၏ တတိယအကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

စမတ်ဒရာဂွန်-၃ ဒုံးပျံကို တရုတ်ဒုံးပျံနည်းပညာ အကယ်ဒမီက တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

စမတ်ဒရာဂွန်-၃ ဒုံးပျံသည် မြေပြင်နှင့် ပင်လယ်ရေပြင် နှစ်နေရာလုံးမှတစ်ဆင့် လွှတ်တင်နိုင်သောဒုံးပျံဖြစ်ကြောင်း သိရသည်။




**Ref : Xinhua News** **Trs : KKO**

## ကမ္ဘာဂြိုဟ်အတွက် အန္တရာယ်ရှိနိုင်သည့် ဂြိုဟ်သိမ်တစ်စင်းက ဖေဖော်ဝါရီ ၂ ရက်တွင် ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၄**

ကမ္ဘာဂြိုဟ်အတွက် အန္တရာယ်ရှိနိုင်သည့် ဂြိုဟ်သိမ်တစ်စင်းသည် ဖေဖော်ဝါရီ ၂ ရက်တွင် ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော် ပျံသန်းခဲ့ကြောင်း ဖေဖော်ဝါရီ ၃ ရက် သတင်းများအရ သိရသည်။



2008 OS 7 အမည်ရှိအဆိုပါ ဂြိုဟ်သိမ်သည် ဖေဖော်ဝါရီ ၂ ရက်တွင် ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း ၁ ဒသမ ၇၇ သန်းအကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါ အကွာအဝေးသည် 2008 OS 7 ဂြိုဟ်သိမ်နှင့် ကမ္ဘာဂြိုဟ်တို့ကြား နှစ်ပေါင်း ၁၀၀ အတွင်း အနီးဆုံးအကွာအဝေးဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်သိမ်သည် အရွယ်အစားအားဖြင့် အချင်း ၂၇၁ မီတာရှိရာ အားကစားရုံတစ်ရုံ၏ အရွယ်အစားမျှရှိသည်။

2008 OS 7 ဂြိုဟ်သိမ်သည် ကမ္ဘာမြေကို တစ်နာရီလျှင် မိုင် ၄၁၀၀၀ နှုန်းဖြင့် အနီးကပ်ဖြတ်ကျော် ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အရွယ်အစားအရ၊ ကမ္ဘာမြေကို အနီးကပ်ဖြတ်ကျော်နေသည့် အကွာအဝေးအရ 2008 OS 7 ဂြိုဟ်သိမ်ကို ကမ္ဘာမြေအတွက် အန္တရာယ်ရှိလာနိုင်သည့် ဂြိုဟ်သိမ်အဖြစ် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က သတ်မှတ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## Dementia လူနာ ၁၀ ဦးလျှင် တစ်ဦးက Dementia ရောဂါမဟုတ်ဘဲ ဦးနှောက်ဆဲလ်များ ထိခိုက်ပျက်စီးမှုပြဿနာကိုသာ ခံစားနေရနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၄**

ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ရှိသူ ၁၀ ဦးလျှင်တစ်ဦးသည် စင်စစ်အားဖြင့် Dementia ရောဂါမဟုတ်ဘဲ အသည်းခြောက်ရောဂါကြောင့် ဖြစ်ပွားတတ်သည့် ဦးနှောက်ဆဲလ်များ ထိခိုက်ပျက်စီးမှုပြဿနာကိုသာ ခံစားနေရခြင်းဖြစ်နိုင်ကြောင်း ဖေဖော်ဝါရီ ၃ ရက် သတင်းများအရ သိရသည်။

အသည်းခြောက်ရောဂါကြောင့် ဖြစ်ပွားတတ်သည့် ဦးနှောက်ဆဲလ်များ ထိခိုက်ပျက်စီးမှုပြဿနာကို Hepati Encephalopathy ဟူ၍ ဆေးပညာရှင်များက သတ်မှတ်ထားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ Dementia လူနာ ၁၀ ဦးလျှင် တစ်ဦးမှာရောဂါရှာဖွေဖော်ထုတ်မှု အမှားအယွင်းများကြောင့် Dementia ရောဂါခံစားနေရသူအဖြစ် သတ်မှတ်ခံနေကြရဖွယ်ရှိကြောင်း သိရသည်။

စင်စစ်အားဖြင့် ၎င်းလူနာများ ခံစားနေရသည့်ရောဂါမှာ Dementia ရောဂါမဟုတ်ဘဲ Hepatic Encephalopathy ရောဂါသာဖြစ်နိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

Hepatic Encephalopathy ရောဂါကို Dementia အဖြစ် မှားယွင်းသတ်မှတ်မှုကြောင့် ရောဂါအတွက် ကုထုံးရယူရန် နှောင့်နှေးကြန့်ကြာခြင်းများရှိလာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အသည်းပျက်စီးမှုကြောင့်သွေးအတွင်းရှိ အဆိပ်အတောက်ပစ္စည်းများ ဦးနှောက်တွင်းသို့ ရောက်သွားချိန်တွင် Hepatic Encephalopathy ရောဂါ ပေါ်လာတတ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## သဘာဝတောအုပ်မြက်ခင်းများ၌ လမ်းလျှောက်မှုက ဦးနှောက်ကျန်းမာရေးအတွက် အကျိုးရှိ

**နယူးယောက် ဖေဖော်ဝါရီ ၄**

သဘာဝ တောအုပ်မြက်ခင်းများ၌ လမ်းလျှောက်ထွက်မှုသည် မြို့တွင်းလမ်းလျှောက်ထွက်မှုထက် ပို၍ ဦးနှောက်ကျန်းမာရေးအတွက် အကျိုးရှိကြောင်း ဖေဖော်ဝါရီ ၃ ရက် သတင်းများအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ တောအုပ်မြက်ခင်းများ၌ လမ်းလျှောက်သွားလာနေကြသူများ၏ ဦးနှောက် စွမ်းဆောင်ရည်သည် မြို့တွင်း လမ်းလျှောက်သွားလာသူများ၏ ဦးနှောက်စွမ်းဆောင်ရည်ထက် ပို၍ထက်မြက်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သဘာဝနယ်မြေများ၌ လမ်းလျှောက်မှုသည် မှတ်ဉာဏ်၊ ဆုံးဖြတ်ချက်ချမှတ်မှု၊ ပြဿနာဖြေရှင်းမှုတို့နှင့် ပတ်သက်နေသော ဦးနှောက်နယ်မြေများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၉၂ ဦးတို့ကို အချိန်ယူ လေ့လာစောင့်ကြည့်ခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

အမေရိကန် သုတေသနပညာရှင်များသည် သဘာဝနယ်မြေများကြောင့် ဦးနှောက်အတွက်အကျိုးကျေးဇူးရှိမှုနှင့်ပတ်သက်၍ ဆက်လက်လေ့လာရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**






# ကွန်နာဘင်းက ပီတာဒေါ့ဘ်ဆင်ကိုအနိုင်ရရှိကာ ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်း

**လက်ခ်စ်ဗီးဂတ် ဖေဖော်ဝါရီ ၄**

ဝယ်လ်သာဝိတ်တန်း စိန်ခေါ်ပွဲစဉ် တစ်ပွဲအဖြစ် WBA Continental ဝယ်လ်သာဝိတ်တန်းချန်ပီယံ အင်္ဂလန်လက်ဝှေ့သမားကွန်နာဘင်းနှင့် စိန်ခေါ်သူ အမေရိကန်လက်ဝှေ့သမားပီတာဒေါ့ဘ်ဆင်တို့ ဖေဖော်ဝါရီ ၃ ရက်က အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် လက်စ်ဗီးဂတ်မြို့တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ကွန်နာဘင်းက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကွန်နာဘင်းသည် ဗြိတိန်လက်ဝှေ့အဖွဲ့ချုပ်၏ အရေးယူမှုဖြင့် ရင်ဆိုင်ထားရသည့်အတွက် စိန်ခေါ်ပွဲကို ဗြိတိန်အတွင်း ထိုးသတ်ခွင့်မရခဲ့ဘဲ အမေရိကန်နိုင်ငံတွင် သွားရောက်ထိုးသတ်ခဲ့ရခြင်းဖြစ်သည်။

ကွန်နာဘင်းနှင့် ပီတာဒေါ့ဘ်ဆင်တို့၏ပွဲစဉ်တွင် ကြိုးဝိုင်းဒိုင်အဖြစ် အမေရိကန်နာမည်ကြီးဒိုင်သောမတ်စ်တေလာက တာဝန်ယူသွားခဲ့ပြီး အမှတ်ပေးဒိုင်များအဖြစ် အမေရိကန် ဒိုင်များဖြစ်ကြသည့် တင်မ်ချိဟမ်၊ ဒေးဗစ်ဆက်တာလန်း၊ စတီဖ်ဝိုက်ဖီးက တာဝန်ယူခဲ့ကြသည်။

တင်မ်ချိဟမ်က (၁၁၉-၁၀၉) မှတ်ဖြင့်လည်းကောင်း၊ ဒေးဗစ်ဆက်တာလန်းနှင့် စတီဖ်ဝိုက်ဖီးတို့က (၁၁၈-၁၁၀)ရမှတ်ဖြင့်လည်းကောင်းကွန်နာဘင်းကို အနိုင်ပေးခဲ့သည်။

ကွန်နာဘင်းအနေဖြင့် ရမှတ်ပြတ်သားစွာဖြင့် အနိုင်ရရှိခဲ့ပြီး ရှုံးပွဲမရှိသေးသည့် စံချိန်ကို ထိန်းသိမ်းနိုင်ခဲ့သော်လည်း ပီတာဒေါ့ဘ်ဆင်ကို ရင်ဆိုင်ခဲ့သောထိုးသတ်ဟန်နှင့် ပတ်သက်ပြီး ကမ္ဘာ့ချန်ပီယံများ၏ ဝေဖန်မှုများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**





## အားကစားသတင်း အတိုအထွာများ

- ဂလာဘတ်အသင်းကို သုံးဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားခဲ့သည့် သောမတ်မူလာအနေဖြင့် အသင်းနှင့် ပြိုင်ပွဲစုံ ပွဲ ၅၀၀ ပြည့်မြောက်သည့် မှတ်တမ်းကောင်းကို ပိုင်ဆိုင်ခဲ့သည်။
- ဒူးဒဏ်ရာကြောင့် ကာလရှည်အနားယူနေရသည့် ခံစစ်ကစားသမား မီလီတာအိုအနေဖြင့် လာမည့် မတ်လကုန်တွင် အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်မည်ဖြစ်ကြောင်း နည်းပြအန်ဆယ်လော့တီက ထုတ်ဖော်ပြောကြားခဲ့သည်။
- လီဗာပူး၊ ချဲလ်ဆီးနှင့် ဘာစီလိုနာအသင်းတို့ကခေါ်ယူရန် ကြိုးပမ်းနေသည့် တောင်ပံကစားသမားဆာနေးက ဘိုင်ယန်မြူးနစ်အသင်းတွင်သာ ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက သက်တမ်းတိုးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **ML**

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၃) ရလဒ်

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၁ | - | ၁ | နော်တင်ဟမ် |
| ချဲလ်ဆီး | ၂ | - | ၄ | ဝုဗ် |
| မန်ယူ | ၃ | - | ၀ | ဝက်စ်ဟမ်း |
| အာဆင်နယ် | ၃ | - | ၁ | လီဗာပူး |

**(ဝ၄ဝ)**

# အာဖရိကဖလားပြိုင်ပွဲတွင် ပင်နယ်တီလေးကြိမ်ကာကွယ်နိုင်ခဲ့သည့် တောင်အာဖရိကအသင်း ဆီမီးဖိုင်နယ်တက်ရောက်





**ဂျိုဟန်နက်စဘတ် ဖေဖော်ဝါရီ ၄**

အာဖရိကဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ကိတ်ဗာဒီအသင်းနှင့် တောင်အာဖရိကအသင်းတို့ တွေ့ဆုံခဲ့ရာ တောင်အာဖရိကအသင်းက ပင်နယ်တီအဆုံးအဖြတ်တွင် လေးကြိမ်ထိကာကွယ်မှုပြုလုပ်နိုင်ခဲ့သဖြင့် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ယူ၍ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် တောင်အာဖရိကအသင်းသည် အုပ်စုအဆင့်တွင် ဒုတိယနေရာဖြင့် ၁၆ သင်းရှုံးထွက်အဆင့်တက်ရောက်ခဲ့သဖြင့် မော်ရိုကိုအသင်းနှင့်တွေ့ဆုံခဲ့ရာ နှစ်ဂိုးပြတ်ဖြင့်အနိုင်ရခဲ့သောကြောင့် ကွာတားဖိုင်နယ်အဆင့်တွင် ကိတ်ဗာဒီအသင်းနှင့် ကစားခဲ့ရသည်။

ယခုပွဲစဉ်သည် ခြေရည်တူအသင်းနှစ်သင်း ထိပ်တိုက်တွေ့ဆုံနေသောကြောင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း တောင်အာဖရိကအသင်းကသာ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပိုမိုပြုလုပ်နိုင်ခဲ့ပြီး ကိတ်ဗာဒီအသင်း ဂိုးသမား၏ လက်စွမ်းပြကာကွယ်မှုများကြောင့် ဦးဆောင်ဂိုးမရခဲ့ဘဲ ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့သောကြောင့် အချိန်ပိုဆက်လက်ကစားခဲ့ရသည်။

အချိန်ပိုတွင် နှစ်သင်းစလုံးက ဘောလုံးပိုင်ဆိုင်မှု အသားပေးကစားခဲ့သောကြောင့် သရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရကာ ကိတ်ဗာဒီအသင်း၏ ပင်နယ်တီငါးကြိမ်ကန်သွင်းမှုကို တောင်အာဖရိကဂိုးသမားဝီလျံက ကာကွယ်နိုင်ခဲ့သော်လည်း ကိတ်ဗာဒီအသင်းက တောင်အာဖရိကအသင်း၏ ပင်နယ်တီကန်သွင်းမှုကို နှစ်ကြိမ်သာ ကာကွယ်နိုင်ခဲ့သဖြင့် နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ်အဆင့်တွင် တောင်အာဖရိကအသင်းက နိုင်ဂျီးရီးယားအသင်းနှင့် ကစားရမည်ဖြစ်ပြီး ယင်းပွဲစဉ်ကို လာမည့် ဖေဖော်ဝါရီ ၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ဇန်နဝါရီအပြောင်းအရွှေ့ တန်ကြေးအမြင့်ဆုံးကစားသမားစာရင်းတွင် ဘာစီလိုနာအသင်းမှ ဗစ်တာရိုကွီ ထိပ်ဆုံး၌ရပ်တည်

**ဘာစီလိုနာ ဖေဖော်ဝါရီ ၄**

ယခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဥရောပထိပ်သီးကလပ်အသင်းများ အနေဖြင့် ထိပ်တန်းအဆင့် ကစားသမားခေါ်ယူမှုမပြုလုပ်ခဲ့ကြသောကြောင့် ဘာစီလိုနာအသင်းမှ တိုက်စစ်မှူး ဗစ်တာရိုကွီက ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၂၆ ဒသမ ၁ သန်းဖြင့် ပြောင်းရွှေ့ကြေး အမြင့်ဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ဗစ်တာရိုကွီသည် ဘာစီလိုနာအသင်းသို့ပြောင်းရွှေ့ရန် ပြီးခဲ့သည့်နွေရာသီ အပြောင်းအရွှေ့ကာလကတည်းက သဘောတူညီမှုရရှိခဲ့သော်လည်း ယခုအပြောင်းအရွှေ့မှသာ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၆ ဒသမ ၁ သန်းဖြင့် အပြီးသတ် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဘာစီလိုနာအသင်းနှင့်ပူးပေါင်းနိုင်ခဲ့သည်။

ဇန်နဝါရီ အပြောင်းအရွှေ့ကာလ ပြောင်းရွှေ့ကြေးအမြင့်ဆုံးကစားသမားစာရင်း၌ ဗစ်တာရိုကွီနောက်တွင် ဂလာတာစာရေးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ပြောင်းရွှေ့ခဲ့သည့် ဆာချာဘိုရေးက စတာလင်ပေါင် ၂၅ ဒသမ ၆ သန်းဖြင့် အဆင့်(၂)၊ ဂျီနိုအာအသင်းမှ စပါးအသင်းသို့ပြောင်းရွှေ့ခဲ့သည့် ဒရာဂူဆင်က စတာလင်ပေါင် ၂၅ သန်းဖြင့် အဆင့်(၃)၊ နာပိုလီအသင်းမှ လိုက်ပ်ဇစ်အသင်းသို့ ပြောင်းရွှေ့ခဲ့သည့် အယ်လ်မက်စ်က စတာလင်ပေါင် ၂၀ ဒသမ ၈ သန်းဖြင့် အဆင့်(၄)၊ မာဆေးအသင်းမှ အယ်ဟိုင်လာအသင်းသို့ ပြောင်းရွှေ့ခဲ့သည့် လိုဒီက စတာလင်ပေါင် ၁၉ ဒသမ ၈ သန်းဖြင့် အဆင့်(၅)တွင်ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**





# အာရှဖလားဆီမီးဖိုင်နယ်အဆင့်တွင် အီရန်အသင်းနှင့် အိမ်ရှင်ကာတာအသင်းတို့တွေ့ဆုံ

**ဒိုဟာ ဖေဖော်ဝါရီ ၄**

ကာတာနိုင်ငံတွင် ကျင်းပနေသည့် အာရှဖလားကွာတားဖိုင်နယ်အဆင့်တွင် အီရန်အသင်းက ဂျပန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ကာတာအသင်းက ဥဇဘက်ကစ္စတန်အသင်းကို ပင်နယ်တီဖြင့်လည်းကောင်းအနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်၌ ထိပ်တိုက်တွေ့ဆုံခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အီရန်အသင်းသည် ၁၆ သင်းရှုံးထွက်အဆင့်တွင် ဆီးရီးယားအသင်းနှင့် တွေ့ဆုံခဲ့ရာ ပင်နယ်တီအဆုံးအဖြတ်တွင် ငါးဂိုး သုံးဂိုးဖြင့်အနိုင်ရခဲ့သဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ ရောက်ရှိခဲ့ပြီး အာရှဖလားချန်ပီယံ လေးကြိမ်ထိရရှိခဲ့သည့် ဂျပန်အသင်းနှင့်တွေ့ဆုံခဲ့ရာ ပွဲကစားချိန်အတွင်း နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အိမ်ရှင် ကာတာအသင်းအနေဖြင့်လည်း ၁၆ သင်းအဆင့်တွင် ပါလက်စတိုင်းအသင်းကို ပွဲချိန်အတွင်း နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သဖြင့် ကွာတားဖိုင်နယ်အဆင့်တွင် ဥဇဘက်ကစ္စတန်အသင်းနှင့် တွေ့ဆုံခဲ့ရာ အိမ်ရှင်အားသာချက်ကြောင့် ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးနိုင်ခဲ့ရာ ပွဲချိန် ၂၇ မိနစ်ဦးဆောင်ဂိုးရရှိခဲ့သော်လည်း ပွဲချိန် ၅၉ မိနစ်တွင် ချေပဂိုးပြန်လည်ခွင့်ပြုခဲ့ရပြီး သရေရလဒ်ကြောင့် အချိန်ပိုနှင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ကာ ပင်နယ်တီတွင် သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ဆီမီးဖိုင်နယ်သို့ ရောက်ရှိခဲ့ပြီး အီရန်အသင်းနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

အီရန်အသင်းနှင့် ကာတာအသင်းတို့၏ ဆီမီးဖိုင်နယ်ပွဲစဉ်ကို လာမည့် ဖေဖော်ဝါရီ ၇ ရက်တွင် ကျင်းပသွားမည် ဖြစ်သော်လည်း အီရန်အသင်းအနေဖြင့် ဗိုလ်လုပွဲတက်ရောက်ရန် ရေပန်းစားနေသကဲ့သို့ အခြားဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဂျော်ဒန်အသင်းနှင့် တောင်ကိုရီးယားအသင်းတို့ တွေ့ဆုံလျက်ရှိကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# တပ်မတော်အဆင့်မြှင့်တင်ရန်ကြိုးပမ်းနေသော မလေးရှား

မောင်စိန်အိ(နဘဲမြေ)



မလေးရှားတပ်မတော် (MAF)သည် ဒုတိယကမ္ဘာစစ်မတိုင်မီ ၁၉၃၃ ခုနှစ်ကတည်းက မလေးတပ်ရင်းကြီးဖြင့် စတင်ထူထောင်ခဲ့သဖြင့် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် နှစ် ၉၀ ပြည့် အခမ်းအနားကျင်းပနိုင်ခဲ့သည်။ MAF သည် မလေးရှားကြည်းတပ်၊ တော်ဝင်မလေးရှားလေတပ် (RMAF)၊ တော်ဝင်မလေးရှားရေတပ် (RMN)တို့ဖြင့် ဖွဲ့စည်းထားရှိသည်။

မလေးရှားနိုင်ငံသည် သီးခြားကုန်းမြေနှစ်ခုဖြင့် ဖွဲ့စည်းထားရှိပြီး မလက္ကာရေလက်ကြားနှင့် တောင်တရုတ်ပင်လယ်တစ်လျှောက်ရှိ ကမ်းခြေများကြားတွင် တည်ရှိသည်။ MAF သည် အင်ဒိုနီးရှားနှင့်ဖိလစ်ပိုင်ကြားရှိ တိုင်းပြည်၏ကျယ်ပြောသောပင်လယ်ပြင်နှင့် သီးသန့်စီးပွားရေးဇုန်(EEZ)များကို နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ၊ ပင်လယ်ဓားပြများ၊ ရန်လိုသူများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ အန္တရာယ်မှ ကာကွယ်စောင့်ရှောက်သွားရန် တာဝန်ရှိပေသည်။

ပြည်ပကျူးကျော်စစ်များကို ရင်ဆိုင်နိုင်ရေးအတွက် MAF ၏ စစ်ရေးဆိုင်ရာကြိုတင်ပြင်ဆင်မှုများသည် ခေတ်လွန်စစ်လက်နက်ပစ္စည်းများကြောင့် နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်လျက်ရှိသည်။ မလေးရှားကာကွယ်ရေးဝန်ကြီးဌာန (MINDEF) အတွက် ၂၀၂၃ ခုနှစ် ကာကွယ်ရေးအသုံးစရိတ် ခွဲဝေရရှိမှုသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံသာရှိခဲ့ပြီး ၂၀၂၄ ခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံရှိခဲ့သည်။

**အန္တရာယ်ကြုံတွေ့ရတော့မည့်ခေတ်လွန်လက်နက်များ**

RMAF သည် လေယာဉ်ရရှိနိုင်မှုအတွက် အခက်အခဲကြုံတွေ့ရလျက်ရှိပြီး ရုရှားထုတ်တိုက်လေယာဉ်အများစုသည် ပျံသန်းနိုင်စွမ်းမရှိသည့်အပြင် အီတလီနိုင်ငံထုတ် Aermacchi MB339CM လေ့ကျင့်ရေးလေယာဉ်များသည်လည်း ကောင်းမွန်စွာလည်ပတ်နိုင်ခြင်းမရှိတော့ပေ။ အနားပေးတော့မည့် MiG-29N လေယာဉ် ၁၀ စင်းနေရာတွင် အစားထိုးမှုသည်လည်း လက်တွေ့အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပေ။ RMAF ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုစီမံကိန်း ၂၀၅၅ ခုနှစ် (CAP55) သည် ၂၀၃၅ ခုနှစ်တွင် F/A-18 Hornet ရှစ်စင်းကိုလည်းကောင်း၊ ၂၀၄၀ ပြည့်နှစ်တွင် Sukhoi Su-30MKM တိုက်လေယာဉ် ၁၈ စင်းကိုလည်းကောင်း အနားပေးသွားမည်ဖြစ်သည့်အတွက် တိုက်လေယာဉ်များ လိုအပ်နေပြီဖြစ်သည်။

RMN အနေဖြင့်လည်း စစ်ရေယာဉ်အသစ်များ လိုအပ်လျက်ရှိသည့်အပြင် ရှိရင်းစွဲစစ်ရေယာဉ်များသည်လည်း အနာဂတ်တွင်သုံးစွဲရန် မသင့်တော့ဘဲ ခေတ်လွန်တော့မည်ဖြစ်သည့်အတွက် တိုင်းပြည်၏ ကျယ်ပြောလှသော ပင်လယ်ရေကြောင်းကို ကာကွယ်နိုင်ရေးအတွက် ကန့်သတ်ချက်များဖြစ်ပေါ်လျက်ရှိသည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သော အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိသည့် ကမ်းခြေစောင့်တိုက်ခိုက်ရေးသင်္ဘော (LCS) အစီအစဉ်သည် ၂၀၂၉ ခုနှစ် ရောက်မှသာ ပဉ္စမမြောက်သင်္ဘောကို လွှဲပြောင်းပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် မူလက LCS ခြောက်စင်းဝယ်ယူရန်မှာထားသော်လည်း ဈေးနှုန်းမြင့်တက်လာမှုနှင့် နှောင့်နှေးကြန့်ကြာမှုများကြောင့် ငါးစင်းသာဝယ်ယူခဲ့သည်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် RMN သည် AW139 ရဟတ်ယာဉ် နှစ်စင်းလက်ခံရရှိခဲ့ပြီး ပင်လယ်ရေကြောင်းစစ်ဆင်ရေးရဟတ်ယာဉ် (MOH) များအဖြစ် အသုံးပြုသွားမည်ဖြစ်သည်။ MOH များသည် ဆာဘားနှင့်ဆာရာဝပ်ရေပိုင်နက်ပတ်ဝန်းကျင်တွင် တရားဥပဒေစိုးမိုးရေးနှင့် ဝေဟင်စောင့်ကြည့်မှုတာဝန်များအပြင် ရှာဖွေရေးနှင့်ကယ်ဆယ်ရေး (SAR)၊ ဆေးဘက်ဆိုင်ရာ ကယ်ဆယ်စောင့်ရှောက်ရေး (MEDEVAC)၊ ထိခိုက်ဒဏ်ရာရရှိသူများစောင့်ရှောက်ရေး၊ လူသားချင်းစာနာထောက်ထားမှုနှင့်ဘေးအန္တရာယ်ကယ်ဆယ်ရေး (HADA)တာဝန်များကို ထမ်းဆောင်သွားမည်ဖြစ်သည်။

နှစ်နှစ်တစ်ကြိမ်ပြုလုပ်သည့် လန်ကာဝီနိုင်ငံတကာ ပင်လယ်ရေကြောင်းနှင့် အာကာသပြပွဲ (LIMA) ကို ၂၀၂၃ ခုနှစ် မေလတွင် ပြုလုပ်ခဲ့ပြီး ကမ္ဘာတစ်ဝန်းမှ ကာကွယ်ရေးပစ္စည်းကုမ္ပဏီများနှင့် စစ်လက်နက်ပစ္စည်းဝယ်ယူလိုသူများ စုစည်းတက်ရောက်ခဲ့သည်။ အဆိုပါပြပွဲကာလအတွင်း မလေးရှားကာကွယ်ရေးဝန်ကြီးဌာနက ၎င်းတို့အနေဖြင့် စစ်လက်နက်ပစ္စည်းများဝယ်ယူရန် စာချုပ်များစွာချုပ်ဆိုခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ အကြီးမားဆုံးဝယ်ယူမှုသည် ကိုရီးယားအာကာသစက်မှုလုပ်ငန်း (KAI)ထံမှ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၇ ဘီလီယံတန်ဖိုးရှိသော FA-50 Block 20 အမျိုးအစား အပေါ့စားတိုက်လေယာဉ် (LCA) ၁၈ စင်း ဝယ်ယူမှုပင်ဖြစ်သည်။ ၎င်းလေယာဉ်တွင် AESA ရေဒါ၊ ပစ်မှတ်ချိန်ရွယ်ကိရိယာ၊ ဆီဖြည့်စနစ်များ ပါဝင်မည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်မှစ၍ လွှဲပြောင်းလက်ခံရရှိသွားမည်ဖြစ်သည်။

ထို့ပြင် အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၉ သန်းတန်ဖိုးရှိသည့် အီတလီကုမ္ပဏီ Leonardo ထုတ် ATR72-600 ပင်လယ်ရေကြောင်း ကင်းလှည့်လေယာဉ် (MPA) နှစ်စင်း ဝယ်ယူသွားမည်ဖြစ်သည်။ အဆိုပါဝယ်ယူမှုတွင် အုပ်ချုပ်ထောက်ပံ့မှုနှင့်လေ့ကျင့်သင်တန်းပေးမှုများ ပါဝင်မည်ဖြစ်ပြီး ပင်လယ်ရေကြောင်း ကင်းထောက်မှုနှင့်ရေငုပ်သင်္ဘောတိုက်ဖျက်မှုစစ်ဆင်ရေး (ASW) တို့ကို ဆင်နွှဲသွားနိုင်မည်ဖြစ်သည်။ အင်ဂျင်နှစ်လုံးတပ် ၎င်းလေယာဉ်သည် ပင်လယ်ရေကြောင်းကင်းထောက်ရေး၊ ကင်းထောက်မှုနှင့် ရေငုပ်သင်္ဘောတိုက်ဖျက်မှုစစ်ဆင်ရေး (ASW)၊ ရေပြင်တိုက်ဖျက်မှုစစ်ဆင်ရေး (ASuW)၊ ရှာဖွေရေးနှင့်ကယ်ဆယ်ရေး(SAR)၊ သဘာဝပတ်ဝန်းကျင်စောင့်ကြည့်ရေး၊ ဆေးဘက်ကယ်ဆယ်ရေးနှင့် ပို့ဆောင်ရေးတာဝန်များ ထမ်းဆောင်သွားမည်ဖြစ်သည်။ Leonardo ကုမ္ပဏီ၏ အဆိုအရ လေယာဉ်ကိုယ်ထည်ကို ဘက်စုံသုံးစနစ်၊ နောက်ဆုံးထုတ်အာရုံခံကိရိယာများ၊ ကွပ်ကဲမှု၊ ထိန်းချုပ်မှု၊ ဆက်သွယ်မှု၊ ထောက်လှမ်းမှု၊ စောင့်ကြည့်မှု၊ ကင်းထောက်မှုများ တပ်ဆင်ထားရှိသည်ဟု သိရသည်။ တော်ဝင်မလေးရှားလေတပ် (RMAF) က တာဝန်ထမ်းဆောင်မှုအတိုင်းပင် ATR72-600 လေယာဉ်သည် ပင်လယ်ရေကြောင်းကင်းလှည့်မှုတာဝန်များ၊ အီလက်ထရွန်နစ်သတင်းအချက်အလက်စုဆောင်းခြင်း (ELINT)၊ ရေပေါ်နှင့်ရေအောက်ပစ်မှတ်များ ခြေရာခံထောက်လှမ်းခြင်း၊ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများနှင့် ပင်လယ်ဓားပြတိုက်ခြင်းနှင့် ပိုင်နက်နယ်မြေကျူးကျော်လာသူများကိုဟန့်တားခြင်း စသည့်တာဝန်များထမ်းဆောင်သွားမည်ဖြစ်သည်။

တူကီယဲအာကာသစက်မှုလုပ်ငန်း (TAI)က ထုတ်လုပ်သော အမေရိကန်ဒေါ်လာ ၉၁ ဒသမ ၆ သန်းတန်ဖိုးရှိသည့် Anka အမျိုးအစားဘက်စုံသုံး မောင်းသူမဲ့စနစ် (UAS) သုံးစုံ ဝယ်ယူထားရှိသည်။ ထိုမောင်းသူမဲ့စနစ်များသည် ကင်းထောက်ခြင်း၊ ထောက်လှမ်းရေးအချက်အလက် စုဆောင်းခြင်း၊ ပစ်မှတ်ရှာဖွေခြင်း၊ အလိုအလျောက် ဆင်းတက်ပျံသန်းခြင်း စသည့်စွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားရှိသည်။ ၎င်းစနစ်သည် အမြင့်မီတာ ၉၀၀၀ မှနေ၍ နာရီ ၃၀ ကျော် ပျံသန်းနိုင်သည်။ Anka အမျိုးအစားဘက်စုံသုံးမောင်းသူမဲ့စနစ်သည် ATR72 ကဲ့သို့ပင် တော်ဝင်မလေးရှားလေတပ်(RMAF) နှင့်တော်ဝင်မလေးရှားရဲတပ်ဖွဲ့ (RMP) ၏ တာဝန်များကို အထောက်အကူပြုသွားမည်ဖြစ်သည်။ အဆိုပါမောင်းသူမဲ့စနစ်များဝယ်ယူမှုသည် CAP55 စီမံကိန်းနှင့်အညီဖြစ်ပြီး RMAF ကို စွမ်းအားပြည့်တာဝန်ထမ်းဆောင်နိုင်သည့်တပ်ဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းသွားမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မိုဟာမက်အဘေဟာမန်သည် ကာကွယ်ရေးဦးစီးချုပ် (CDF)အဖြစ် တိုးမြှင့်ခန့်အပ်ခံခဲ့ရသည်။ ဒုတိယကြည်းတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မိုဟာမက်ဟာဖီဇူဒင်ကို ဗိုလ်ချုပ်ကြီးအဆင့်တိုးမြှင့်ကာ ကြည်းတပ်ဦးစီးချုပ်အဖြစ်ခန့်အပ်ခဲ့သည်။ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မိုဟာမက်အဘေဟာမန်၏အဆိုအရ မလေးရှားတပ်မတော် (MAF) ကို အဆင့်မြှင့်နည်းပညာများ၊ အနာဂတ်စိန်ခေါ်မှုများ လိုက်လျောညီထွေရှိအောင် ပြုပြင်ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်အားလုံးကို လူ၊ စက်ပစ္စည်း၊ နည်းလမ်းဟူသည့် ထောက်တိုင်သုံးခုနှင့်အညီ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး အမျိုးသားစစ်ရေးမဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

အစိုးရအဖွဲ့တစ်ရပ်လုံး၊ လူမှုအသိုက်အဝန်းတစ်ရပ်လုံး ချဉ်းကပ်မှုသည် မလေးရှားနိုင်ငံ၏ အချုပ်အခြာအာဏာ ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေလျက်ရှိသည်။ မလေးရှားကြည်းတပ်၏ မဟာဗျူဟာစီမံကိန်းသည် စွမ်းဆောင်ရည်များနှင့် စစ်ဆင်ရေးအဆင့်တို့ကို တိုးမြှင့်ပေးနိုင်လျက်ရှိသည်။ ထို့ကြောင့် လေးဘီးယက်သံချပ်ကာယာဉ်များနှင့် ၁၅၅ မီလီမီတာ အမြောက်လက်နက်များကို ဝယ်ယူဖြည့်တင်းလျက်ရှိသည်။ ထို့ပြင် လက်နက်စနစ်သစ်များ၊ ရွှေ့ပြောင်းမှုဆက်သွယ်မှုပစ္စည်းသစ်များသည် ပစ်စွမ်းအား၊ လှုပ်ရှားစစ်ကစားမှု၊ အုပ်ချုပ်ထောက်ပံ့မှုတို့ကို ဟန်ချက်ညီမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

မလေးရှားကာကွယ်ရေးဝန်ကြီးဌာနသည် အမျိုးသားတပ်ဖွဲ့ လေ့ကျင့်ရေးအစီအစဉ်အတွက် စစ်စခန်း ၁၃ ခု၌ လူငယ်ဦးရေ ၂၀၀၀၀ ကို ၄၅ ရက်ကြာ သင်တန်းပို့ချခဲ့သည်။ အဆိုပါလူငယ်များကိုစစ်ဘက်၊ တရားဥပဒေစိုးမိုးရေးနှင့် အစိုးရအေဂျင်စီများတွင် တာဝန်ပေးအပ်သွားဖွယ်ရာရှိသည်။ ၂၀၂၃ ခုနှစ် ဩဂုတ်လတွင်ပြုလုပ်ခဲ့သည့် Exercise Keris Amanသည် နှစ်စဉ်ပြုလုပ်နေကျ ငြိမ်းချမ်းမှုထိန်းသိမ်းရေးလေ့ကျင့်မှုများအနက် အကြီးစားစစ်ရေးလေ့ကျင့်မှုတစ်ခုဖြစ်သည်။

မလေးရှားနိုင်ငံသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် အင်ဒို-ပစိဖိတ်ဒေသ စစ်ဘက်ဆိုင်ရာကျန်းမာရေးဖလှယ်မှုကို လက်ခံကျင်းပခဲ့ရာ နိုင်ငံပေါင်း ၂၄ နိုင်ငံမှ ဆေးဘက်ဆိုင်ရာ စစ်ဘက်ခေါင်းဆောင်များ စုစည်းတက်ရောက်ခဲ့ပြီး မိတ်ဖက်နိုင်ငံများကြား ဆေးဘက်ဆိုင်ရာပညာများ ဖလှယ်ခဲ့ကြသည်။

ဆိုရလျှင် မလေးရှား ကြည်း၊ ရေ၊ လေတပ်ဖွဲ့များသည် ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှုပြဿနာများကြောင့် မျှော်မှန်းထားသလောက်အဆင့်မြှင့်တင်နိုင်ခြင်းမရှိပေ။ ခေတ်လွန်လက်နက်များနေရာတွင် စဉ်ဆက်မပြတ် ဝယ်ယူဖြည့်တင်းမှုမရှိသဖြင့် အဓိကတိုက်ပွဲဝင် စစ်လက်နက်များသည် စွမ်းဆောင်ရည်ကျဆင်းလာလျက်ရှိသည်။ အဓိကကျသော ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များသည် လက်တွေ့ကျကျ အောင်မြင်နိုင်ပါ့မလားဆိုသောအချက်ကိုမူ ဆက်လက်စောင့်ကြည့်သွားရတော့မည်ဖြစ်သည်။

❖ မလေးရှားကြည်းတပ်၏ မဟာဗျူဟာစီမံကိန်းသည် စွမ်းဆောင်ရည်များနှင့် စစ်ဆင်ရေးအဆင့်တို့ကို တိုးမြှင့်ပေးနိုင်လျက်ရှိသည်။ ထို့ကြောင့် လေးဘီးယက်သံချပ်ကာယာဉ်များနှင့် ၁၅၅ မီလီမီတာ အမြောက်လက်နက်များကို ဝယ်ယူဖြည့်တင်းလျက်ရှိသည်။ ထို့ပြင် လက်နက်စနစ်သစ်များ၊ ရွှေ့ပြောင်းမှုဆက်သွယ်မှုပစ္စည်းသစ်များသည် ပစ်စွမ်းအား၊ လှုပ်ရှားစစ်ကစားမှု၊ အုပ်ချုပ်ထောက်ပံ့မှုတို့ကို ဟန်ချက်ညီမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ❖

**ကိုးကား**

- **Malaysian Armed Forces to Maintain Effectiveness By ADJ.**

# လားဟူတိုင်းရင်းသားများ၏ ရိုးရာနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



**တာချီလိတ် ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်းရှိ လားဟူတိုင်းရင်းသားများ နေထိုင်ရာကျေးရွာများတွင် လားဟူတိုင်းရင်းသားများ၏ ရိုးရာနှစ်သစ်ကူးပွဲတော်ကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း လားဟူ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့(တာချီလိတ်) ဥက္ကဋ္ဌ ဦးယေ့ရှဲက ပြောပြ၍ သိရသည်။

အဆိုပါ လားဟူတိုင်းရင်းသား ရိုးရာနှစ်သစ်ကူးပွဲတော်ကို ယခုနှစ် ဖေဖော်ဝါရီ ၁၀ ရက် (တပို့တွဲလဆန်း ၁ ရက်)မှစတင်ကာ ဖေဖော်ဝါရီ ၁၆ ရက်(တပို့တွဲလဆန်း ၇ ရက်)ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်သစ်ကူးပွဲတော်ကို လားဟူတိုင်းရင်းသားတွေ နေထိုင်တဲ့ ဒေသတွေမှာ တပို့တွဲလဆန်း ၁ ရက်ကနေ ကျင်းပလေ့ရှိပါတယ်။ နှစ်သစ်ကူးကာလမှာ သက်ကြီးဝါကြီးတွေက ချမ်းအေးစေကြောင်း အဓိပ္ပာယ်ဆောင်တဲ့ လက်ဆေးမင်္ဂလာပွဲကိုလဲ ကျင်းပလေ့ရှိပါတယ်။ တာချီလိတ်မှာတော့ လားဟူရွာပေါင်း ၄၀ ကျော်ရှိပြီး ရေပူစမ်းကျေးရွာကတော့ လားဟူတိုင်းရင်းသား အများဆုံးနေထိုင်တဲ့ကျေးရွာဖြစ်ပါတယ်။ ဒီရွာတွေမှာ ရိုးရာအကတွေနဲ့ နှစ်သစ်ကူးပွဲတော်ကို ကျင်းပမှာဖြစ်ပြီးတော့ ပွဲတော်လာဧည့်သည်တွေကိုလဲ ရိုးရာအစားအသောက်တွေနဲ့ တည်ခင်းဧည့်ခံမှာဖြစ်ပါတယ်"ဟု လားဟူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးယေ့ရှဲက ပြောပြသည်။

လားဟူတိုင်းရင်းသားများ၏ ပွဲတော်အတွင်း လက်ဆေးမင်္ဂလာပွဲ ပြုလုပ်ခြင်း၊ ရိုးရာထင်းရှူးပင်စိုက်သရုပ်ပြခြင်း၊ ခေါ်ပုတ်ထောင်းခြင်း၊ ဂျင်ပေါက်ကစားခြင်း၊ အပျို၊လူပျိုလှည့်သည့်ဓလေ့၊ ဘောလုံးပေါက်ကစားခြင်း စသည့်ရိုးရာယဉ်ကျေးမှုဆိုင်ရာကစားပွဲများ၊ ပွဲတော်များကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်မှ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တာချီလိတ်မြို့တို့သို့ ငွေဖြားကိုက် ငွေဖြားခင်း ရွှေတုံးပါလာဘ်ဖွင့်ဖားရုပ်များ တင်ပို့မည်ဖြစ်

**ပဲခူး ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်မှ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တာချီလိတ်မြို့တို့ရှိ အမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းဆိုင်များသို့ ငွေဖြားကိုက် ငွေဖြားခင်း ရွှေတုံးပါလာဘ်ဖွင့်ဖားရုပ်များတင်ပို့မည်ဖြစ်ကြောင်း ပဲခူးမြို့နယ် ရွှေသာလျောင်းဘုရားကြီး ပန်းပုတန်းမှ ရွှေယမင်း မြန်မာပန်းပုလုပ်ငန်းပိုင်ရှင် ဒေါ်အေးအေးမော်က ပြောပြ၍ သိရသည်။

ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်မှ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တာချီလိတ်မြို့တို့ရှိ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များသို့ အမြင့် ရှစ်လက်မ၊ အလျား ၁၂ လက်မ၊ ဒု ၁၀ လက်မအရွယ်အစား ရင်းတိုက်သားဖြင့်ထုလုပ်ထားသည့် ငွေဖြားကိုက် ငွေဖြားခင်း ရွှေတုံးပါလာဘ်ဖွင့် ဖားရုပ်များကို တင်ပို့သွားမည်ဖြစ်ကြောင်း၊ လက်ရှိကာလ ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက် အနေဖြင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ခရီးသွားဒေသများသို့ ပြည်တွင်းခရီးသွားများ ဝင်ရောက်လျက်ရှိသည့်အတွက် ပန်းပုရုပ်များ ရောင်းချမှုမှာ ပုံမှန်ရှိနေကြောင်း သိရသည်။



"ကျွန်မတို့ ပန်းပုတန်းကနေ အခုလအတွင်းမှာ ရန်ကုန်၊မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တာချီလိတ်က အမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းဆိုင်တွေကို တင်ပို့ဖို့ အတွက် ငွေဖြားကိုက် ငွေဖြားခင်း ရွှေတုံးပါလာဘ်ဖွင့်ဖားရုပ်တွေကို ထုလုပ်နေပါတယ်။ လက်ရှိ ပဲခူး ပန်းပုဈေးကွက်ကတော့ အွန်လိုင်းကလဲ တစ်ယောက်ချင်း မှာတာမျိုး ရှိသလို ပန်းပုတန်းမှာလဲ လာဝယ်သူတွေရှိပါတယ်။ အရောင်းအဝယ်ကတော့ ပုံမှန်ပါပဲ"ဟု ရွှေယမင်း မြန်မာပန်းပုလုပ်ငန်းပိုင်ရှင် ဒေါ်အေးအေးမော်က ပြောပြသည်။

ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တာချီလိတ်မြို့တို့ရှိ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များသို့ တင်ပို့ရန် ငွေဖြားကိုက် ငွေဖြားခင်း ရွှေတုံးပါလာဘ်ဖွင့် ဖားရုပ် ၅၀ ခန့်ကို ထုလုပ်လျက်ရှိပြီး ဈေးနှုန်းမှာ တစ်ရုပ်လျှင် ငွေကျပ် ၁၀၀၀၀၀ ခန့်ဖြစ်ကြောင်း သိရသည်။ ASH

# တောင်ကြီးမြို့နယ် အဝေရာမီးပုံးပျံကွင်းတွင် ရှမ်းပြည်နယ်နေ့အခမ်းအနား ကျင်းပမည်

**တောင်ကြီး ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ အဝေရာမီးပုံးပျံကွင်းတွင် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်မှ ၁၂ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က ပြောပြ၍ သိရသည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင်ကျရောက်မည့် ရှမ်းပြည်နယ်နေ့အခမ်းအနားကို တောင်ကြီးမြို့နယ်ရှိ အဝေရာမီးပုံးပျံကွင်းတွင် ရှမ်းတိုင်းရင်းသား ရိုးရာအကအလှများ၊ ရှမ်းတိုင်းရင်းသားရိုးရာအစားအသောက်များဖြင့် ပွဲတော်လာ ပြည်သူများကို ဧည့်ခံဖျော်ဖြေကျွေးမွေးမှုများ ပြုလုပ်သွားမည့်အပြင် ရှမ်းပြည်နယ်ထွက် ဒေသထွက်ကုန်များကို ရောင်းချပေးမည့်ဈေးပွဲတော်ကိုလည်း ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ရှမ်းပြည်နယ်နေ့ အခမ်းအနား ကျင်းပမဲ့ အဝေရာမီးပျံကွင်းမှာ ရှမ်းပြည်နယ်နေ့ အခမ်းအနားနဲ့အတူ ဒေသထွက်ကုန်တွေကို ရောင်းချပေးမဲ့ ဈေးပွဲတော်ကိုလဲ ထည့်သွင်း ကျင်းပသွားမှာဖြစ်ပါတယ်။ ဈေးပွဲတော်မှာ ပြည်နယ် ဒေသထွက်ကုန်တွေကို ရောင်းချပေးမဲ့ဆိုင်ခန်းတွေ ပါရှိမှာဖြစ်ပါတယ်။ ဈေးပွဲတော်မှာ စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်၊ အဝတ်အထည် စတာတွေကို စုံစုံလင်လင်ပါရှိမှာ ဖြစ်ပါတယ်"ဟု ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က ပြောပြသည်။

အဆိုပါအခမ်းအနားတွင် ရှမ်းတိုင်းရင်းသား မျိုးနွယ်စုအသီးသီး၏ ရိုးရာအကအလှများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ ရိုးရာအစားအစာများအပြင် ဒေသထွက်ကုန်မျိုးစုံတို့ကိုပါ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# The Movie Critic ဇာတ်ကားတွင် မင်းသား ဘရက်ပစ် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၄**

ဒါရိုက်တာ ကွမ်တင်တာရန်တီနို၏ The Movie Critic ဇာတ်ကားသစ်တွင် ကမ္ဘာကျော်မင်းသား ဘရက်ပစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၃ ရက် သတင်းများအရ သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် မင်းသား ဘရက်ပစ်သည် ရုပ်ရှင်ဝေဖန်ရေး ဆရာတစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

The Movie Critic ဇာတ်ကားသည် ကွမ်တင်တာရန်တီနိုအနေဖြင့် ဒါရိုက်တာအဖြစ် နောက်ဆုံးရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

၁၉၇၇ ခုနှစ် ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းကို နောက်ခံထားရိုက်ကူးမည့် The Movie Critic ဇာတ်ကားတွင် မင်းသား ဘရက်ပစ်သည် ဂျင်ရှယ်ဒန်အမည်ရှိ ရုပ်ရှင်ဝေဖန်ရေးဆရာအဖြစ် ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။

The Movie Critic ဇာတ်ကားသည် မင်းသား ဘရက်ပစ်နှင့် ဒါရိုက်တာ တာရန်တီနိုတို့ ပူးပေါင်းဆောင်ရွက်မည့် တတိယမြောက် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Attack of the 50 Foot Woman ဇာတ်ကားကို ဒါရိုက်တာ တင်ဘာတန် ရိုက်ကူးမည်

**နယူးယောက် ဖေဖော်ဝါရီ ၄**

Attack of the 50 Foot Woman အမည်ရှိ ဇာတ်ကားသစ်ကို ဒါရိုက်တာ တင်ဘာတန်က ဝါနာဘရားသား ရုပ်ရှင်ကုမ္ပဏီအတွက် တာဝန်ယူရိုက်ကူးပေးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၃ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် ၁၉၅၀ ပြည့်နှစ်များအတွင်း နာမည်ကြီးခဲ့သည့် သိပ္ပံဇာတ်ကားဖြစ်သည့် Attack of the 50 Foot Woman ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Attack of the 50 Foot Woman ဇာတ်ကားသည် အာကာသယာဉ်တစ်စင်းနှင့် တွေ့ခဲ့ရပြီးနောက် ခန္ဓာကိုယ်အရွယ်အစား အမြင့် ပေ ၅၀ ထိ ကြီးမားလာသော အမျိုးသမီးတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များကို ဝါနာဘရားသားကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# Vessels need to take care of driving in Ayeyawady River due to sandbanks


A ship and a boat seen running in the Ayeyawady River.

**Mandalay February 4**

Cargo and passenger vessels running along Ayeyawady River need to take care of water course due to sandbanks near Mandalay and Mingun regions, said assistant director U Ye Tun Lin Aung, Mandalay Region navigation section of the Department of Water Resources and Improvement of River Systems.

At present, as water level of Ayeyawady River is declining day by day, sandbanks emerge near Mandalay and Mingun regions. As such, vessels need to take care of driving not to be stranded there with wrong water course.

He explained, "Cargo and passenger vessels need to seek the best water course in Ayeyawady River to avoid sandbanks."

According to the observatory measures of the Department of Meteorology and Hydrology on the morning of 25 January, Ayeyawady River level reaches 260 cm at Mandalay and a low water level warning is 360 cm.

Hence, all vessels need to take care of water navigation signs in the water and on the banks along the Ayeyawady River for traffic safety.

During the period from 15 November to 15 May every year, it was set as a water low level time, and vessels need to take care of draught in water course to avoid sandbanks.

184

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 10,000 acres of croplands placed under oil crops in Bamauk Township

**Bamauk February 4**

Bamauk Township of Sagaing Region has grown 11,255 acres of oil crops as cold season crops this year, according to the statistics of Katha District Agriculture Department.

Local farmers have so far cultivated 11,255 acres of oil crops exceeding the target of 4,237 acres of winter groundnut in the township, starting from October 2023.

Head of Katha District Agriculture Department U Myint Soe said, "Bamauk Township earmarked cultivation of more than 4,000 acres of oil crops this winter but local farmers grew more than 10,000 acres of oil crops. Our department is still providing assistance for local farmers to expand sown acreage of oil crops. Most of them cultivate groundnut in winter rather than monsoon."


An oil crop plantation.

In 2022-23 financial year, local farmers in Bamauk Township started cultivation of winter groundnut in October 2022, and grew 4,237 acres of oil crops.

In 2023-24 season, the township earmarked cultivation of 394 acres of monsoon groundnut but farmers planted 378 acres of groundnut.

Staff of the department help local farmers successfully grow oil crops, prevent pests and carry out weeding.

206

# Tamu District plants more than 6,000 acres of vegetables this year

**Tamu February 4**

The statistics of the Tamu District Agriculture Department in Sagaing Region stated that the district has cultivated more than 6,000 acres of vegetables this cold season.

In 2023-24 financial year, Tamu District earmarked growing of 4,189 acres of vegetables but local farmers could place 6,704 acres of croplands under vegetables starting from October 2023.

"This year, local farmers cultivate vegetables exceeding the target. At present, sown acreage is on the rise. The department is providing necessary assistance such as agricultural technique, systematic use of pesticides and weed process for local farmers. Local farmers emphasize cultivation of mustard, chilli, tomato, eggplant, cabbage, cauliflower, ladyfinger and so on," said Head of District Agriculture Department U Hla Myint.

With regard to cultivation of crops in Tamu District, Myothit Township cultivated 1,704 acres of vegetables, Tamu Township 2,698 acres and Khampat 2,303 acres, totalling 6,704 acres, against the target of 4,189 acres in cold season crop period of 2023-24 financial year.

Relevant Agriculture Departments in the district help local farmers grow vegetable in GAP system, produce heathy vegetables and systematic use pesticides and fertilizers.

In monsoon of 2023-24 financial year, local farmers cultivated 875 acres of vegetables in Myothit, 940 acres in Tamu and 1,518 acres in Khampat, totallin 3,333 acres exceeding the target of 3,318 acres in Tamu District. 206


Government officials making an inspection visit to a vegetable plantation.

# High-yielding Shwe Ni maize gains popularity in Mandalay market

**Mandalay February 4**

The high-yielding Shwe Ni maize that have been produced from various regions have started entering the Mandalay market during the early winter of 2024, and the transactions are good, According to merchants from Mandalay.

The Shwe Ni maize is part of the millet group and is a crop used for making medicine and alcohol, so it is being bought not only locally but also by foreign countries. The current market price is 77,000 kyat per three-basket bag, and there is good trading in the market, U Soe Win Myint, the owner of Soe Win Myint wholesale center in Mandalay.

"The high-yielding maize is widely cultivated and produced in central plains. It is suitable for the central plains because it can be affected by the weather. Almost every year, China also buys this maize to produce alcohol in order to withstand the weather in the winter. The locals grow the high-yielding maize once a year," he explained. 185

# Tourist arrivals surge at Taungthaman Bridge and Lake



Local and foreign tourists visiting the Taungthaman Lake in Mandalay.

**Mandalay February 4**

Number of travellers at home and abroad resurges at Taungthaman Lake and Bridge starting from the third week of January, said secretary U Soe Win from the Bridge Maintenance Committee.

Taungthaman Lake and Bridge are catching interests of local and foreign tourists. Currently, number of travellers is on the rise at the lake and bridge.

"Those travellers arrive here to enjoy sunset scenes at the bridge and lake," said U Soe Win.

Till the second week of January, number of travellers to the bridge and lake arrive at just more than 1,000 per day. Starting from the third week, more than 1,500 travellers pay visits to the lake and bridge per day.

A total of 1,086 posts were used in building the bridge. Travellers use boats for enjoying the sunset scenes. So, more than 50 boats are giving services to the travellers.

184

# U.S. primary kicks off Democrats' race to White House

**Washington February 4**

The Democratic race to the White House is slated to officially kick off Saturday, with President Joe Biden expected to easily grab his party's nomination.

"Biden will do well and coast to the nomination," Brookings Institution Senior Fellow Darrell West told Xinhua, noting that Biden "doesn't face too many problems in the upcoming primaries."

The event in South Carolina is the first primary for which candidates will compete for delegates and will offer some insights into how the party's base views him.

The state will award 55 delegates to the Democratic Party convention, which is just a small slice of the nearly 2,000 necessary to win the party's nomination.

Biden's campaign is optimistic about securing a significant triumph in South Carolina, despite challenges related to concerns about his age, diminished approval ratings, and voters' dissatisfaction with the prevailing inflation, which is currently at its highest in decades.

At 81, Biden is the oldest U.S. president, seeking re-election against former President Donald Trump, 77, the likely GOP candidate.

At the same time, unemployment has been at or near all-time lows during much of the Biden presidency. Xinhua

# Observers spot about 15 Irrawaddy dolphins near Mandalay during low water season

**Mandalay February 4**


About 15 Irrawaddy dolphins are spotted near Mandalay during the low water period of the Ayeyawady River, said U Maung Maung Lay, the team leader of the Irrawaddy Dolphin Conservation Group, under Fisheries Department in Mandalay Region.

The Irrawaddy dolphins are migrating and grazing during the low water season in the Ayeyawady River. Previously, the dolphins are living and grazing near Mingun in groups.

"Local fishermen spotted the Irrawaddy dolphins that live and graze between Mandalay and Kyaukmyaung, which is a dolphin conservation area in the river, are living and grazing in groups near Mandalay, where there is plenty of food, on January 23," he continued.

From Mandalay to Bhamo, Kachin State, from February 10 to 20, 2020, there were 28 dolphins found in the area between Mandalay and Kyaukmyaung (Irrawaddy Dolphin Conservation Area 1), 37 dolphins found in the area between Kanbalu Township and Shwegu town in Kachin State including Htigyaing-Katha-Shwegu (Irrawaddy Dolphin Conservation Area 2) and 14 dolphins in Bhamo Township, totaling 79 animals.

184



Irrawaddy dolphins being spotted in the Ayeyawady River.

# 16 killed, 25 injured in U.S. airstrikes in W. Iraq: spokesman

**Baghdad February 4**

The Iraqi government said Saturday that the U.S. airstrikes on the paramilitary Hashd Shaabi forces in western Iraq killed 16 people, including civilians, and injured 25 others.

Calling the airstrikes "blatant aggression," government spokesman Basim al-Awadi told the official Iraqi News Agency (INA) that "the U.S. administration violated Iraq's sovereignty when its aircraft conducted airstrikes on the positions of our security forces in the Akashat and al-Qaim areas, as well as neighboring civilian places."

Al-Awadi also denied reports that claimed there was coordination between the government and the U.S. administration about the airstrikes, stressing that these reports are "a false claim aimed at misleading international public opinion and evading legal responsibility for this crime," according to the INA.

He also said that the government believes that the presence of the international coalition forces on Iraqi soil has become a threat to security and stability in Iraq and a justification for involving Iraq in regional and international conflicts.

Al-Awadi warned that the recent airstrikes put security in Iraq and the region on the brink of the abyss, adding, "Iraq renews its refusal to make its lands an arena for settling scores."

Xinhua



This photo taken with a mobile phone on Feb. 3, 2024 shows a destroyed car after U.S. airstrikes in Anbar, Iraq.

# Artificial insemination given to more than 19,000 cows to produce pedigree cows

**Mandalay February 4**

Head of Mandalay Region Livestock Breeding and Veterinary Department Dr Khin Zaw stated that artificial insemination has been given to more than 19,600 cows in 11 districts of Mandalay Region in order to produce pedigree cow strains for local breeders.

Artificial insemination can prevent infectious diseases at cows and emerge pedigree cows. The department earmarked to perform artificial insemination to 19,573 cows in the region but completed the process for more than 19,600 cows.

"Veterinarians from the department go right down to the villages for performing artificial insemination. So far, the department has exceeded the target of performing artificial insemination. So, local farmers wishing to take artificial insemination may contact relevant Livestock Breeding and Veterinary Department," he explained.

Technicians from the department carry out insemination in villages. The department distributes quality strains of gene to the livestock breeders yearly.

185

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ယူကရိန်းစစ်သုံ့ပန်းများတင်ဆောင်လာသောလေယာဉ်ကို Patriot ဒုံးကျည်ဖြင့် ပစ်ချခံရကြောင်း ရုရှားသမ္မတပြောကြား



ယူကရိန်းနိုင်ငံနှင့် ကြိုတင်စီစဉ်ထားသော စစ်သုံ့ပန်း လဲလှယ်မှုအတွက် ယူကရိန်းစစ်သုံ့ပန်း (POWs) များကို တင်ဆောင်လာသည့် ရုရှားနိုင်ငံမှ သယ်ယူပို့ဆောင်ရေးလေယာဉ်ကို အမေရိကန်မှ ထောက်ပံ့ပေးထားသော Patriot ဒုံးကျည်ဖြင့်ပစ်ချခံရကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ဇန်နဝါရီ ၃၁ ရက်တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်က ဖြစ်ပွားခဲ့သည့် အဆိုပါတိုက်ခိုက်မှုကြောင့် လေယာဉ်ပေါ်ပါ ယူကရိန်းနိုင်ငံသား ၆၅ ဦး အပြင် လေယာဉ်အမှုထမ်းများနှင့် ရုရှားစစ်ဘက်ဝန်ထမ်း သုံးဦး အသက်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

"လေယာဉ်ဟာ အမေရိကန်ထုတ် Patriot ဒုံးကျည်နဲ့ ပစ်ချခံခဲ့ရတဲ့အတွက် ပျက်ကျခဲ့တာပါ"ဟု ရုရှားသမ္မတပူတင်က သက်ဆိုင်ရာ ကျွမ်းကျင်သူများ၏ သုံးသပ်ချက်ဖြင့် အတည်ပြုထားသည့် အချက်အလက်များကို ကိုးကား၍ အခိုင်အမာ ပြောကြားခဲ့သည်။ ရုရှားနိုင်ငံ အရေးပေါ်ဝန်ဆောင်ရေးအဖွဲ့များက လေယာဉ်ပျက်ကျသည့်နေရာ၌ ဒုံးကျည်တစ်စင်းသို့မဟုတ် ဒုံးကျည်၏ အပိုင်းအစများကို တွေ့ရှိခဲ့ကြောင်း ပြောကြားထားသည်။

ရုရှားနိုင်ငံ စုံစမ်းစစ်ဆေးရေးမှူးများသည် အဆိုပါဖြစ်ရပ်နှင့်ပတ်သက်ပြီး ဆက်လက် စုံစမ်းစစ်ဆေးလျက်ရှိပြီး လက်ရှိရလဒ်များအပေါ် တရားဝင်မှတ်ချက်ပေးခြင်းမျိုးတော့မရှိပေ။ လေယာဉ်၏ Black Box များကို လေ့လာအကဲဖြတ် ဆန်းစစ်ချက်များအရ လေယာဉ်ကိုရည်ရွယ်ချက်ရှိရှိ ပစ်ချခံခဲ့ရခြင်းဖြစ်သည်ဟု စုံစမ်းစစ်ဆေးရေးအသိုင်းအဝိုင်းနှင့် နီးစပ်သည့် သတင်းအရင်းအမြစ်များက TASS သတင်းဌာနသို့ ပြောကြားခဲ့သည်။နောက်ပိုင်းတွင် သတင်းရင်းမြစ်တစ်ခုက တိုက်ခိုက်မှုတွင် အမေရိကန်မှ ထောက်ပံ့ပေးထားသော Patriot ဒုံးကျည်ကို အသုံးပြုပစ်ချခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်က ပြင်သစ်စစ်ဘက် သတင်းရင်းမြစ်တစ်ခုက နိုင်ငံပိုင် အသံလွှင့်ဌာန Radio France သို့ ပြောကြားရာတွင် ယူကရိန်းတပ်ဖွဲ့များသည် လေယာဉ်ကိုပစ်ချရန် Patriot ဒုံးကျည်ကို အသုံးပြုခဲ့ကြောင်း ပြောကြားခဲ့သည်။

လေယာဉ်ပျက်ကျခဲ့ပြီးနောက်ပိုင်းတွင် ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယူကရိန်းစစ်ဘက်လက်ချက်ဖြစ်နိုင်ပြီး ယူကရိန်းစစ်သုံ့ပန်းများကို တင်ဆောင်လာသည်ကို သိရှိထားပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ယူကရိန်းသမ္မတ ဇီလန်စကီးသည် ရုရှားနိုင်ငံဘက်က ထုတ်ဖော်ပြောကြားချက်များအပေါ် ပယ်ချခဲ့ပြီး ၎င်းဖြစ်ရပ်နှင့်ပတ်သက်၍ နိုင်ငံတကာ စုံစမ်းစစ်ဆေးမှုများပြုလုပ်သွားရန် ဇန်နဝါရီ ၃၁ ရက်က တောင်းဆိုခဲ့သည်။

ပျက်ကျခဲ့သောလေယာဉ်နှင့်ပတ်သက်ပြီး နိုင်ငံတကာ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်သွားမည်ဟုလည်း ရုရှားသမ္မတပူတင်က ဇန်နဝါရီ ၃၁ ရက်က ပြောကြားခဲ့သည်။

"ကျွန်တော် ဒါကို တရားဝင်ပြောချင်ပါတယ်။ လေ့လာဆန်းစစ်ချက် တစ်ရပ်လုပ်ဆောင်ဖို့၊ Patriot ဒုံးကျည်စနစ်ကြောင့် လေယာဉ်ပျက်ကျခဲ့တာဆိုတဲ့ အထောက်အထားတွေကို သေချာအောင် အကဲဖြတ်နိုင်ဖို့ နိုင်ငံတကာကျွမ်းကျင်သူတွေစေလွှတ်ပေးသွားနိုင်ရေး တောင်းဆိုပါတယ်"ဟု ရုရှားသမ္မတပူတင်က အခိုင်အမာ ပြောကြားခဲ့သည်။

ယူကရိန်းစစ်ဘက်က မည်သည့်အတွက်ကြောင့် ယခုကဲ့သို့ လုပ်ဆောင်သည်ကို နားမလည်ကြောင်း၊ မတော်တဆများယွင်းမိသည်လည်း ဖြစ်နိုင်ကြောင်း၊ မည်သို့ပင်ဖြစ်စေ လူသတ်မှု၊ ရာဇဝတ်မှုတစ်ခုဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုသည် ရုရှားထံမှ တုံ့ပြန်မှုအချို့ကို လိုချင်သည့်အတွက် ရန်စမှုတစ်ခုလည်း ဖြစ်နိုင်ကြောင်း၊ ရုရှားသည် ယူကရိန်းနှင့် စစ်သုံ့ပန်း (POWs) လဲလှယ်မှုများကို ရပ်တန့်မည်မဟုတ်ကြောင်း၊ မိမိတို့၏တပ်ဖွဲ့ဝင်များကို အမိမြေသို့ပြန်လည်ရောက်ရှိလာရေး ယူကရိန်းတို့နှင့် သဘောတူညီမှုရရှိအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ရှင်းလင်းပြောကြားခဲ့သည်။

**Plane carrying Ukrainian POWs was shot down by Patriot – Putin ကို ဘာသာပြန်ဆိုထားပါသည်။**

# အိန္ဒိယနိုင်ငံသို့ MQ-9B ဒရုန်းများ၊ Hellfire ဒုံးကျည်များ အမေရိကန်ဒေါ်လာ လေးဘီလီယံဖိုးရောင်းချပေးရန် အမေရိကန်အတည်ပြု

အမေရိကန်သည် အိန္ဒိယနိုင်ငံသို့ MQ-9B ဒရုန်းများ၊ Hellfire ဒုံးကျည်များ အမေရိကန်ဒေါ်လာ လေးဘီလီယံဖိုးရောင်းချပေးရန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုပေးခဲ့ပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ လေးဘီလီယံတန်ဖိုးရှိသော အဆိုပါရောင်းချမှုတွင် AGM-114R Hellfire ဒုံးကျည် အစင်းရေ ၁၇၀၊ GBU-39B/B လေဆာလမ်းညွှန်ဗုံးအလုံး ၃၁၀ နှင့်ကမ္ဘာလုံးဆိုင်ရာ တည်နေရာပြစနစ်နှင့် Inertial လမ်းကြောင်းပြစနစ် ၁၆၁ ခုတို့လည်း ပါဝင်ကြောင်း သိရသည်။

အိန္ဒိယရေတပ်သည် ဒရုန်း ၁၅ စင်းကို ဖြန့်ကြက်ရန်စီစဉ်ထားပြီး ကြည်းတပ်နှင့် လေတပ်မှ ရှစ်စင်းစီ လက်ခံရရှိမည်ဖြစ်သည်။

အဆိုပါရောင်းချမှုသည် ပင်လယ်ရေလမ်းများတွင် ဒရုန်းဖြင့် ကင်းထောက်ခြင်း၊ စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် ကင်းလှည့်ခြင်းများလုပ်ဆောင်နိုင်မည်ဖြစ်ကာ လက်ရှိနှင့် အနာဂတ်တွင် ကြုံတွေ့လာနိုင်ဖွယ်ရှိမည့်အန္တရာယ်များကို ရင်ဆိုင်ရန် အိန္ဒိယနိုင်ငံ၏စွမ်းရည်ကို တိုးတက်စေလိမ့်မည်ဟု အမေရိကန်နိုင်ငံ ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီကသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။



အိန္ဒိယနိုင်ငံသည် ၎င်း၏စစ်ဘက်ကို ခေတ်မီအောင်လုပ်ဆောင်ရန် အဆိုပါဒရုန်းများ၊ ဒုံးကျည်များနှင့် ဗုံးများကို တိုက်ပွဲဝင်အသင့် ဖြန့်ကြက်အသုံးပြုရာတွင် အခက်အခဲ တစ်စုံတစ်ရာ ရှိနိုင်လိမ့်မည်မဟုတ်ကြောင်း အမေရိကန်နိုင်ငံ ကာကွယ်ရေးနှင့်လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီက ရေးသားဖော်ပြထားသည်။

အိန္ဒိယနိုင်ငံအစိုးရသည် တရုတ်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသော ပင်လယ်ရေကြောင်းစောင့်ကြည့်ခြင်းနှင့် ကင်းထောက်ခြင်းများလုပ်ဆောင်နိုင်ရန်အတွက် ဒရုန်းများဝယ်ယူဖြည့်တင်းသွားရန် ၂၀၂၃ ခုနှစ် ဇွန်လတွင် အဆိုပါဝယ်ယူရေးကို အတည်ပြုခဲ့ခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံသားတစ်ဦးကိုလုပ်ကြံရန် ကြိုးပမ်းမှုနှင့်ပတ်သက်၍ အိန္ဒိယကိုစုံစမ်းစစ်ဆေးပေးရန် တောင်းဆိုနေချိန်တွင် ဝယ်ယူရေးသဘောတူညီချက်ကို ဆိုင်းငံ့ထားကြောင်း သတင်းမီဒီယာအများအပြားက ရေးသားနေချိန်တွင် ယခုကဲ့သို့ အတည်ပြုပေးလိုက်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

**US Approves $4B Sale of MQ9B Drones, Hellfire Missiles to India ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၇၉၈၁ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၇၉၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၈၉၈၆ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မတ်ပဲ ၁၇၉၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲ ၁၈၉၈၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ မတ်ပဲ ၁၇၉၈၁ ဧက စိုက်ပျိုးပြီးပါပြီ။ စိုက်ပျိုးထားတဲ့ မတ်ပဲတွေလဲ ပိုးမွှားအန္တရာယ် ကင်းရှင်းတာတွေ့ရပါတယ်။ မတ်ပဲလျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့နဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီ အချိန်ကတည်းက စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ စိုက်ပျိုးဖို့ ကျန်တဲ့ဆောင်းသီးနှံတွေကို ဆက်လက်စိုက်ပျိုးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ အပါအဝင် ဆောင်းသီးနှံအားလုံး အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် အခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မက်မန်းမြို့နယ်၌ မက်မန်းမြို့ရှောင်လမ်း ကွန်ကရစ်ခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**မက်မန်း ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မက်မန်းမြို့နယ်၌ မက်မန်းမြို့ရှောင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ)မှ ဒေသကြီးကြပ်ရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးဆွေလင်းမြင့်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မက်မန်းမြို့နယ် မက်မန်းမြို့ရှောင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ ဒုတိယညွှန်ကြားရေးမှူး ဦးဆွေလင်းမြင့်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားကာ လုပ်ငန်း လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



မက်မန်းမြို့နယ် မက်မန်းမြို့ရှောင်လမ်းသည် မူလအရှည် နှစ်မိုင်လေးဖာလုံ ကျောက်လမ်းအမျိုးအစားဖြစ်ပြီး ယခုဘဏ္ဍာနှစ်တွင် အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန် ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ ရာနှုန်းပြည့်ပြီးစီးပါက ဒေသတွင်း လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေပြီး ကုန်စည်စီးဆင်းမှုလွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# သံဖြူဇရပ်မြို့နယ် လှာကမိုင်ကျေးရွာ၌ ဆဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံဖြူဇရပ် ဖေဖော်ဝါရီ ၄**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စက်စဲကျေးရွာအုပ်စု လှာကမိုင်ကျေးရွာ၌ ဆဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနွယ်က လှာကမိုင်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ချေးငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ အရင်းငွေ၊ အတိုးငွေများကို သတ်မှတ်ကာလအတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များ၊ ဖြစ်မှုဖြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက လှာကမိုင်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက လှာကမိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၀ ဦးကို ငွေကျပ် ၃၈ ဒသမ ၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၉ ဒသမ ၅ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသမ ၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၆ ဦးကို ရန်ပုံငွေကျပ် သိန်း ၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညို**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၄-၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၄၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှုအား မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ကျောင်းထိုင်ဘုန်းတော်ကြီးသင်တန်းကျောင်းနှင့် စာသင်တိုက်တို့မှ သံဃာတော်များ လေ့လာကြည်ညိုစဉ်။





ဘုရားဖူးလာ သံဃာတော်များနှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျောက်စာရုံစေတီများကို ဖူးမြော်လေ့လာကြစဉ်။



ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင်နှင့် တောင်ငူခရိုင်တို့မှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း၌ ဖူးမြော်လေ့လာကြစဉ်။

၂၁ **ရှေ့ဖုံးမှအဆက်**

ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာအခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဘုရားဖူးလာအဖွဲ့တို့က ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြပြီး ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့မှုနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားပေးမှုအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ယင်းနောက် ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဘုရားဂေါပကအဖွဲ့တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဘုရားဖူးလာအဖွဲ့တို့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များနှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုကြသည်။

အလားတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများလည်း လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြကြောင်း သိရှိရသည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင်နှင့် တောင်ငူခရိုင်တို့မှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများက အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် သံဃာတော်များနှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ရင်တွင်းစကားသံများအား ယခုလို ကြားသိခဲ့ရပါတယ်-

"ဒီကနေ့ ကျွန်တော်တို့ဖူးမြင်ရတဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက ကျွန်တော့်အသက် အခုနှစ် ၇၀ ကျော်ပါပြီ ဒီအချိန်ထိ တစ်ခါမှ ဒီလိုဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မဖူးတွေ့ရသေးပါဘူး။ ဒီရုပ်ပွားတော်မြတ်ကြီးက ကမ္ဘာပေါ်မှာရှိတဲ့ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တယ်လို့လည်း သိရပါတယ်။ လာရောက်ဖူးမြော်ကြည်ညိုကြတဲ့ ဘုရားဖူးပြည်သူတွေအားလုံးရဲ့ ရင်ထဲမှာလည်း ကြည်နူးပီတိတွေဖြစ်နေကြတာကို တွေ့ရပါတယ်။ နောက်တစ်ခုက ရင်ပြင်တော်ပေါ်ကို ရောက်ရှိလာပြီး ခြေချမိလိုက်တာနဲ့ ရင်ပြင်တော်ပေါ်မှာ တည်ဆောက်ထားတဲ့ သာသနိကအဆောက်အအုံတွေ၊ မြန်မာမှုအနုပညာလက်ရာတွေ၊ ဗိသုကာပညာတွေက တကယ်ပဲ အံ့မခန်းပညာတွေနဲ့ တည်ဆောက်ထားတာကို တွေ့ရပါတယ်။ မြန်မာမှု၊ မြန်မာ့လက်ရာတွေနဲ့ အခုလိုပုံဖော်ဖန်တီးပြီးတော့ တည်ဆောက်ထားတဲ့အတွက် အံ့သြရသလို ဝမ်းသာဂုဏ်ယူခြင်းလည်းဖြစ်မိပါတယ်။ နောင်အခါမှာလည်း ကျွန်တော်တို့လို မြန်မာနိုင်ငံမှာနေကြတဲ့ ပုဂ္ဂိုလ်တွေသာမက ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိကြတဲ့ ဗုဒ္ဓဘာသာဝင်တွေက ဒီမာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တစ်ခါတစ်ခေါက်လောက်ဖြစ်ဖြစ် လာရောက်ဖူးမြော်ကြည်ညိုကြဖို့နဲ့ အသိပညာ၊ အတတ်ပညာတွေကို လေ့လာဖို့ပဲဖြစ်ဖြစ် လာရောက်ကြပါလို့ ကျွန်တော့်အနေနဲ့ ဖိတ်ခေါ်ချင်ပါတယ်။"

"ဘုန်းဘုန်းက မန္တလေးတိုင်းဒေသကြီးမှာရှိတဲ့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းက ကထိကဆရာတော်တစ်ပါးပါ။ ဘုရားဒါယကာကြီး အကြီးအကဲတို့ကနေပြီး ဘုန်းဘုန်းတို့ကို ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုလည်း ထိမ်းသိမ်းစောင့်ရှောက်ရင်း ဘုန်းဘုန်းတို့ကို ဒီရွှေကျောင်းတော်ကြီးမှာသီတင်းသုံးပြီးတော့ ကုသိုလ်ယူ သာသနာပြုဖို့ လျှောက်ထားပါတယ်။ အဲဒီတော့ ဘုန်းဘုန်း ဒီမှာသီတင်းသုံးနေတဲ့ အခိုက်အတန့်မှာ ဘုန်းဘုန်းရဲ့သင်တန်းကျောင်းက သင်တန်းသားတွေကို ဘုန်းဘုန်းက လာရောက်ပြီး ဖူးမြော်စေချင်တယ်။ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုရင်းနဲ့ ဘုန်းဘုန်းကိုဖူးရင်းပေါ့။ သူတို့လည်း ဘုန်းဘုန်းတို့ရှိတုန်း၊ ဖူးမြော်ခွင့်ရတုန်း ဖူးမြော်ဖို့ဆိုပြီး အခုလိုစီစဉ်ဆောင်ရွက်ခဲ့တာပါ။ ဒီအတွက် အလွန်ဝမ်းမြောက်ဝမ်းသာရှိပါတယ်။ ကမ္ဘာပေါ်မှာလည်း အကြီးဆုံး၊ မြန်မာမှာလည်း အကြီးဆုံး အံ့သြဖွယ်ရာ ရုပ်ပွားတော်ကြီးဖြစ်တဲ့အတွက် ဘုန်းဘုန်းတို့ရဲ့ ဒါယကာ၊ ဒါယိကာမတွေလည်း ဒီလိုပဲ အံ့သြဖွယ်၊ ကြည်ညိုဖွယ် မြန်မာပြည်မှာ သက်တော်ထင်ရှား မြတ်စွာဘုရားတစ်ဆူကြွလာပြီး သီတင်းသုံးနေတယ်လို့ ဘုန်းဘုန်းတို့ အာရုံပြုကြည်ညိုကြတာဖြစ်ပါတယ်။ ဒါကြောင့် ရဟန်းသံဃာတော်တွေနဲ့ အများပြည်သူတွေကိုလည်း ဖူးမြော်ကြည်ညိုစေချင်တဲ့အတွက် အခုလိုလာရောက်ဖူးမြော်နိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးရခြင်းဖြစ်ပါတယ်။ သူတော်စင်အပေါင်းတို့လည်း လာရောက်ပြီးတော့ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ ဖူးမြော်နိုင်ပါတယ်။ အဲဒီလိုဖူးမြော်နိုင်ဖို့အတွက်လည်း ဒီမှာရှိတဲ့ တာဝန်ရှိသူတွေက စီစဉ်ဆောင်ရွက်ပေးထားတဲ့အတွက် လာရောက်ပြီး ဖူးမြော်ကြည်ညိုကြပါလို့ ဘုန်းဘုန်းအနေနဲ့ မိန့်ကြားအပ်ပါတယ်။"





"ကျွန်တော်တို့ကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကူညီပေးမှု၊ မြို့နယ်မှာရှိတဲ့ တာဝန်ရှိသူတွေရဲ့ ကူညီပေးမှုတို့ကြောင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက် ဖူးမြော်ကြည်ညိုခွင့်ရတဲ့အတွက် အင်မတန်ကြည်နူးပြီး ရင်ထဲမှာလည်း တလှပ်လှပ်နဲ့ ခံစားရပါတယ်။ အနယ်နယ်အရပ်ရပ်က ပြည်သူတွေကိုလည်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြည်ညိုကြပါလို့ ဖိတ်ခေါ်လိုက်ရပါတယ်ခင်ဗျာ။"

# ဝန်ထမ်းများအားလုံး ကျဦးမြောင်းသည့်အမြင်မထားရှိဘဲ မှန်ကန်စွာတွေးခေါ်ဆောင်ရွက်ကြပြီး တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန်လို

**နေပြည်တော် ဖေဖော်ဝါရီ ၄**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ကျင်းပသည့် ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရှိ အရာထမ်း၊ အမှုထမ်းများ၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်ရှိ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ယာယီတိုက်ပွဲရှောင် အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ တိုင်းရင်းသားအားလုံးသည် ညီရင်းအစ်ကိုသဖွယ် နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသည့် စိတ်ထားရှိကြစေလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လူမျိုးဘာသာမခွဲခြားဘဲ ဆောင်ရွက်လျက်ရှိသဖြင့် ဝန်ထမ်းများအားလုံး ကျဦးမြောင်းသည့်အမြင်မထားရှိဘဲ မှန်ကန်စွာတွေးခေါ်ဆောင်ရွက်ကြပြီး တစ်ဦးနှင့် တစ်ဦး ချစ်ချစ်ခင်ခင် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နယ်မြေဒေသအခြေအနေအရ ရှမ်းပြည်နယ်သို့ လာရောက်နေထိုင်ကြသည့် ကယားပြည်နယ်မှ အရာထမ်း၊ အမှုထမ်းများအနေဖြင့်လည်း ဝန်ကြီးဌာနမှ တာဝန်ရှိသူများက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့်အတွက် နားလည်မှုရှိစွာဖြင့် အချိန်အတိုင်းအတာတခုအထိ သည်းခံ၍ တာဝန်ထမ်းဆောင်ကြစေလိုကြောင်း၊ လက်ရှိဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ဖြစ်ပွားခြင်း မရှိစေရေးအတွက် တစ်ဦးချင်း ကျန်းမာရေးအသိရှိရှိမှုမှက မိမိတို့မိသားစုများအားလုံး ကျန်းမာရေးအသိရှိအောင် လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ အရာထမ်း၊ အမှုထမ်းများအားလုံး မိသားစုစိတ်ဓာတ်ကိုအခြေခံပြီး အထက်အောက်မှုတစွာ ကွပ်ကဲအုပ်ချုပ်ခြင်းဖြင့် မိမိတို့၏အဓိကတာဝန်ဖြစ်သည့် မြန်မာ့အားကစား အောင်မြင်စေရေးကို ဖြေရှု ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရှိ အရာထမ်း၊ အမှုထမ်းများ၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်ရှိ ယာယီတိုက်ပွဲရှောင် အရာထမ်း၊ အမှုထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၄၇၂၀၀၀၀ နှင့် ဝေါလ်ကင်းရှူး၊ အတွင်းဝတ်အင်္ကျီ၊ ချွေးသိပ်ဝတ်စုံနှင့် စားသုံးကုန်ပစ္စည်းများအပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၅၃၃၀၀၀ ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် အရာထမ်း၊ အမှုထမ်းများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဒုတိယအကြိမ် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများ၏ တာဝန်ခံများအတွက် အာဆီယံစီမံချက်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ဒုတိယအကြိမ် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံ အဆင့်မြင့်အရာရှိကြီးများ၏ တာဝန်ခံများအတွက် အာဆီယံစီမံချက်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံက အာဆီယံအတွင်းရေးမှူးရုံးနှင့်ပူးပေါင်း၍ ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက နေပြည်တော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။






အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က ယနေ့ကမ္ဘာ့နိုင်ငံအများစုတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းဆောင်ရွက်ရာတွင် တစ်နိုင်ငံတည်း၏ စွမ်းအားဖြင့် ဆောင်ရွက်၍မရဘဲ နိုင်ငံအားလုံး အတူတကွပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသည့်အခန်းကဏ္ဍတစ်ခု ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် ဆွေးနွေးပွဲသည် တရားမဝင်မူးယစ်ဆေးဝါးများကြောင့်ဖြစ်ပေါ်လာသော စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှု စွမ်းအားများကို ခိုင်မာလာစေနိုင်သည့်အပြင် ဒေသတွင်းမူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးနှင့် ဘေးကင်းလုံခြုံသော လူမှုအဖွဲ့အစည်းဖြစ်စေရေး မူးယစ်ဆေးဝါးဆန့်ကျင်ရေး အာဆီယံလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅)ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အထောက်အပံ့ကောင်းတစ်ရပ်ဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း၊ အာဆီယံဒေသအတွင်း တရားမဝင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အာဆီယံစီမံချက်များ ဖွံ့ဖြိုးတိုးတက်ရေးအခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ ဒေသတွင်းနိုင်ငံများအနေဖြင့် တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်ကိုလည်း တိုက်တွန်းပါကြောင်း၊ ဒေသတွင်းရင်ဆိုင်နေရသော မူးယစ်ဆေးဝါးအန္တရာယ်များနှင့် စိန်ခေါ်မှုအခက်အခဲများကို အတူတကွပူးပေါင်းရင်ဆိုင်ဖြေရှင်းနိုင်မည့် နည်းလမ်းများဖော်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးကြီးမြင့်ထူး ဦးဆောင်သောကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးရုံးနှင့် အာဆီယံဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ ရုရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး အာဆီယံစီမံချက်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၅၂၇၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့်အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဖေဖော်ဝါရီ ၅ ရက်မှ ၁၂ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၅၂၇၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများနှင့် ထူးချွန်ဆုရဝန်ထမ်းများကို ကြိုဆိုဂုဏ်ပြုပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၃) နှစ်မြောက် နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများနှင့် ထူးချွန်ဆုရရှိသူ ဝန်ထမ်းများကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဦးစီးမှူးများနှင့် သင်တန်းများ၊ ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိခဲ့ကြသည့် ဝန်ထမ်းများကို ယခုကဲ့သို့တွေ့ဆုံအားပေးခွင့်ရရှိခဲ့သည့်အတွက် လွန်စွာဝမ်းမြောက်မိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို တာဝန်ကျနယ်မြေအသီးသီးတွင် ကျေပွန်စွာထမ်းဆောင်နေကြသည့်အတွက် အားရကျေနပ်မိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များသည် သာမန်အားဖြင့် ပိတ်ရက်၊ နားရက်မရှိဘဲ ပြည်သူများကို အကျိုးပြုရသည့်ဌာနတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများ စိတ်ဓာတ်နှင့်စေတနာကောင်းမွန်အောင် ပြုကျင့်ဆောင်ရွက်ပေးကြစေလိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်က နယ်စပ်ဒေသများရှိ ဝန်ထမ်းများနှင့်အမြဲမပြတ်ထိတွေ့၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လမ်းညွှန်ထားပါကြောင်း၊ မိမိတို့ကျရာနေရာများတွင် နိုင်ငံတော်အစိုးရ၏ ဦးတည်ချက်၊ ရည်မှန်းချက်များ အောင်မြင်စေရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးကြရန်လိုပါကြောင်း၊ အထူးသဖြင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် သတင်းတု၊ သတင်းမှားများတိုက်ဖျက်ရေးလုပ်ငန်းများကို ပြည်သူများပူးပေါင်းဆောင်ရွက်စေရန် မီဒီယာနည်းလမ်းများဖြင့် စည်းရုံးဆောင်ရွက်ကြစေလိုကြောင်းဖြင့်ပြောကြားပြီး နယ်စပ်ဒေသအသီးသီးရှိ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်ကာ ညစာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်းသူရိယ လှသောင်းကျောင်း)၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရည်ချွန် ဘက်စုံထူးချွန်ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်းသူရိယလှသောင်းကျောင်း)၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရည်ချွန် ဘက်စုံထူးချွန်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ အောင်ဆန်းသူရိယ လှသောင်းကျောင်းခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ကျောင်းသူများ၏ သီဆိုကပြမှုများကို ကြည့်ရှုအားပေးကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘက်စုံပညာရည်ချွန်ဆုရရှိသူများ၊ သင်္ချာစွမ်းရည်နှင့် အင်္ဂလိပ်စာစွမ်းရည် (ဗဟိုအဆင့်) ဆုရရှိသူများ၊ရန်ကုန်မြို့တော်မဟာသင်္ကြန်တွင် မြို့တော်ဝန်ဖလားဆုရကျောင်းသား၊ကျောင်းသူများ၊ ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)၌ အတီးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် KG တန်းမှ Grade-11 အထိ ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအဆင့်ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများနှင့် ခွင့်ပျက်ရက်မရှိ ကျောင်းတက်ရက်မှန် ဆုရရှိသော ဆရာ၊ဆရာမများကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆုရကျောင်းသားတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

# တရားမဝင် သစ်မျိုးစုံ၊ ကျောက်စိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ကျုံပျော်ခရိုင် ရေကြည်မြို့နယ်၌ တရားမဝင်အခြားသစ် ၁ ဒသမ ၈၇၃ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၉၆၆ ကို သစ်တောဥပဒေအရ လည်းကောင်း၊ ဟင်္သာတမြို့ ရုံးကြီးရပ်ကွက်၌ လိုင်စင်မဲ့ Suzuki Pick Up မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀ ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၁၅၉၆၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဈေးအတွင်း၌ မသင်္ကာဖွယ်ရပ်တန့်ထားသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်ကျောက်စိမ်းဟု ယူဆရသော လက်ကောက်ကွင်း(ဆိုဒ်စုံ) ၇၃၀ ကွင်းအပါအဝင် ကုန်ပစ္စည်းလေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၃၅၀၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Mark II တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀၀၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၃၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် 100% Polyester Fabric ၃၀၀၃ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၁၈၀၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀၀ ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂၆)ရပ်ကွက်၌ တရားမဝင်ကျွန်းသစ်(ပါကေးအကြမ်းတုံး) ၁ ဒသမ ၂၈၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၅၀၀၀ ကို သစ်တောဥပဒေအရ လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၁၈၇၃၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဖေဖော်ဝါရီ ၂ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့က မော့ကစင်ကျေးရွာအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ကားတာယာ (Used) အလုံး ၁၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် PVC Resin Powder ကီလိုဂရမ် ၉၀၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၃၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီးအကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဖေဖော်ဝါရီ ၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ငါးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Metal Studs သတ္တုချောင်းများ ၁၅၀၀၀ ကီလိုဂရမ် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၅၀၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့ စခတ(၈) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ဖမ်းဆီးရမိမှု အမှုတွဲ ၁၄ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၈၀၂၃၉၆၆ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးရှိမြို့နယ် ၂၈ မြို့နယ်တွင် အသံမစဲဥပ္ပါတသန္တိကျမ်းမြတ် ၂၇ ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲမင်္ဂလာအခမ်းအနား ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် အသံမစဲဥပ္ပါတသန္တိကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲကို တိုင်းဒေသကြီးအတွင်းရှိမြို့နယ်၂၈ မြို့နယ်တွင် ဇန်နဝါရီ ၉ ရက်နံနက် ၉ နာရီမှစတင်၍ ရွတ်ဖတ်ပူဇော်ခဲ့ရာ ယနေ့တွင် ၂၇ရက်တိုင်တိုင် အောင်မြင်စွာ ရွတ်ဖတ်ပူဇော်ခဲ့ပြီး ရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲမင်္ဂလာ အခမ်းအနားများကို မြို့နယ်၂၈ မြို့နယ်ရှိ သတ်မှတ်နေရာများတွင် အောင်မြင်စွာ ကျင်းပသည်။



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၌ မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားတွင် အသံမစဲဥပ္ပါတသန္တိကျမ်းမြတ်ရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲမင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၉နာရီက ကျင်းပရာ မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အောင်မြေသာစံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဘဒ္ဒန္တပညာသိရီဘိဝံသအမှူးပြုသည့် ဆရာတော်များနှင့် အသံမစဲ ဥပ္ပါတသန္တိကျမ်းမြတ်ရွတ်ဖတ်ပူဇော်ခဲ့ကြသည့် သံဃာတော် ၂၇ ပါးတို့ ကြွရောက်ချီးမြှင့်တော်မူပြီး တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဂေါပအဖွဲ့ ဥက္ကဋ္ဌအဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာကျော်ဝင်းနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြကာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

၎င်းနောက် မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အောင်မြေသာစံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊သံဃာတော်များရွတ်ပွားတော်မူကြသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အလှူရှင်များက ဆရာတော်၊သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ထံမှ ရေစက်ချတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကာ ဝတ်ရွတ်အသင်းသူများကအမျှဝေ ဆုပေးကဗျာအား စုပေါင်းသံပြိုင်ရွတ်ဆိုပြီးနောက် ဆရာတော်၊ သံဃာတော်များနှင့် တက်ရောက်လာကြသူများက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံး ကြိမ်ရွတ်ဆိုဆုတောင်း၍ ဥပ္ပါတသန္တိ ကျမ်းမြတ်ရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အလှူရှင်များက ဆရာတော်၊သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



☆ **ကျောဖုံးမှအဆက်**

စက်ဘီးစီးအားကစားသမားများနှင့်ဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်ကခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြင်ဦးလွင်မြို့ကို ခရီးသွားမြို့တော်၊ စံပြမြို့တော်ဖြစ်စေရေး အလေးထား ဆောင်ရွက်နေပါကြောင်း၊ ပြင်ဦးလွင်ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ်သည် မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ခရီးသွားမြှင့်တင်ရေးလှုပ်ရှားမှုတစ်ရပ်အနေဖြင့် ၂၀၂၀ ခုနှစ်မှ စတင်ကျင်းပခဲ့ပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင်မြင်မည်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း၊ပြင်ဦးလွင်မြို့တွင်ပြည်တွင်းပြည်ပခရီးသွားများအတွက် ခရီးစဉ်ဒေသများစွာရှိပါကြောင်း၊ယခုစက်ဘီးစီးပွဲတော်မှတစ်ဆင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုးက ပြင်ဦးလွင်ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ်နှင့်စပ်လျဉ်း၍ ပြောကြားရာတွင် မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများစွာရှိသည့်နိုင်ငံဖြစ်ပါကြောင်း၊ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာစေရန်နှင့် ပြည်တွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်နေပါကြောင်း၊ မြန်မာ့ခရီးသွားလုပ်ငန်းသည် ၂၀၂၂ ခုနှစ်တွင် ပြည်ပခရီးသွားဧည့်သည် သုည ဒဿမ ၂၃၃ သန်းသာ ဝင်ရောက်ရာမှ ၂၀၂၃ခုနှစ်တွင် ၁ဒဿမ၂၈သန်းအထိဝင်ရောက်ခဲ့ပြီး ပြည်ပဧည့်သည် ငါးဆကျော်တိုးတက်ဝင်ရောက်လာပါကြောင်း၊ ယခုလိုခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်အားကစားပွဲများ ဆောင်ရွက်ခြင်း၊ ခရီးသွားဆွဲဆောင်မှုအသစ်များဖော်ထုတ်ခြင်းနှင့် ခရီးစဉ်ဒေသ သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ခြင်းများကို အားလုံးကဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်ဘီးစီးအဖွဲ့ကို ကန်တော်ကြီးစုရပ်နေရာမှစတင်တာလွှတ်ပေးခဲ့ရာ စက်ဘီးစီးအဖွဲ့သည် သတ်မှတ်လမ်းကြောင်းအတိုင်း ကန်တော်ကြီးအတွင်းပတ်လမ်း၊ကန်တော်ကြီးအပြင်တာဘောင်နှင့်ပတ်လမ်း၊ ကန်တော်ကြီးမှ မြို့ရှောင်လမ်း-ဆင်ခေါင်းလေးရွာလမ်းဆုံအထိ၊ မြို့ရှောင်လမ်း၊ မန္တလေး-လားရှိုးလမ်းအတိုင်း ပျော်ရွှင်စွာပါဝင်ဆင်နွှဲစီးနင်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့အဖွဲ့သည်ခေတ္တနားသည့် ပွဲကောက်ရေတံခွန်နေရာတွင် စက်ဘီးစီးအဖွဲ့ကို ကြိုဆိုအားပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။ စက်ဘီးစီးအဖွဲ့သည်ထိုမှတစ်ဆင့် ပွဲကောက်ရွာနှင့်ဒီဇင်ဘာခြံအကြား တောလမ်းများအတိုင်းသတ်မှတ်လမ်းကြောင်းမှ ဒီဇင်ဘာခြံရေတံခွန်နှင့် အပန်းဖြေစခန်းသို့ တပျော်တပါး ဆက်လက်စီးနင်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများကပန်းဝင်လာသည့် စက်ဘီးစီးအဖွဲ့ကို ကြိုဆိုအားပေးကြပြီး အမှတ်တရလည်ဆွဲတံဆိပ်များနှင့် ပြင်ဦးလွင်ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ်တွင် ပူးပေါင်းပါဝင်သူများကို ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မြိတ်မြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့်တာဝန်ရှိသူများက နယ်မြေခံလေတပ်စခန်းဌာနချုပ်ရှိ ရွာဟော့လူခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။ ယင်းနောက် တက်ရောက်လာကြသူများအား လက်ဖက်ရည်နှင့် မုန့်များဧည့်ခံကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။




ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၅-၂-၂၀၂၄ (တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့ |
| ၂။ | ၁၀း၄၆ | Master Chef |
| ၃။ | ၁၃း၃၀ | Live For You |
| ၄။ | ၁၇း၀၀ | သွေးချင်းတို့ဌာနေ |
| ၅။ | ၁၉း၃၀ | International Song |

# မုံရွာမြို့နယ် နဂါးတွင်းကျေးရွာနှင့် မတူပီမြို့နယ် ချန်းပြန်းကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မုံရွာမြို့နယ် နဂါးတွင်းကျေးရွာကို ဖေဖော်ဝါရီ ၃ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေသည့်အတွက် ၎င်းကျေးရွာအနီးရှိ ကျေးရွာ ၁၀ ရွာကျော်မှ ပြည်သူများလည်း ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်းနှင့် မတူပီမြို့နယ် ချန်းပြန်းကျေးရွာကိုလည်း ဖေဖော်ဝါရီ ၁ ရက်က ၎င်းကျေးရွာအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ မိုင်းဆွဲတိုက်ခိုက်ခံရသောကြောင့် ချန်းပြန်းကျေးရွာကို ရွာလုံးကျွတ်မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်ပေါ်တွင် လုပ်ကြံရေးသားဝါဒဖြန့်နေသည်ကိုတွေ့ရှိရသည်။

အဆိုပါသတင်းများနှင့် ပတ်သက်၍ နယ်မြေခံပြည်သူများ၏ ပြောကြားချက်များနှင့် သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်များအရ မုံရွာမြို့နယ် နဂါးတွင်းကျေးရွာကိုလုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေသည်ဆိုသည်မှာ သတင်းအမှားသာဖြစ်ကြောင်း၊ ၎င်းရက်တွင် နဂါးကျေးရွာနှင့်အနီးပတ်ဝန်းကျင်များတွင် နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်းမရှိကြောင်းသိရှိရသည်။ အလားတူ မတူပီမြို့နယ် ချန်းပြန်းကျေးရွာအနီးတွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁ ရက်က သွားရောက်ခဲ့ခြင်းမရှိကြောင်းနှင့်၎င်းကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့သည်ဟုရေးသားမှုမှာလည်းလုပ်ကြံရေးသားခြင်းသာဖြစ်ကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများ၏ နိုင်ငံအား အလုံးစုံဖျက်သုဉ်းရေးအတွက် သတင်းတု၊ သတင်းမှားများကိုကြိမ်ဖန်များစွာလုပ်ကြံရေးသားပြီး ပြည်သူများအား သတင်းအဆိပ်ခတ်ဖြန့်ဝေလျက်ရှိရာ ၎င်းတို့၏ လုပ်ကြံသတင်းအမှားများအပေါ် ပြည်သူများ အထင်အမြင်လွဲမှားမှုမရှိစေရန်အတွက် နိုင်ငံပိုင်သတင်းဌာနများနှင့် သတင်းစာများတွင် သတင်းအမှန်များကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။







# လှိုင်ကော်အကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသားများအပါအဝင် အကျဉ်းသားဦးရေ ၂၀ လွတ်ရက်စေ့သော်လည်း ပြန်လွှတ်မပေးဘဲ လုံခြုံရေးအကြောင်းပြချက်ဖြင့် မတရားဆက်လက်ဖမ်းဆီးထားကြောင်း ကောလာဟလသတင်းအမှားများကို ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဖေဖော်ဝါရီ ၄**

ကယားပြည်နယ် လှိုင်ကော်အကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသားများအပါအဝင် အကျဉ်းသားဦးရေ ၂၀ လွတ်ရက်စေ့သော်လည်း အကျဉ်းထောင်မှ လုံခြုံရေးအကြောင်းပြချက်ဖြင့် ပြန်လည်လွှတ်ပေးခြင်းမရှိဘဲ မတရားဆက်လက်ဖမ်းဆီးထားကြောင်း ကောလာဟလသတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ ကောလာဟလသတင်းနှင့်ပတ်သက်၍ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ "လှိုင်ကော်အကျဉ်းထောင်တွင် ပြစ်ဒဏ်ရက်ပြီးဆုံး၍ လွတ်မြောက်ပြီးဖြစ်သော်လည်း ခရီးသွားပို့ဆောင်ရေးယာဉ်များပြေးဆွဲခြင်းမရှိခြင်းကြောင့် ၎င်းတို့ကိုဥပဒေနှင့်အညီ လက်ခံကျွေးမွေးထားရှိပြီး လွတ်လပ်စွာနေထိုင်ခွင့်ပြုထားပါကြောင်း၊ နေရပ်အသီးသီးသို့ အဆင်ပြေချောမွေ့စွာနဲ့ ပြန်နိုင်ရေးအတွက်လည်း တာဝန်ရှိသူများအနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကျဉ်းထောင်က လွတ်ပြီးသော်လည်း ပြန်ရန်အဆင်မပြေသေးပါက ကျွေးမွေးစောင့်ရှောက်ထားရန် ဥပဒေတွင် ပြဋ္ဌာန်းထားရှိကြောင်းနှင့် ၎င်းတို့ကို မတရားချုပ်နှောင်ထားခြင်းမရှိပါကြောင်း" သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အနောက်နိုင်ငံများအလိုကျ နိုင်ငံအတွင်း ဆူပူသောင်းကျန်းမှုများဖြင့် တည်ငြိမ်အေးချမ်းမှုမရှိစေရန် ဦးတည်လုပ်ဆောင်နေပြီး အကြောင်းအရာမျိုးစုံကို မဟုတ်မမှန်ရေးသားကာ ပြည်သူများအား အထင်အမြင်လွဲမှားစေရန်နှင့် ကြောက်ရွံ့ထိတ်လန့်လာစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များကိုအခြေခံကာ သတင်းအမှားများဖြင့် လှုံ့ဆော်ဝါဒဖြန့် ရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Chan Myae" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၇)ရပ်ကွက်နေ ကောင်းထက်သူ(ခ)ချမ်းမြေ့ပိုင်အား မွန်းလွဲ ၂ နာရီ၃၅ မိနစ်တွင်လည်းကောင်း၊ "Aung Lay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မြေဝတီရပ်ကွက်နေ စိုးမိုးကျော်အား ည ၆ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။



## မှတ်ပုံတင်သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်း မရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေးသမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်ကမှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် ၁၉၈၀ Model နှင့် ၎င်းမတိုင်မီ ယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သောယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့်သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည်မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင်(၁-၂-၂၀၂၄)ရက်မှ (၃၁-၇-၂၀၂၄)ရက်ထိ ခြောက်လကာလအတွင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့်အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ချီလီနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် လူ ၄၆ ဦးသေဆုံးပြီး နေအိမ် ၁၁၀၀ ပျက်စီး



**ဆန်တီယာဂို ဖေဖော်ဝါရီ ၄**

ချီလီနိုင်ငံ အလယ်ပိုင်း လူနေထူထပ်သော ဗာပါရီဆိုပြည်နယ် တစ်ဝိုက်တွင် တောမီးပြင်းထန်စွာ လောင်ကျွမ်းမှုကြောင့် အနည်းဆုံး လူ ၄၆ ဦးသေဆုံးပြီး နေအိမ် ၁၁၀၀ ထက်မနည်း ပျက်စီးခဲ့ကြောင်း ချီလီပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ဖေဖော်ဝါရီ ၃ ရက် သတင်းများအရ သိရသည်။

ချီလီနိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် ပြီးခဲ့သည့် သီတင်းပတ်ရက်များအတွင်း အပူချိန်လွန်ကဲမှုကြောင့် တောမီးလောင်ကျွမ်းမှု ၉၂ ကြိမ်ဖြစ်ပွားခဲ့ကြောင်း၊ လူဦးရေ ၁ ဒသမ ၈ သန်းခန့်ရှိသော ဗာပါရီဆိုပြည်နယ်တွင် တောမီးပြင်းထန်စွာလောင်ကျွမ်းမှုများကြောင့် လူ ၄၆ ဦး သေဆုံးခဲ့ပြီး နေအိမ် ၁၁၀၀ ထက်မနည်း ထိခိုက်ပျက်စီးခဲ့ကြောင်း၊ ထိခိုက်သေဆုံးသူ အရေအတွက် တိုးလာနိုင်သေးကြောင်း ချီလီသမ္မတ ဂါဘရီရယ်ဘောရစ်က ရုပ်သံမိန့်ခွန်းတစ်ခုတွင် ပြောကြားခဲ့သည်။

"မီးသတ်ကားတွေ၊ လူနာတင်ယာဉ်တွေနဲ့ အခြားအရေးပေါ်ယာဉ်တွေသွားလာဖို့ လမ်းတွေရှင်းနေဖို့ လိုပါတယ်။ ဘေးလွတ်ရာကို ရွှေ့ပြောင်းမိန့်ရရင်လဲ လိုက်နာဆောင်ရွက်ပေးကြဖို့ ပြောချင်ပါတယ်" ဟု ချီလီပြည်ထဲရေးဝန်ကြီး ကာရိုလီနာတိုဟာက ပြောကြားခဲ့သည်။

အပူချိန်မြင့်မားခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် စိုထိုင်းဆ နည်းလွန်းခြင်းတို့ကြောင့် တောမီးကူးစက်မှု အရှိန်မြန်ဆန်လျက်ရှိပြီး ထောင်နှင့်ချီသော ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန် ပြည်ထဲရေးဝန်ကြီးဌာနက တိုက်တွန်းချက် ထုတ်ပြန်ထားကြောင်း သိရသည်။

တောမီးလောင်ကျွမ်းလျက်ရှိသော ဒေသခံများအတွက် ယာယီခိုလှုံရန် အဆောက်အအုံသုံးလုံး ဆောက်လုပ်ပေးထားပြီး ရဟတ်ယာဉ် ၁၉ စင်း၊ မီးသတ်သမားဦးရေ ၄၅၀ ကျော်ဖြင့် မီးငြိမ်းသတ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီး ကာရိုလီနာတိုဟာက ဆက်လက်ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : AZH

# လျှင်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသူများကို တူကီယဲအစိုးရက နေအိမ် ၇၂၇၅ လုံးပေးအပ်

**အင်ကာရာ ဖေဖော်ဝါရီ ၄**

တူကီယဲနိုင်ငံတွင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသူများကို တူကီယဲအစိုးရက နေအိမ် ၇၂၇၅ လုံးကို ဖေဖော်ဝါရီ ၃ ရက်က ပေးအပ်ခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ငလျင်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသူများအတွက် နေအိမ် ၇၂၇၅ လုံးကို ကနဦးပေးအပ်ခြင်းဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းများလည်း ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီ အိမ်ခြေ ၄၀၀၀၀ ကို ပြည်သူများထံ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း ငလျင်ဒဏ်ကြောင့် ဆိုးရွားစွာ ထိခိုက်ပျက်စီးခဲ့သော ဟက်တယ်ပြည်နယ်တွင် ပြုလုပ်သည့် အဆောက်အအုံပေးအပ်ပွဲ အခမ်းအနား၌ တူကီယဲသမ္မတ ရီဆက်တိုရစ်အာဒိုဂန်က ပြောကြားခဲ့သည်။

ဟက်တယ်ပြည်နယ်တွင် ပြိုကျပျက်စီးခဲ့သော နေအိမ်အရေအတွက်မှာ ၂၁၅၂၅၅ လုံးဖြစ်ပြီး အခမ်းအနားတွင် လွှဲပြောင်းပေးရန် သမ္မတပြောကြားခဲ့သော နေအိမ်အရေအတွက်မှာ ၄၀၀၀၀ ကျော်သာဖြစ်သည့်အတွက် ပြည်နယ်အတွင်း ပျက်စီးခဲ့သည့် နေအိမ်အရေအတွက်၏ ငါးပုံတစ်ပုံသာ ရှိသေးကြောင်း ဝေဖန်မှုများ ထွက်ပေါ်လျက်ရှိသည်။

ငလျင်ဇုန်အတွင်း ထိခိုက်ပျက်စီးခဲ့သော နေအိမ်များအတွက် လာမည့်နှစ်လအတွင်း နေအိမ် ၇၅၀၀၀ ကို ဆက်လက်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း နေအိမ် ၂၀၀၀၀၀ ပြည့်အောင် ပေးအပ်သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး မာမက်အိုရာဆက်ကီက ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် ငလျင်လှုပ်ခတ်ပြီး တစ်နှစ်အတွင်း နေအိမ် ၃၁၉၀၀၀ ဆောက်လုပ်ပေးအပ်ရန် သမ္မတ ရီဆက်တိုရစ်အာဒိုဂန်က ကတိပြုပြောကြားခဲ့သော်လည်း ယခုလက်ရှိအချိန်ထိ ပြည်သူများလက်တွင်းသို့ ပေးအပ်သောအရေအတွက်မှာ ငါးပုံတစ်ပုံပင်မပြည့်သေးကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

# အင်္ဂလန်နိုင်ငံ ဝေါစတာမြို့ရှိ သမိုင်းဝင်တံတား ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့

**လန်ဒန် ဖေဖော်ဝါရီ ၄**

အင်္ဂလန်နိုင်ငံ ဝေါစတာမြို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ရေကြီးရေလျှံမှုဖြစ်ပွားမှုကြောင့် သမိုင်းဝင်တံတား ပျက်စီးခဲ့ကြောင်း အင်္ဂလန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုကြောင့် အဆိုပါတံတားအဝင်လမ်း၊ အထွက်လမ်းများကို ယာယီပိတ်ထားပြီး တံတားအပျက်အစီးများသည်လည်း တီမီမြစ်ဝှမ်းအတွင်း ပြိုကျကာ ရေစီးနှင့်အတူ မျောပါသွားခဲ့ကြောင်း၊ ရေစီးကြောင့် တံတားတိုင်များ ပြိုကျခဲ့သဖြင့် တံတားပျက်စီးမှု များပြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဝေါစတာရဲ့ သမိုင်းဝင်တံတားဟာ ရေကြီးရေလျှံမှုကြောင့် ပြိုကျပျက်စီးသွားခဲ့ပါတယ်။ ဒီတံတားဟာ ၁၅ ရာစုနှစ်ကတည်းက တည်ဆောက်ထားတဲ့တံတားဖြစ်ပြီးတော့ ဝေါစတာရဲ့ အထင်ကရတံတားတစ်စင်းဖြစ်ပါတယ်။ တံတားပျက်စီးသွားခဲ့တဲ့အတွက် တံတားကို ဖြတ်သန်းခွင့်ပိတ်ပင်ထားပါတယ်။ မြေအောက်အခြေအနေ တည်ငြိမ်မှုရှိ၊ မရှိ စစ်ဆေးမှုရလဒ်ထွက်ပေါ်လာတာနဲ့ ပြန်လည်မွမ်းမံတည်ဆောက်တဲ့လုပ်ငန်းတွေကို ဆောင်ရွက်သွားတော့မှာ ဖြစ်ပါတယ်"ဟု ဝေါစတာ အဝေးပြေးလမ်းမနှင့် သယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှုဆိုင်ရာအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ မိုက်ရောက်က ပြောကြားသွားခဲ့သည်။



သမိုင်းဝင်တံတားဖြစ်သည့်အတွက် အာဏာပိုင်အဖွဲ့အစည်းက တံတားကို ရှေးဟောင်းလက်ရာအတိုင်း ပြန်လည်မွမ်းမံတည်ဆောက်နိုင်ရန် ဆောက်လုပ်ရေးအင်ဂျင်နီယာများကို စေလွှတ်ခဲ့ကြောင်း၊ တံတားပျက်စီးမှုကို Drone များဖြင့် အသေးစိတ်စစ်ဆေးမှု ပြုလုပ်လျက်ရှိပြီး စစ်ဆေးမှုမှ ထွက်ပေါ်လာသည့် ပျက်စီးမှုပမာဏကို ဝေါစတာအဝေးပြေးလမ်းမနှင့် သယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှုဆိုင်ရာအဖွဲ့အစည်းထံ တင်ပြသွားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : Sai Sat

# ဩစတြေးလျတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် တောမီးအန္တရာယ် သတိပေးချက်ထုတ်ပြန်ထား

**ကင်ဘာရာ ဖေဖော်ဝါရီ ၄**

ဩစတြေးလျနိုင်ငံတစ်ဝန်း ဖေဖော်ဝါရီ ၃ ရက်တွင် အပူလှိုင်းဖြတ်သန်းမှုဖြစ်ပွားခဲ့ပြီး အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းနိုင်သည့် အခြေအနေသို့ ရောက်ရှိနေကြောင်း ဩစတြေးလျ အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူလှိုင်းသည် ဩစတြေးလျနိုင်ငံ၏ လူနေထူထပ်သော နယူးဆောက်ဝေးပြည်နယ်၊ အနောက်ပိုင်း ဩစတြေးလျပြည်နယ်၊ ဩစတြေးလျမြို့တော်ဒေသကြီး၊ ဩစတြေးလျနိုင်ငံ မြောက်ပိုင်းဒေသကြီးတို့ကို ဖြတ်သန်းခဲ့ခြင်းဖြစ်ပြီး အဆိုပါပြည်နယ်များ၌ အပူချိန်မြင့်တက်လျက်ရှိကြောင်း၊ အပူချိန်သည် အနိမ့်ဆုံး ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်သည့်အတွက် တောမီးအန္တရာယ် အထူးသတိပြုရမည့် ကာလဖြစ်ကြောင်းလည်း ဩစတြေးလျအာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်သွားခဲ့သည်။

"အပူလှိုင်းတွေဖြတ်သန်းနေမှုကြောင့် အပူချိန်တွေ ဆက်တိုက်မြင့်တက်နေပါတယ်။ တောမီးအန္တရာယ် အထူးသတိပြုရမဲ့ကာလဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ မီးမပေါ့ဆဖို့နဲ့ ဒီကာလအတွင်း တောအုပ်တွေမှာ ပျော်ပွဲစားထွက်ပြီး အကင်လုပ်စားတာတွေကို တားမြစ်ပါတယ်"ဟု ဩစတြေးလျအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

အယ်လ်နီညိုရာသီဥတုကြောင့် အပူလှိုင်း ဖြတ်သန်းခဲ့ခြင်းဖြစ်ပြီး အပူလှိုင်းဖြတ်သန်းနေသည့် ဒေသများမှာ တောမီးလောင်ကျွမ်းမှု မကြာခဏဖြစ်ပေါ်နေသည့် ဒေသများဖြစ်ကြောင်း၊ လက်ရှိ အပူချိန်အမြင့်ဆုံးအနေဖြင့် နယူးဆောက်ဝေးပြည်နယ် ဆစ်ဒနီမြို့တော်တွင် အပူချိန် ၃၉ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး အပူချိန်အမြင့်ဆုံးသော ဖေဖော်ဝါရီလအဖြစ် မှတ်တမ်းဝင်နေကြောင်း၊ အပူလှိုင်းသည် ဗစ်တိုးရီးယားပြည်နယ်နှင့် တောင်ပိုင်း ဩစတြေးလျပြည်နယ်ထိ ကူးစက်သွားဖွယ်ရှိနေသည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပူလှိုင်းဖြတ်သန်းမှုဖြင့် ရင်ဆိုင်သွားရဖွယ်ရှိနေကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ဘိုင်အိုမာတင်ငွေ့ထုတ်လုပ်ရေးစီမံကိန်းများကို ရာသီဥတုပြောင်းလဲမှုဆိုင်ရာရန်ပုံငွေဖြင့် ပံ့ပိုးမှုမပြုလုပ်သင့်ကြောင်း အမေရိကန်လွှတ်တော်အမတ်တချို့ တိုက်တွန်းစာပေးပို့

**ဝါရှင်တန် ဖေဖော်ဝါရီ ၄**

အမေရိကန်နိုင်ငံသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာရန်ပုံငွေမှ ငွေကြေးပံ့ပိုးမှုများ ပြုလုပ်လျက်ရှိရာ မွေးမြူရေးကဏ္ဍမှဆောင်ရွက်နေသော ဘိုင်အိုမာတင်ငွေ့ထုတ်လုပ်မှု စီမံကိန်းများကို ၎င်းရန်ပုံငွေမှ ငွေကြေးပံ့ပိုးမှုမပြုလုပ်သင့်ကြောင်း လွှတ်တော်အမတ်တချို့က အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနသို့ တိုက်တွန်းစာ ရေးသားပေးပို့ခဲ့ကြောင်း အမေရိကန် စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။


မွေးမြူရေးကဏ္ဍမှ ဘိုင်အိုမာတင်ငွေ့များ ထုတ်လုပ်ရာတွင် သိုလှောင်ရုံများ၌ မွေးမြူရေးကဏ္ဍမှ အညစ်အကြေးများကို သိုလှောင်ကာ ဘိုင်အိုမာတင်ငွေ့များအဖြစ် ပြောင်းလဲထုတ်လုပ်ရမည်ဖြစ်ပြီး ၎င်းသိုလှောင်ရုံများ တည်ဆောက်ရန်အတွက် စိုက်ပျိုးရေးဝန်ကြီးဌာနက ဘတ်ဂျက်ခွင့်ပြုသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မွေးမြူရေးကဏ္ဍမှ ထွက်ပေါ်လာသော အညစ်အကြေးများသည် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်သည့်အတွက် လွှတ်တော်အမတ်တချို့စုစည်း၍ စိုက်ပျိုးရေးဝန်ကြီးဌာန၏ အတွင်းရေးမှူးဖြစ်သူ တွမ်ဗီလ်ဆက်ထံသို့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာရန်ပုံငွေမှ စိုက်ပျိုးရေးဝန်ကြီးဌာနအတွက် သုံးစွဲခွင့်ပြုထားသည့် ငွေကြေးပမာဏမှခွဲဝေ၍ ဘိုင်အိုမာတင်ငွေ့ထုတ်လုပ်ရန် သိုလှောင်ရုံများတည်ဆောက်ရေး ငွေကြေးပံ့ပိုးမှု မပြုလုပ်သင့်ကြောင်း တိုက်တွန်းစာရေးသားပေးပို့ခဲ့ခြင်းဖြစ်သည်။

အဆိုပါ တိုက်တွန်းစာတွင် ပူးတွဲတောင်းဆိုသူ လွှတ်တော်အမတ် ၁၅ ဦး၏ လက်မှတ်များပါဝင်နေပြီး အိမ်ဖြူတော်အစိုးရအနေဖြင့် အဆိုပါတိုက်တွန်းစာအရ ဘိုင်အိုမာတင်ငွေ့ထုတ်လုပ်ရေးစီမံကိန်းများကို ပြန်လည်သုံးသပ်သွားဖွယ်ရှိနေကြောင်း သိရသည်။

Ref : Xinhua News

Trs : Sai Sat



# အမေ့သမီး လူကြီးကတော်

မယ်မင်းခ(စေရာ)

(၁)

"မွေးပြီဟေ့ မွေးပြီ။ မိန်းကလေး မိန်းကလေး ဖြူဖြူဖွေးဖွေး တစ်လုံးတစ်ခဲကြီးတော်ရေ့"

အိမ်အနောက်ခန်းထဲမှ ထွက်ပေါ်လာသော လက်သည်ဒေါ်စော၏အသံ။ ထိုအသံ၏နောက်တွင် ကျယ်လောင်စူးရှသည့် ကလေးငိုသံက ထပ်၍ထွက်ပေါ်လာသည်။

"အမယ်လေး ငါ့မြေးက အသံအောင်ချက်အေ။ နားကို စူးခနဲဖြစ်သွားတာပဲ။ သူ့အမေ လှတင်အသံနဲ့များ ကွာပါ့။ စနေနေ့မွေးတဲ့ငါ့မြေးဦးလေးကို ဘာဖွားလဲ တွက်ကြည့်စမ်းမယ်"

အိမ်အနောက်ခန်းတွင် လက်သည်ဒေါ်စောနှင့်အတူ လာရောက်ကူညီကြသော အိမ်နီးနားချင်း အမျိုးသမီးသုံးဦးတို့ အလုပ်ရှုပ်နေကြသကဲ့သို့ အိမ်ဦးခန်းတွင်လည်း ဒေါ်လှလေးသည် ကျောက်သင်ပုန်းတစ်ချပ်ဖြင့် အလုပ်ရှုပ်နေတော့၏။

"အောင် လံ ထူ စစ် သူ ကြီး ပွဲ၊ အမယ် ငါ့မြေးက နယ်နယ်ရရတော့မဟုတ်ဘူးဟေ့။ မင်းကတော် စိုးကတော်ဖြစ်မဲ့ဇာတာ"

ကျောက်သင်ပုန်းပေါ်တွင် မဟာဘုတ်တိုင်ထူ၍ တွက်ချက်ကာ သူ့တွက်ကိန်းနှင့်သူ သဘောကျနေတော့၏။ ဗေဒင်ပညာကို ဝါသနာထုံလွန်း၍ စာတိုပေစလေးများဖတ်ပြီး မှတ်သားတတ်သူလည်းဖြစ်၏။

အရပ်ထဲတွင် မည်သူကလေးမွေးသည်ဖြစ်စေ ဗေဒင်တွက်ချက်၍ မည်သည့်အဖွားဖြစ်ကြောင်း၊ မည်သည့်နေ့နာမ်များနှင့်တွဲဖက်၍ အမည်ပေးသင့်ကြောင်း လိုက်ပြီး အခမဲ့ဟောပေးတတ်၏။ ဤသို့ပြောရခြင်း၊ တွက်ပေးရခြင်းကိုပင် ပျော်ရွှင်နေတတ်၏။ ဒေါ်လှလေးပြောလျှင်လည်း ယုံကြည်ကြ၏။

"အစ်မရေ ကလေးကလေ စနေနေ့ နေတက်၊ ရေတက်မွေးတာဆိုတော့ စားထမ်းပြီး ကျော်တာတွေ ဘာတွေ လုပ်အုံးမလား"

"အမယ်လေးအေ မလုပ်ဘူး မလုပ်ဘူး ဘာမှမလုပ်ဘူး။ သူ့ကိုယ်ဝန်ကြီးနဲ့ပဲ သူ့အဖေနဲ့အမေ ကွဲကြတာလေ။ အဲဒီတော့ ကျိန်းကျေပြီ။ ကျန်တာဘာမှမလုပ်ဘူး။ ငါ့မြေးက ကောင်းစားမဲ့ဇာတာရှင် ဘာယတြာမှမလိုဘူး"

"ဟုတ်ပါပြီ တော်ရေ့။ ဟုတ်ပါပြီ"

(၂)

"အမေ ကျွန်မသမီးကလေ တကယ်ပဲ မင်းကတော် စိုးကတော်ဖြစ်နိုင်တဲ့ဇာတာမျိုးလား။ သေသေချာချာ ပြန်တွက်ကြည့်ပါအုံး အမေရယ်။ ကျွန်မက စိတ်အစွဲအလမ်းကြီးပါဘိသနဲ့"

တစ်ဦးတည်းသောကလေးမို့ သမီးကို လက်ကမချနိုင်၊ မျက်နှာမလွှဲနိုင်ဖြစ်နေရှာသော မလှတင်ကို ဒေါ်လှလေးက မျက်စောင်းဖြင့်သာကြည့်နေတော့၏။ သူ့အဟောကို မယုံသက်ာဖြစ်နေ၍ မကျေနပ်ခြင်းလည်းဖြစ်၏။

"ညည်း မယုံရင်ကြည့်နေလိုက် လှတင်။ ငါပြောရင် လွဲခဲတယ်"

ဒေါ်လှလေး၏ တထစ်ချအာမခံစကားကြောင့် မလှတင် တပြုံးပြုံးဖြစ်နေတော့၏။ ဖခင်မေတ္တာမရရှာသော ဖတဆိုးသမီးလေးမို့ အချစ်ပိုနေရ၏။ လူလောကအလယ် မျက်နှာငယ်မည်၊ ဂုဏ်ငယ်မည်ကိုလည်း ကြိုတွေး၍ စိုးရိမ်စိတ်ဝင်နေမိ၏။ ထို့ကြောင့် အမေဖြစ်သူ၏စကားကို အားကိုးမျှော်လင့်၍ ယုံကြည်ခြင်းဖြစ်သည်။ အရိပ်တကြည့်ကြည့်ဖြင့် သမီးလေးကို တယုတယပြုစုပျိုးထောင်၏။ တစ်ခုလပ်ဘဝဖြင့် ဘဝကို ပင်ပန်းဆင်းရဲစွာရုန်းကန်ကြိုးစားပြီး တစ်ဦးတည်းသောသမီးလေးကို လိုလေသေးမရှိရလေအောင် ဖြည့်ဆည်းပေးမည်ဟုတွေးထား၏။ အမေ၏ ဝေယျာဝစ္စကတစ်ဖက်၊ သမီး၏ ဝေယျာဝစ္စကတစ်ဖုံဖြင့် မလှတင်သည် အိပ်ချိန်မှလွဲ၍ နားရသည်ဟူ၍ပင် မရှိ။

"လှတင် ညည်း အလုပ်လုပ်တာလဲ လုပ်တာပေါ့အေ။ ကိုယ့်ကျန်းမာရေးလဲပြန်ကြည့်အုံး။ ညည်းလဲလို့မဖြစ်ဘူးဟဲ့"

"ဟုတ်ကဲ့ပါ အမေရယ် ဂရုစိုက်ပါတယ်။ စိတ်မပူပါနဲ့။ ကျွန်မသမီးကို ဖအေမရှိလို့ မျက်နှာငယ်ရတာ၊ မပြည့်စုံတာမျိုးမဖြစ်စေချင်လို့ပါ။ ကျွန်မခွန်အားရှိသရွေ့တော့ ရုန်းပြီးဖြည့်ဆည်းပေးချင်တယ် အမေရယ်"

သမီးကိုပြောမရသည့်အဆုံး ဒေါ်လှလေး လက်မှိုင်ချရတော့၏။ အရွယ်နှင့်မလိုက်အောင် ပင်ပန်းဆင်းရဲရသည်ကို မကြည့်ရက်နိုင်ဖြစ်ရ၏။ သို့သော် ဘာမျှလည်းမတတ်နိုင်ချေ။ ငယ်ငယ်ရွယ်ရွယ်နှင့်အိမ်ထောင်ကျပြီး တစ်ခုလပ်ဘဝရောက်ခဲ့ရသည်မို့ သမီးအတွက် စိတ်မကောင်းဖြစ်ရသည့်ကြားမှ ယခု ကလေးတစ်ဖက်နှင့် ပိုး၍ပင်ပန်းနေသည်ကို နေ့စဉ်မြင်နေရသောအခါ စိတ်မကောင်းခြင်းကြီးစွာဖြစ်ရ၏။

(၃)

နောင် ၁၅ နှစ်ကြာသောအခါ မလှတင်၏ သမီးလေးသည် အပျိုဖော်ဝင်စအရွယ်ဖြစ်လာ၏။ အမည်မှာ မတင်တင်ကြွယ်ဖြစ်သည်။ ငယ်စဉ်ကတည်းက ဖတဆိုးလေးဟုဆိုကာ အလိုလိုက်ထားသဖြင့် အလွန်ဆိုးလေ၏။ လိုချင်တာမှန်သမျှ မရမကပူဆာတတ်၏။ မရလျှင် ငြူစူရှုံ့မဲကာ ဒေါသထွက် ဆဲဆိုရိုင်းစိုင်းသည်ထိ ဖြစ်လာ၏။

"နင့်သမီးကို အလိုလိုက်လွန်းနေတာဟာ ချစ်ရာမရောက်ဘဲ နှစ်ရာ ရောက်နေမယ်။ ဘယ်လောက်ချစ်ချစ် စည်းနဲ့ဘောင်နဲ့ချစ်ရတယ် ငါ့သမီးရဲ့"

"ဟုတ်ကဲ့ပါ အမေရယ် စိတ်မပူပါနဲ့။ အမေ့မြေးက ကလေးမို့ နည်းနည်းဆိုးတယ်ထင်ရတာပါ။ တကယ်က သူလိမ္မာပါတယ်။ ထင်သလောက်လဲမဆိုးရှာပါဘူး"

ဒေါ်လှတင်သည် သမီးကို နည်းနည်းလေးမှ အထိမခံတတ်ပေ။ လိုအပ်သည်မှန်သမျှ မဖြစ်ဖြစ်အောင် ရှာကြံ၍ဖြည့်ဆည်းပေးရှာ၏။ ဤသည်ကိုပင် သူမှာ စိတ်ကျေနပ်နေတတ်၏။ ရွာကျောင်းတွင် ရှစ်တန်းအောင်ပြီး၍ အထက်တန်းတက်ရန် မြို့ကျောင်းသို့ သွားရမည်ဖြစ်သည်။ မြို့ကျောင်းထားလျှင် အိမ်ငှားစရိတ်၊ ကျူရှင်စရိတ်တို့ဖြင့် ငွေအကုန်အကျများမည်ကိုလည်း သိ၏။ တစ်ဦးတည်းသောသမီးလေးမို့ နောင်ရေးစိတ်အေးရအောင် ပညာတတ်ကြီးဖြစ်စေချင်သောကြောင့် ကြိုးစား၍ ဖြစ်အောင်ထားမည်ဟု မလှတင် အားခဲထား၏။

(၄)

"ဒေါ်လေးရေ ဒေါ်လေး။ တင်တင်ကြွယ်ကလေ လူကြုံနဲ့ ငွေပေးလိုက်ပါအုံးတဲ့။ ဟိုတစ်ခါပေးခဲ့တဲ့ငွေက သိပ်မကျန်တော့ဘူးတဲ့။ ကျွန်မနဲ့ စကားမှာလိုက်လို့ လာပြောတာ"

"အေးအေး သမီးရေ။ ကျေးဇူးပါကွယ်"

ရှိစုမဲ့စုလုပ်အားခငွေလေးကို ပို့ထားသည်မှ မကြာသေး။ ယခု ငွေကုန်၍ ထပ်တောင်းနေပြန်သောကြောင့် မလှတင် သက်ပြင်းချရလေပြီ။ အမေအိုကလည်း အိပ်ရာထဲလဲ၍ လူမမာတစ်ပိုင်းဖြစ်နေ၏။ သမီးကျောင်းစရိတ်နှင့် စားဝတ်နေရေးအတွက် အလုပ်လုပ်ရသည်မှာ နားရက်ပင်မရှိ။ တဖြည်းဖြည်းနှင့် ကျန်းမာရေးလည်း ချူချာလာ၏။

"လှတင်ရေ လှတင်"

"ရှင် မအေးမြ။ လာ လာ ဝင်ခဲ့"

အိမ်ရှေ့မှ မအေးမြ၏ခေါ်သံကြောင့် တွေးလက်စအတွေးတို့ ပြတ်တောက်သွား၏။ မီးဖိုချောင်ထဲမှ ရေနွေးဓာတ်ဘူးတစ်ဘူးဆွဲကာ အိမ်ရှေ့ကွပ်ပျစ်သို့ ထွက်လာခဲ့သည်။

"ရေနွေးသောက်အုံး မအေးမြရေ။ ကျွန်မမှာလဲ ညှော်ခံစရာဆိုလို့ ရေနွေးကြမ်းပဲရှိတော့ အားလဲနာမိပါရဲ့တော်"

ပြောရင်းဆိုရင်း ရေနွေးတစ်ခွက် ငှဲ့ပေးလိုက်၏။ ရေနွေးပန်းကန်ထဲကျလာသည်က လက်ဖက်ခြောက်ဖတ်မဟုတ်။ အဝါရောင်ဖျော့ဖျော့ ပေါက်ပန်းပွင့်ခြောက်ဖြစ်သည်။ ရွာထဲရှိ သွေးတိုးသမားများက သွေးတိုးကျသည်ဆို၍ ပေါက်ပန်းပွင့်အခြောက်ကို ရေနွေးထဲခတ်သောက်ကြ၏။ မလှတင်အတွက်တော့ လက်ဖက်ခြောက်မဝယ်နိုင်၍ဖြစ်သည်။

"ရပါတယ်အေ ဘာအမြည်းမှမလိုပါဘူး။ ပြောစရာလေးရှိလို့လာခဲ့တာ။ ဒါနဲ့ နင် နေမကောင်းနေတာလား။ ကြည့်ရတာ ကတုန်ကယင်နဲ့ အားနည်းနေသလိုပဲ"

"ဟုတ်တယ် အစ်မရေ။ သိပ်ပြီးနေမကောင်းတာနဲ့ ဒီနေ့အငှားမသွားတော့တာ။ စားဖို့ပဲ အနိုင်နိုင်ဆိုတော့ အားဆေးလေးဘာလေးထိုးချင်တာတောင် မထိုးနိုင်ပါဘူး အစ်မရယ်။ ဒါနဲ့ ပြောစရာရှိတယ်ဆိုတာက ဘာများလဲ"

မလှတင်၏ အခြေအနေကိုကြည့်၍ ပြောရမည့်စကားကိုပင် ပြောမထွက်ဖြစ်နေတော့၏။ သို့သော် ပြောမှလည်းဖြစ်မည်။ ဘယ်ကစ၍ပြောရမည်ကို မအေးမြ စဉ်းစားမရဖြစ်နေရှာ၏။

"မြို့ကို ဆီကြိတ်သွားတဲ့နေ့က ငါ တင်တင်ကြွယ်ကို ဆိုင်တစ်ဆိုင်မှာတွေ့ခဲ့တယ်။ အဲဒီနေ့က ကျောင်းဖွင့်ရက်ပဲ။ နင့်သမီးက ကျောင်းမသွားဘဲ လူတစ်ယောက်နဲ့ ဆိုင်ထိုင်နေတယ်။ သူ့ဘေးက လူကိုတော့ ဘယ်လိုပုံစံဆိုတာ ငါသေသေချာချာ မပြောတတ်ဘူး။ ရည်းစားလို့တော့ထင်ရတာပဲ။ နင့်သမီးကို ဒီအတိုင်းလွှတ်မထားဖို့ သတိလာပေးတာပါအေ။ ရည်းစားတွေဘာတွေများရှိနေသလား မေးကြည့်အုံး"

မအေးမြ၏စကားကြောင့် မလှတင် နေမထိထိုင်မသာဖြစ်ရ၏။ ချက်ချင်းပင် သမီးရှိရာသို့ ထသွားချင်စိတ်ဖြစ်၏။ ပညာတတ်ကြီးဖြစ်စေချင်၍ ကြိုးစားပမ်းစားရုန်းကန်၍ ထားရသည့်ကြားမှ ယောက်မြင်းစီးထွက်မည့်ကိန်းဆိုက်နေတော့၏။

(၅)

ရွာမှ မြို့သို့ ကားလမ်းအတိုင်းသွားလျှင် ခြေကျင်ခရီးကို သုံးနာရီခန့်လျှောက်ရ၏။ အတက်အဆင်း အကွေ့အကောက်များသော တောလမ်းခရီးဖြစ်သည်။ ဖုန်အလိမ်းလိမ်းထနေသော လမ်းတစ်လျှောက်၌ တရွေ့ရွေ့နှင့်လှမ်းလာသူမှာ မလှတင်ဖြစ်သည်။ ကျန်းမာရေးမကောင်းသည့်ကြားမှ သမီး၏သတင်းများကြောင့် စိတ်မအေး၍ လိုက်သွားခြင်းဖြစ်၏။

"အမေ ဘာလာလုပ်တာလဲ။ ကျွန်မက ပိုက်ဆံပဲမှာတာလေ။ အမေလာဖို့ခေါ်တာမှမဟုတ်တာ။ ပြောတဲ့လူတွေကလဲ မှာတဲ့အတိုင်း သေသေချာချာ မပြောကြဘဲကိုး"

အမေလာသည်ကို မကြိုဆို မပျော်ရွှင်သည့်အပြင် မလိုလားသည့်ပုံစံပြောဆိုနေသောကြောင့် မလှတင် အမောဆို့ရ၏။

"သေသေချာချာပြောကြပါတယ် သမီးရယ်။ အမေက သမီးနဲ့တွေ့ချင်လို့ကိုပဲလာတာပါ။ နေကောင်းရဲ့လား၊ စာတွေကောလိုက်နိုင်ရဲ့လားလို့ မေးချင်လို့ပါကွယ်"

"နေလဲကောင်းပါတယ်၊ စာလဲလိုက်နိုင်ပါတယ် အမေရဲ့။ အပင်ပန်းခံပြီးလာမနေပါနဲ့။ သမီးကိုစိတ်ချနော်။ လိမ်လိမ်မာမာနဲ့ စာကြိုးစားပါ့မယ်"

ထိုညက သားအမိနှစ်ယောက် စကားအများကြီးပြောဖြစ်ကြ၏။ ရည်းစားရှိနေပြီလားဟူသော မိခင်၏အမေးကို တင်တင်ကြွယ်ငြင်းဆန်၏။ ကျောင်းကိုလည်း ပုံမှန်တက်ပါသည်ဟုဆို၏။ စာမေးပွဲကို အဆင့်ကောင်းကောင်းဖြင့် အောင်စေရမည်ဟုလည်း ကတိပေး၏။

မည်သို့ပင်ဆိုစေ သမီး၏ရဲရဲဝံ့ဝံ့ပြောသော စကားများကို ကြားရသည့်အခါ မလှတင်ကျေနပ်သွား၏။ ချစ်လှစွာသောသမီးလေးကို စိတ်ချယုံကြည်မှုတို့ဖြင့် ပြန်လာခဲ့၏။

(၆)

နံနက်မိုးလင်းကတည်းက မလှတင်မျက်နှာမကောင်းချေ။ စိတ်မကြည်ဖြစ်နေ၏။ အိပ်မက်က

စာမျက်နှာ ၂၅သို့ ➤

# ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၃၀၂ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၃၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၃၀၂ ဧကကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်လျာထားစိုက်ပျိုးခဲ့ရာ ယနေ့ထိ မတ်ပဲလျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲ ၂၃၀၂ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ လျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးပါပြီ။ မတ်ပဲသီးနှံတွေ အခက်အခဲမရှိ အဆင်ပြေပြေစိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်တာတွေ ပံ့ပိုးပေးထားပါတယ်။ ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကိုလဲ ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ သက်ဆိုင်ရာဌာနအသီးသီးကလဲ သီးနှံတွေစိုက်ပျိုးနိုင်ဖို့ ချိတ်ဆက် ကူညီပေးခဲ့ပါတယ်။ ဒါကြောင့် လျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့တာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ အပါအဝင် ဆောင်းသီးနှံများ ဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး တောင်သူအသိပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မိုင်းတုံမြို့နယ် နောင်လဲ(ရွာသစ်)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းတုံ ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ နောင်လဲ(ရွာသစ်) ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ နောင်လဲ(ရွာသစ်)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

မိုင်းတုံမြို့နယ် နောင်လဲ(ရွာသစ်)ကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် အရှည်ပေ ၁၃၀၀ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများကို၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၂၅ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ ၂၀၂၃ ခုနှစ် ဩဂုတ်လစတုတ္ထပတ်မှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် နောင်လဲ(ရွာသစ်)ကျေးရွာရှိ ကျေးလက်နေပြည်သူများနှင့်ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာရရှိပြီဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



➤ စာမျက်နှာ ၂၄ မှအဆက်

လည်းမကောင်း။ ညက အမေပြောခဲ့ သည့်စကားများကို ပြန်သတိရမိ၏။

"ငါ့မြေးကို ဆရာဦးဖိုးကျားရေးတဲ့ မင်းကတော်ဝတ္ထုထဲကလို မိဘအပေါ် မသိတတ်တဲ့ သမီးမိုက်တော့မဖြစ်စေချင်ဘူးအေ"ဟု အမေပြောတော့ စိုးရိမ်တတ်ရန်ကောဟူသောအတွေးဖြင့် ပြုံးနေမိ၏။ လုပ်ရမည့် အလုပ်များကို တန်းစီ၍လုပ်နေသော်လည်း စိတ်နှင့်လူက မကပ် ဖြစ်နေ၏။

"လှတင်ရေ လှတင်"

"ရှင် မအေးမြ"

မီးဖိုချောင်ထဲတွင် ဟင်းချက်ရန်ပြင်ဆင်နေရာမှ အပြင်သို့ ခေါင်းပြူကြည့်လိုက်၏။ မအေးမြသည် မီးဖိုထဲဝင်လာသည်။ မလှတင်သည် ငွေကြေးအဆင်မပြေ၍ မအေးမြဆီမှချေးထားသော ပိုက်ဆံကိုပြန်မဆပ်နိုင်သေး။ ကျန်းမာရေးမကောင်း၍ အလုပ်ခိုင်းလျှင်လည်း လုပ်နိုင်မည်မဟုတ်။ ထိုအကြောင်းများကြောင့် မအေးမြကို မျက်နှာပူနေမိ၏။ အားလည်းနာ၏။

"မနေ့ညက မြို့ကပြန်လာတာမိုးချုပ်တာနဲ့ ညည်းဆီမလာနိုင်တော့တာအေ။ ခရီးကလဲပန်းဆိုတော့"

ပြောရင်းဆိုရင်း ဝါးလက်စကွမ်းများကို ထွေးထုတ်ပြီး လက်ကလည်း ရေနွေးကြမ်းငှဲ့နေ၏။ တင်တင်ကြွယ်က ပိုက်ဆံမှာပြန်ပြီလားဟုတွေးရင်း မအေးမြဆက်ပြောမည့်စကားကိုသာ စောင့်နေလိုက်၏။

"စောစောစီးစီး ပြောလဲမပြောချင်ပါဘူးအေ။ မပြောလို့လဲမပြီးတော့ ပြောရအုံးမှာပေါ့။ တင်တင်ကြွယ် လင်နောက်လိုက်သွားပြီတဲ့အေ့။ အိမ်ရှင်က ငါနဲ့မှာလိုက်တယ်"

"ဘာတဲ့ မအေးမြ ခုနက ဘာပြောလိုက်တာလဲ"

"ဟဲ့ မိအေးမြ သေသေချာချာ ပြန်ပြောစမ်း "

မလှတင်၏ အမေးနောက်တွင် အဘွားဒေါ်လှလေးကလည်း အိမ်ပေါ်မှ လှမ်းမေးနေပြန်၏။ မအေးမြသည် သားအမိနှစ်ယောက်စလုံး အတွက် စိတ်မကောင်းဖြစ်နေတော့၏။

"သူ့အိမ်ရှင်က ကျွန်မကိုသေသေချာချာကိုပြောလိုက်တာပါ။ ကျွန်မလဲ ကြားကြားချင်း တကယ်ကိုစိတ်မကောင်းပါဘူး။ နှမြောလဲနှမြောမိတယ်။ ခိုးသွားတဲ့လူက အသက် ၅၀ ကျော်တဲ့။ သူကျူရှင်တက်နေတဲ့အိမ်ရဲ့ ဘေးအိမ်က အဘိုးကြီးဆိုပဲ"

မလှတင် ရှိုက်ကြီးတငင်ငိုနေတော့၏။ ရုတ်လွန်းလှသဖြင့် မအေးမြမျက်နှာကိုပင် မကြည့်ရဲတော့ပေ။ ကြိုးစားရုန်းကန်ခဲ့သမျှ၊ မျှော်လင့်ခဲ့သမျှအားလုံး သဲထဲရေသွန်ဖြစ်ရချေပြီ။

"ငါ့သမီးလေး ကံကောင်းပါစေ၊ လင်ကောင်းသားကောင်းရပါစေ၊ ပျော်ပျော်ရွှင်ရွှင်ရှိပါစေ"ဟု မျက်ရည်များကိုသုတ်ကာ တဖွဖွပြောနေတော့၏။

## မေတ္တာအပြုံး

- တစ်ပါးသူ မေတ္တာထား
  ရောင်ပြန်ပွား ကောင်းကျိုးတည်၊
  စိတ်ဓာတ်ကို ဖြူစင်သန့်
  သင်းပျံ့ဂုဏ်ရည်၊
  အေးချမ်းသော ဘဝဆီ
  လှမ်းချီလို့ ရရှိ၊
  မကောင်းရာ မပြုလုပ်
  ဂုဏ်ပုဒ်လှ၏။

- စေတနာ ပြောစကား
  နှလုံးသား ဖြူစင်ပါစေ၊
  မုဒိတာ ထားရှိလျက်
  ဆောင်ရွက်မိတ်ဆွေ၊
  ကိုယ်ပြုသမျှ အကျိုးတွေ
  ကိုယ့်ထံလေ အမြဲရောက်၊
  ကိုယ်တိုင်သာ ပန်းတိုင်တွေ့မည်
  ပျော်မွေ့သင်လျှောက်။

- ဘဝတွေ လှစေဖို့
  ကြိုးစားစို့ အမြဲသာ၊
  မနာလို ဝန်တိုကင်း
  ချစ်ခြင်းများစွာ၊
  အတ္တတို့ ပယ်ဖျက်ကာ
  ဒေါသမပါ မောဟကင်း၊
  မေတ္တာကို လက်ကိုင်သုံး
  ပြုံးပန်းတွေခင်း။

**ဖြိုးထက်(ရေစကြို)**

# ပျဉ်းမနားမြို့နယ် ပြူတွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြူတွင်းကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက ပြူတွင်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ပြူတွင်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၃ ဒသမ ၉၅သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပြူတွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၂၅ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၇၄ ဦးကို ရန်ပုံငွေကျပ် ၅၃ ဒသမ ၉၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေထံမှ သိရသည်။ **ချိုသန်းညွန့်**

# ကင်ဆာရောဂါ ကင်းဝေးကြစေချင်

**ပေါက်ပေါက်**

ကင်ဆာရောဂါသည် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်ဖြစ်ပြီး ကင်ဆာရောဂါကြောင့် လူတစ်ဦးချင်းသာမက ပြည်သူလူထုတစ်ရပ်လုံး၏ လူသားအရင်းအနှီးဆုံးရှုံးမှုများ၊ လုပ်အားဆုံးရှုံးမှုများ ဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ကြောင့် နှစ်စဉ် ဖေဖော်ဝါရီ ၄ ရက်ကို"**ကမ္ဘာ့ကင်ဆာနေ့ - World Cancer Day**"အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီးက သတ်မှတ်ထားကြသည်။ ထိုသို့သတ်မှတ်ရခြင်း၏ အဓိကရည်ရွယ်ချက်များမှာ ကင်ဆာရောဂါအကြောင်း လူအများသတိပြုနားလည်လာစေပြီး ကြိုတင်ကာကွယ်နိုင်ရန်၊ အချိန်မီကုသမှုခံယူရန်နှင့် ကင်ဆာရောဂါကြောင့် သေဆုံးသူဦးရေလျှော့ချနိုင်ရန်တို့အတွက်ဖြစ်သည်။

**ကင်ဆာရောဂါ**

လူသားအားလုံး၏ခန္ဓာကိုယ်ထဲတွင် ကင်ဆာဆဲလ်များက အလိုအလျောက်ဖြစ်တည်နေကြပြီး လူတစ်ယောက်၏ဘဝတစ်သက်တာတွင် ၎င်းကင်ဆာဆဲလ်များက ပျမ်းမျှအားဖြင့် ခြောက်ကြိမ်မှ ၁၀ ကြိမ်ထိ ပေါ်လာတတ်ကြသည်။ ကင်ဆာဆဲလ်များသည် သန်းထောင်ပေါင်းအနည်းငယ်ထိ ပွားမလာမချင်း ပုံမှန်ရောဂါရှာဖွေစစ်ဆေးချက်များတွင်"**ကင်ဆာရောဂါ**" ဆိုသည်ကို ဖော်ပြလာမည်မဟုတ်သေးပေ။

လူ့ခန္ဓာကိုယ်က သိန်းပေါင်းများစွာသော ကလာပ်စည်းဆဲလ်များဖြင့်တည်ဆောက်ထားကြပြီး ဆဲလ်အဟောင်းများ ပြိုကွဲသေဆုံးသွားချိန်၌ ဆဲလ်အသစ်များက အစားထိုးဖြစ်ပေါ်လာလေ့ရှိသည်။ ထိုသို့ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်မျိုးမဟုတ်ဘဲ၊ ဆဲလ်များမှုမမှန်၍ အတိုင်းအဆမရှိပွားများလာပြီးနောက် အခြားသောအင်္ဂါအစိတ်အပိုင်းများအတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်းဖြင့် အလုံး၊ အဖု၊ အကျိတ်များ ဖြစ်ပေါ်လာကာ "**ကင်ဆာရောဂါ**"ကိုဖြစ်စေသည်။

၎င်းကင်ဆာဆဲလ်များသည် သွေးကြောနှင့် သားနံရည်ကြောများမှတစ်ဆင့် အခြားသောအင်္ဂါအစိတ်အပိုင်းများအတွင်း ပျံ့နှံ့ရောက်ရှိသွားခြင်းကို "**ကင်ဆာအမြစ်ပွားသည်**" ဟုဆိုကြသည်။ သို့သော် တချို့ဖြစ်စဉ်များတွင် ကင်ဆာအဖြစ်ဆက်လက်ဖြစ်ပွားခြင်းမရှိဘဲ အသားပို၊ အကျိတ်အနေမျိုးဖြင့်သာ တည်ရှိနေသည်။ ၎င်းအကျိတ်လည်း တစ်ချိန်ချိန်တွင် ကင်ဆာဖြစ်လာနိုင်၍ မပေါ့ဆသင့်ပေ။

ကင်ဆာရောဂါသည် လူအသေအပျောက်အများဆုံးရောဂါဖြစ်ပြီး ကမ္ဘာတစ်ဝန်း ယနေ့ထိ ကင်ဆာအမျိုးပေါင်း ၂၀၀ မကရှိနေပြီဖြစ်သည်။ ကင်ဆာရောဂါဝေဒနာသည်များအတွက် အထိရောက်ဆုံးအသက်ကယ်ဆယ်နည်းမှာ ရောဂါမကျွမ်းမီ အချိန်မီ သိနေရန်ဖြစ်သည်။ ဆဲလ်တစ်ခုတွင် စတင်ဖြစ်ပွားခဲ့သော ကင်ဆာအကျိတ်တစ်ခုသည် ကိုယ်ခန္ဓာ၏အခြားသော အင်္ဂါအစိတ်အပိုင်းတစ်ခုသို့ ပျံ့နှံ့သွားသည်ဖြစ်စေ၊ ခွဲစိတ်ဆရာဝန်က အကျိတ်တစ်ခုလုံး ကုန်စင်အောင်မထုတ်နိုင်ခဲ့လျှင်ဖြစ်စေ ၎င်းကင်ဆာရောဂါ ပြန်လည်ဖြစ်ပေါ်လာ တတ်ပါသည်။

**မြန်မာနိုင်ငံနှင့် ကင်ဆာ**

ကင်ဆာရောဂါပညာဆိုင်ရာအဖွဲ့များမှ ပူးပေါင်းကျင်းပပြုလုပ်ခဲ့သော ၂၀၁၅ ခုနှစ်၊ ပထမအကြိမ် ကင်ဆာရောဂါဆွေးနွေးပွဲ (1st Joint Cancer Forum, Myanmar 2015) သတင်းများအရ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများတွင် ကင်ဆာရောဂါဖြစ်ပွားမှုမှာ နှစ်စဉ်ပိုမိုများပြားလာကြောင်း၊ ၎င်းဖြစ်ပွားမှုနှုန်းအရ အရှေ့တောင်အာရှဒေသတွင် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းထားမှာ ၂၀၃၀ ပြည့်နှစ်အရောက်တွင် ၇၀ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် အမျိုးသားများမှာ အဆုတ်ကင်ဆာ သို့မဟုတ် ခံတွင်းကင်ဆာရောဂါအဖြစ်များနေကြပြီး ၎င်းကင်ဆာနှစ်မျိုးစလုံးသည် ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးငုံခြင်း၊ ကွမ်းစားခြင်းတို့နှင့် ပတ်သက်ဆက်နွှယ်နေသည်။ အမျိုးသမီးများတွင် သားအိမ်ခေါင်းကင်ဆာနှင့် ရင်သားကင်ဆာများအဓိကဖြစ်ပွားနေကြသည်။ ကျန်းမာရေးသုတပညာခေါင်းပါးခြင်းနှင့်အတူ ငွေကြေးချို့တဲ့ခြင်းတို့ကြောင့် ရောဂါကို စောစောစီးစီး စနစ်တကျရှာဖွေစစ်ဆေးနိုင်ခြင်းနှင့် ထိထိရောက်ရောက် ဆေးဝါးကုသခံယူမှုအပိုင်းများတွင် အားနည်းနေကြရာ လူအသေအပျောက်ဖြစ်မှုများ မြင့်တက်နေသည်။

**ကင်ဆာရောဂါလက္ခဏာများ**

အချို့ကင်ဆာရောဂါများသည် ကာကွယ်၍မရသော်လည်း စောစောသိလျှင် ကုသ၍ပျောက်ကင်းနိုင်သည်။ မတူညီသောရောဂါများအတွက် အမျိုးမျိုးသော ခံစားချက်ဝေဒနာများရှိနေကြပြီး ကင်ဆာရောဂါလက္ခဏာများကို အောက်ပါအတိုင်းတွေ့ရသည်။

- အမျိုးသမီးများတွင် အဖြစ်များလေ့ရှိသော ရင်သားကင်ဆာရောဂါကို မိမိဘာသာအလွယ်တကူ ဆန်းစစ်နိုင်သည်။ ရေချိုးရင်းချိုင်းကြားနှင့်သားမြတ်တို့တွင် အကျိတ်အဖု ရှိ၊ မရှိ စမ်းသပ်ကြည့်ပါ။ ရင်သားနှင့် နို့သီးခေါင်း ပုံသဏ္ဍာန်၊ အရွယ်အစားနှင့် အရေပြား အရောင်ပြောင်းလဲသွားခြင်း၊ နို့သီးခေါင်းမှ အရည်ထွက်ခြင်း စသည်တို့သည် ရင်သားကင်ဆာလက္ခဏာများဖြစ်ကြသည်။
- သွေးကင်ဆာသည် ကျား၊ မ အရွယ်သုံးပါးမရွေး အများဆုံးဖြစ်လေ့ရှိပြီး ရေဓာတ်များနေသည့်အပြင် ကိုယ်အပူရှိန်မမြင့်သော်လည်း မကြာခဏဖျားနာလေ့ရှိသည်။
- နှစ်စဉ်နှစ်တိုင်း အူမကြီးကင်ဆာကြောင့် အသက်ဆုံးရှုံးနေကြရပြီး မစင်ထဲသွေးပါလျှင် မပေါ့ဆသင့်ပေ။ "**အူမကြီးကင်ဆာအစ၊ မစင်သွေးကျ**"ဟု မှတ်ပါလေ။
- လည်ချောင်းထဲတစ်ဆို့ဆို့ဖြစ်ပြီး အစာနှင့် တံတွေးမျိုချရန် လွန်စွာခက်ခဲခြင်း၊ လည်မျိုနှင့်ပခုံးတစ်ဝိုက် နာကျင်ခြင်းတို့သည် ခံတွင်းကင်ဆာ၏လက္ခဏာများဖြစ်ကြသည်။
- အစာစားပြီးတိုင်း အစာမကြေဖြစ်ကာ မကြာခဏဗိုက်အောင့်ခြင်းက အစာအိမ်ကင်ဆာရောဂါသံသယဖြစ်စရာပါ။ ဆရာဝန်နှင့်ဆွေးနွေးတိုင်ပင်ပါ။
- အရေပြားကင်ဆာဖြစ်ပါက အစဦးအဆင့်မှာပင် အရေပြားအရောင် သိသိသာသာ ပြောင်းလဲလာပြီး အရေပြားအောက်မှ အကျိတ်ဖုများ ပေါ်ထွက်လာသည်။
- အဆုတ်ကင်ဆာ၏ ရှေ့ပြေးနိမိတ်များမှာ မကြာခဏအဆုတ်ရောင်ခြင်း၊ လေပြွန်ဖောင်းပွခြင်းနှင့် အသက်ရှူမဝသလို အချိန်ပြည့်ခံစားနေရခြင်းတို့ဖြစ်သည်။
- အမျိုးသမီးများ ဓမ္မတာရာသီချိန်မဟုတ်ဘဲ မကြာခဏသွေးဆင်းခြင်း၊ ဓမ္မတာလာစဉ် ပုံမှန်ထက်လွန်ကဲစွာ သွေးများဆင်းခြင်း၊ ခါးကိုက်ခြင်းတို့သည် သားအိမ်ကင်ဆာလက္ခဏာများဖြစ်ကြသည်။



**ကင်ဆာဆဲလ်များကို ခုခံနိုင်သော အစားအစာများ**

**ကင်ဆာဆဲလ်များကို ခုခံနိုင်သောအစားအစာများ**

- ဘရိုကိုလီ ခေါ် ပန်းဂေါ်ဖီစိမ်းထဲတွင် ရင်သားကင်ဆာကို နှိမ်နင်းပေးနိုင်သော သဘာဝ Indole 3-Carbinol ဓာတ်ပါရှိနေ၍ အမျိုးသမီးများ မကြာခဏစားပေးသင့်သည်။ထို့ပြင် အူမကြီးကင်ဆာကိုလည်း ကာကွယ်နိုင်သည်။
- ကြက်သွန်ဖြူထဲရှိဓာတ်ပေါင်းစုများက သွေးဖြူဥများဖြင့် ရောဂါပိုးကိုခုခံနိုင်သော အစွမ်းသတ္တိရှိစေ၍ ကင်ဆာရောဂါကိုသေစေသည်။ အထူးသဖြင့် ကြက်သွန်ဖြူက အစာအိမ်ကင်ဆာအတွက် သဘာဝအားဆေးဖြစ်သည်။
- မုန်လာဥနီက အဆုတ်၊ အစာအိမ်၊ ဆီးကျိတ်၊ ဆီးအိမ်၊ အူကင်ဆာတို့မဖြစ်အောင် ကာကွယ်ပေးနိုင်သဖြင့် နေ့စဉ်အစားအသောက်စာရင်းထဲတွင် မုန်လာဥနီကိုထည့်စားပေးပါ။
- မှိုထဲရှိ Lectin ခေါ် ပရိုတိန်းဓာတ်တစ်မျိုးက ကင်ဆာဆဲလ်များကို တိုက်ထုတ်ပေးသည့်အပြင်၊ ကင်ဆာဆဲလ်များ ခန္ဓာကိုယ်အနှံ့ဆက်လက်မပြန့်ပွားအောင် ဟန့်တားပေးသည်။ ထို့ပြင်ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားစေသည်။
- ဟင်္ဒဒေ့၊ မြေပဲ၊ သစ်ကြားသီးကဲ့သို့ အခွံမာသီးမှရရှိသောအစေ့အဆန်များမှာ Quercetin နှင့် Kaempferol ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ အလုံအလောက်ပါရှိနေ၍ ကင်ဆာဆဲလ်များကြီးထွားလာမှုကို ရပ်တန့်စေသည်။
- သင်္ဘောသီးထဲရှိ အကျိုးပြုဓာတ်တိုးဆန့်ကျင်ပစ္စည်းများက ကင်ဆာရောဂါကို တိုက်ထုတ်ပေးနိုင်သည်။ ဝက်အူချောင်း၊ ဝက်သားပြား၊ ငါးသေတ္တာအစရှိသည့် တာရှည်ခံပြုလုပ်ထားသော စည်သွပ်ဘူးများကြောင့် ခဲဆိပ်တက်ခြင်းမှလည်း သင်္ဘောသီးစားခြင်းဖြင့် ပြေပျောက်စေပါသည်။
- ထောပတ်သီးထဲရှိ ပိုတက်စီယမ်ဓာတ်က ငှက်ပျောသီးထဲတွင်ပါရှိမှုထက် ပိုမိုသည်။ ထို့ပြင် ထောပတ်သီးမှာ အစွမ်းထက်မြက်ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပြည့်နှက်နေ၍ ခန္ဓာကိုယ်ထဲရှိ ကင်ဆာဖြစ်စေနိုင်သော အဆီဆဲလ်များကို စုပ်ယူပစ်နိုင်သည်။
- စပျစ်သီးထဲတွင် ဗီတာမင်စီနှင့် ဖောလစ်အက်စစ်တို့ ကြွယ်ဝစွာပါရှိနေ၍ အထူးသဖြင့် ရင်သားကင်ဆာကို ကာကွယ်ပေးသည်။ ထို့ပြင် ခန္ဓာကိုယ်ထဲရှိ ဘေးဥပဒ်ဖြစ်စေသော ဆဲလ်များကို တိုက်ထုတ်ပေးသည်။
- ခရမ်းချဉ်သီးထဲရှိ ဗီတာမင်စီက ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် အစွမ်းထက်မြက်စေကာ ကင်ဆာဖြစ်စေသော ဆဲလ်များကို ဖျက်ဆီးပေးသည်။ ဓာတ်ခွဲစမ်းသပ်ချက်များအရ ခရမ်းချဉ်သီးထဲတွင် ပါရှိနေသော သဘာဝ Lycopene ဓာတ်က ခံတွင်းကင်ဆာဆဲလ်များကို သေစေနိုင်ကြောင်း သိရသည်။
- လက်ဖက်ရည်ဇွန်း တစ်ဇွန်းစာ ပမာဏရှိသော နနွင်းမှုန့်နှင့် သံလွင်ဆီတို့ကို ဆတူရော၍ ၎င်းအရောအနှောထဲသို့ လက်ဖက်ရည်ဇွန်းလေးပုံတစ်ပုံပမာဏရှိသော ငရုတ်ကောင်းမှုန့်ထည့်၍ သမအောင်ရောမွှေပါ။ ရလာသောဆေးကို တစ်နေ့တစ်ကြိမ်မျှ သောက်ပေးရုံဖြင့် အူမကြီးကင်ဆာ၊ ဦးနှောက်ကင်ဆာ၊ အဆုတ်ကင်ဆာနှင့် အသည်းကင်ဆာတို့မှ ကာကွယ်ပေးနိုင်သည်။

**ရှောင်ရန် အစားအစာများ**

- ဆွတ်ဆွတ်ဖြူဖွေးနေသော သကြားမှုန့်များက ကင်ဆာအတွက် အာဟာရဖြစ်သည်။ ၎င်းကင်ဆာဆဲလ်ကို အားပေးသောအာဟာရကို ဖြတ်တောက်ပစ်သည့်အနေဖြင့် သကြားကို (လုံးဝ)မစားသင့်ပေ။ ထို့ပြင် Nutra Sweet၊ Equal၊ Spoonful စသည့်သကြားအစားထိုးအချိုအရသာများသည်လည်း Aspartame ဓာတ်များပါဝင်နေ၍ ကင်ဆာဝေဒနာရှင်များကို ထိခိုက်စေနိုင်သည်။ သကြားကိုရှောင်၍ ပျားရည် (သို့မဟုတ်) တင်လဲရည်တို့ကိုသင့်တင့်ရုံပမာဏမျှ စားပေးနိုင်ပါသည်။
- နွားနို့၊ ဆိတ်နို့၊ ကျွဲနို့ စသည့် တိရစ္ဆာန်ထွက်နို့များသည် လူ့ခန္ဓာကိုယ်တွင်းအစာအိမ်နှင့် အူလမ်းကြောင်းမှ အကျိအချွဲများပုံမှန်ထက်ပို၍ထွက်လာစေသည်။ ထိုအကျိအချွဲများကို ကင်ဆာဆဲလ်များက စားသုံးပစ်ခြင်းကြောင့်လည်း ကင်ဆာဆဲလ်များအားကောင်းလာအောင် တွန်းအားပေးရာရောက်နေသည်။ ထို့ကြောင့် ကင်ဆာရောဂါသည်များအနေဖြင့် တိရစ္ဆာန်ထွက်နို့များကိုရှောင်၍ သကြားမပါသော ပဲနို့ရည်ကိုသာ သောက်ပေးသင့်သည်။ ပဲနို့ရည်က ကင်ဆာဆဲလ်များကို ယုတ်လျော့စေရုံသာမက လူကိုခွန်အားဖြစ်စေသည်။
- အမဲ၊ ဝက် စသည့်အနီရောင်အသားများက အက်စစ်ထွက်ရှိမှုကို အားပေးသည့်အပြင် အသားပရိုတိန်းဓာတ်က အစာကြေညက်ရန် ခက်ခဲသွားသောကြောင့် လူ့ခန္ဓာကိုယ်ထဲတွင် အစာခြေအင်ဇိုင်းများ အများကြီးရှိရန် လိုအပ်သည်။ အကယ်၍ လူ့ခန္ဓာကိုယ်ထဲ၌ အင်ဇိုင်းမလုံလောက်ပါက ကင်ဆာဆဲလ်များကို သုတ်သင်ရန် ခက်ခဲသွားပါလိမ့်မည်။ ထိုအသားများကို စားသုံးသောအခါ အစာမကြေပါက အသားများပုပ်သိုးသွားပြီး လူကိုအဆိပ်အတောက်ဖြစ်စေသည်။ ထို့ပြင် အမဲ၊ ဝက်၊ ကြက်များကို မွေးမြူရာတွင် သုံးလေ့ရှိသော ပဋိဇီဝဆေးများ၊ ကြီးထွားဟော်မုန်းဆေးများနှင့် ၎င်းတိရစ္ဆာန်များမှပါလာသော ကပ်ပါးပိုးများက ကင်ဆာရောဂါသည်များကို ထိခိုက်စေနိုင်သည်။
- ကင်ဆာဝေဒနာသည်များအနေဖြင့် ငါးများများစားသင့်ပြီး ကြက်သားကို အသင့်အတင့် စားပေးနိုင်သည်။

အချုပ်ဆိုရသော် "ကာကွယ်ခြင်းသည် ကုသခြင်းထက်ပိုထိရောက်၏" ဟူသော ဆိုစကားရှိပါသည်။ လူသားအားလုံး ကင်ဆာရောဂါဘေးကင်းဝေးကြစေချင်ပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလတွင် ငှက်ပျောမျိုးစုံ အဖီးရေ ၃၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလတွင် ငှက်ပျောမျိုးစုံ အဖီးရေ ၃၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ဒေသထွက် ငှက်ပျောများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ငှက်ပျောမျိုးစုံ အဖီးရေ ၂၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလတွင် ငှက်ပျောမျိုးစုံ အဖီးရေ ၃၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း၊ ထိုဇန်နဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောများသည် ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ဆင်စွယ် စသည့်ငှက်ပျော အမျိုးအစားများ အများဆုံး တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဇန်နဝါရီလအတွင်း ငှက်ပျောမျိုးစုံ အဖီးရေ ၃၇၀၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့လတွေကထက် ဇန်နဝါရီလအတွင်း ငှက်ပျောသီးတွေ တင်ပို့မှုအားကောင်းခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က ဒေသထွက်ကုန်တွေ အဓိကတင်ပို့တဲ့ ဈေးကွက်ပါ။ လက်ရှိ ပွဲရုံကိုလဲ ငှက်ပျောသီးတွေ အဝင်သွက်နေတယ်။ ဖေဖော်ဝါရီလထဲမှာလဲ အမှာကုန်တွေရှိနေပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ်ရှိ ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုခိုင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောဈေးနှုန်းများသည် ဖီးကြမ်းအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၂၀၀၀၀၊ ရခိုင်ငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၈၂၀၀၀၊ သီးမွှေးငှက်ပျောမျိုးစုံ အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀ နှင့် ဆင်စွယ်ငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀ ထိဈေးပေါက်ခဲ့ကြောင်း၊ အဆိုပါ ဒေသမှတောင်သူများသည် ငှက်ပျောများကို လယ်ကွင်းထဲတွင်လည်းကောင်း၊ ခြံများတွင်လည်းကောင်း စိုက်ပျိုးကြပြီး ဖီးကြမ်းငှက်ပျောနှင့် ရခိုင်ငှက်ပျောတို့ကို အဓိကထားစိုက်ပျိုးကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

---

# တောင်တွင်းကြီးမြို့နယ် ဘိုကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘိုကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဘိုကုန်းကျေးရွာတွင် ဆောင်းနေကြာအပါအဝင် အခြားဆီထွက်သီးနှံများစိုက်ပျိုးထားရှိမှုအခြေအနေများ၊ လစဉ် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘိုကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ နေကြာအပါအဝင် အခြားဆီထွက်သီးနှံများစိုက်ပျိုးသည့် အသင်းသား၊ အသင်းသူ ဦးရေ ၃၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၀၄ သိန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ပြောပြ၍ သိရသည်။

**နွံ့ယဉ်**

**တပေမြင့်မှ လူမျိုးတင့်မည်**

# ငြိမ်းချမ်းခြင်းအနုပညာ

**ကိုဇော်ဌေး(ယဉ်ကျေးမှု)**

အနုပညာဆိုသည်ကား ကမ္ဘာကြီး၏အဖြစ်အပျက်များကို တွေ့ကြုံခံစားကာ ဤတွေ့ကြုံခံစားချက်သို့မဟုတ် စိတ်ကူးတွင် လာ၍ဟပ်သော ထင်မြင်ချက်များကို တစ်ဖန်ပြန်၍ဖော်ပြမှုပင်ဖြစ်သည်။ အနုပညာဆိုသည်ကား စိတ်ကူး၍ လုပ်ယူရပေသည်။ ဥပမာအားဖြင့် သစ်ရွက်တစ်ရွက်ကော့ကာ နှင်းပွင့်များဖြင့် ပေကျံနေသည်ကို တစ်ဖန်ပြန်၍ ဖော်ပြခြင်းသည် အနုပညာမှုဖြစ်သည်။ နှင်းပွင့်များ ပေကျံနေသော သစ်ရွက်ကိုယူလာကာ ကြည့်ရှုခြင်းကား အနုပညာမဟုတ်ပေ။ သဘာဝအလျောက် ဤသစ်ရွက်ကလေးသည် လှပနိုင်သလောက် လှပနိုင်ပေသည်။

ကောင်းကင်ဝယ် တိမ်တောင်များ တောက်ပနေနိုင်သည်။ ဤကား သဘာဝပင်ဖြစ်သည်။ အနုပညာတော့ မဟုတ်ပေ။ အနုပညာဆိုသည်ကား ဤကမ္ဘာကြီးရှိ အဖြစ်အပျက်သဏ္ဌာန်များကို ပြန်၍ဖော်ပြခြင်းသို့မဟုတ် စိတ်ကူးထဲတွင် ထင်ဟပ်ချက်များကိုပြန်၍ တေးသံ(ဂီတ)၊ ဆေးသား(ပန်းချီ)၊ ကိုယ်လက်လှုပ်ရှားမှု(အကသဘင်)၊ စကားလုံး (ကဗျာ၊ လင်္ကာ၊ စာပေ) စသည်တို့ဖြင့် ဖော်ပြမှုကိုဆိုလိုသည်။ ဤသို့ဖြင့် ကမ္ဘာကြီး၏အဖြစ်အပျက် သို့မဟုတ် လူ့ဘဝကြီးကို စိတ်ကူး၍ဖွဲ့နွဲ့ကာ ရေးခြယ်ဖော်ပြခြင်းကား အနုပညာရပ်ဖြစ်လေသည်။

"ငြိမ်းချမ်း"ဟူသည် ဆူပူလှုပ်ရှားထကြွခြင်း၊ နှောင့်ယှက်ခြင်း စသည်တို့ကင်းသည်ဟု မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားသည်။ ငြိမ်းချမ်းခြင်းသည် ဆူပူလှုပ်ရှားထကြွခြင်း၊ စစ်မက် စသည်တို့ကင်းမဲ့သောအဖြစ်ဟု နားလည်မိသည်။ စင်စစ် ရန်လိုမှုနှင့် အကြမ်းဖက်မှု ကင်းစင်လျက် လူမှုအသိုက်အဝန်း၌ ချစ်ကြည်မှုနှင့် သဟဇာတဖြစ်မှုကိုရှေးရှုသည့်သဘောတရားပင်ဖြစ်တော့သည်။ ငြိမ်းချမ်းခြင်းသည် လူတစ်ဦးချင်းစီ၏ လွတ်မြောက်မှုပင်ဖြစ်သည်။ ငြိမ်းချမ်းခြင်းသည် လွတ်လပ်မှုပင်ဖြစ်သည်။ ငြိမ်းချမ်းခြင်းသည် ချစ်ခြင်းမေတ္တာပင်ဖြစ်သည်။ ငြိမ်းချမ်းခြင်းသည် သစ္စာတရားပင်ဖြစ်သည်။ ငြိမ်းချမ်းခြင်းအကြောင်းကို စိတ်ကူးဖွဲ့နွဲ့ကာ တေးသီချင်း၊ ဂီတ၊ အက၊ ပန်းချီ၊ ပန်းပုတို့ဖြင့် ရေးခြယ်ဖော်ပြခြင်းသည် ငြိမ်းချမ်းခြင်း အနုပညာပင်ဖြစ်သည်။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် မာဂဓတိုင်း ရာဇဂြိုဟ်ပြည်၏အရှေ့အရပ် အမ္ဗသဏ္ဍမည်သော ပုဏ္ဏားရွာ၏ မြောက်အရပ် ဝေဒိယကတောင် ဣန္ဒသာလဂူ၌ တစ်ပါးတည်းသီတင်းသုံးနေတော်မူသည်ကို သိကြားမင်းသိမြင်လေသည်။ ထို့ကြောင့် အခြေအရံနတ်များနှင့်တကွ ဘုရားရှင်အားဖူးမြော်၍ မေးလျှောက်ရန်ရှိသည်များကို မေးလျှောက်ရန် ဣန္ဒသာလဂူသို့သွားလေသည်။ မြတ်စွာဘုရားရှင်သည် ဈာန်ဝင်စားနေသည်ဖြစ်၍ သိကြားမင်းသည် ဘုရားရှင်ကို ရုတ်ခြည်းမချဉ်းကပ်လိုပေ။ ထို့ကြောင့် မိမိနှင့်ပါလာသော ဂန္ဓဗ္ဗနတ်မျိုးဖြစ်သည့် ပဉ္စသီခနတ်သားကို ဘုရားရှင်ထံ ရှေးဦးစွာ ဝင်၍ခွင့်ပန်ရန် ညွှန်ကြားလေသည်။

ပဉ္စသီခနတ်သားသည် ဗေလုဝမည်သော စောင်းကိုယူ၍ မြတ်စွာဘုရားနှင့်မနီးလွန်း၊ မဝေးလွန်းသော တစ်နေရာမှနေပြီးလျှင် ဘုရားနှင့်စပ်သော၊ တရားနှင့်စပ်သော၊ သံဃာနှင့်စပ်သော၊ ကာမဂုဏ်နှင့်စပ်သော (သူရိယဝစ္ဆသာနတ်သမီးအကြောင်းပါသော) ဂါထာတို့ကိုသီဆို၍ စောင်းကိုတီးလေသည်။ ဤသို့ စောင်းတီး၍ သီချင်းဆိုသော် မြတ်စွာဘုရားက စောင်းသံနှင့် သီချင်းသံတို့လိုက်ဖက်ကိုက်ညီသည်ကို ချီးကျူး၍ ပဉ္စသီခနတ်သားသီဆိုသောဂါထာကို အဘယ်အခါက သီကုံးထားသနည်းဟုမေးလေသည်။

ထိုအခါ ပဉ္စသီခနတ်သားက မြတ်စွာဘုရားသမ္မာသမ္ဗောဓိဉာဏ်တော်ကိုရခါစ ဥရုဝေလတောနေရဉ္ဇရာ မြစ်ကမ်းပါးအနီး အဇပါလညောင်ပင်၌ သီတင်းသုံးလျက်ရှိနေစဉ်ကဖြစ်ပါသည်။ အကျွန်ုပ်သည် တိမ္ဗရုနတ်မင်းကြီး၏သမီး ဘဒ္ဒါမည်သော သူရိယဝစ္ဆသာကို အလွန်နှစ်သက်ပါသည်။ သို့သော် သူရိယဝစ္ဆသာသည် ရထားထိန်းမာတလိသား သိခဏ္ဍီကိုသာ ချစ်ကြိုက်နေသည်။ သို့ဖြစ်၍ အကျွန်ုပ်သည် ဘုရားနှင့်စပ်သော၊ တရားနှင့်စပ်သော၊ သံဃာနှင့်စပ်သော၊ ရဟန္တာတို့နှင့်စပ်သော၊ ကာမဂုဏ်နှင့်စပ်သော ဂါထာသီချင်းတို့ကိုသီကုံး၍ တိမ္ဗရုနတ်မင်းကြီး၏ဗိမာန်သို့ ချဉ်းကပ်ကာစောင်းကိုတီး၍ သီဆိုကျူးရင့်ခဲ့သည်။ ဤသို့ကျူးရင့်လျှင် သူရိယဝစ္ဆသာသည် အကျွန်ုပ်အား ဤသို့ဆိုပါသည်-

"အရှင် အကျွန်ုပ်သည် မြတ်စွာဘုရားကို မျက်မှောက်မဖူးရသေးပါ။ တာဝတိံသာနတ်တို့၏ သုဓမ္မာသဘင်၌ အကျွန်ုပ် ကနေစဉ် ထိုမြတ်စွာဘုရားအကြောင်းကိုကြားခဲ့ရပါသည်။ အရှင်သည် ထိုမြတ်စွာဘုရားအကြောင်းကို ချီးကျူးပြောဆိုသည့်အတွက် ယနေ့ အကျွန်ုပ်အား ပေါင်းဆုံမိခြင်းဖြစ်စေလော့"ဟု ဆိုပါသည်။ ထိုမှ နောက်မပေါင်းဆုံရတော့ပါဟု လျှောက်ထားလေသည်။

ပဉ္စသီခနတ်သားသည် မိမိက အလွန်လိုလားနှစ်သက်သော်လည်း မိမိအားတုံ့ပြန်မှုမပြုသူက ဂီတအနုပညာစွမ်းအားကြောင့် မိမိနှစ်သက်မြတ်နိုးသူနှင့် တစ်နေ့တာမျှ ပေါင်းဖော်ခွင့်ရခဲ့သည့်ဖြစ်စဉ်သည် ငြိမ်းချမ်းခြင်း အနုပညာကြောင့်ပင်ဖြစ်တော့သည်။ ထိုသို့သော ငြိမ်းချမ်းခြင်းအနုပညာဖြစ်စဉ်မျိုးလည်း ရှိသေးသည်။

နတ်တို့ အရှင်သိကြားမင်းသည် မြတ်စွာဘုရားနှင့် ပဉ္စသီခနတ်သားတို့ အကျွမ်းတဝင်ပြောဆိုလျှောက်ထားနေစဉ် ပဉ္စသီခကို မိမိက ဘုရားရှင်အား ဖူးမြော်လိုကြောင်း ခွင့်ပန်စေသည်။ ပဉ္စသီခက ဘုရားရှင်ကို သိကြားမင်းနှင့် အခြွေအရံနတ်များ အဖူးအမြော်ရောက်ရှိနေကြောင်း လျှောက်ထားပေးသည်။ သို့ဖြင့် သိကြားမင်းသည် မိမိ၌ယုံမှားခြင်းရှိနေသော ပြဿနာ၊ ဝေဒနာကမ္မဋ္ဌာန်း၊ ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလစသည်တို့နှင့်စပ်လျဉ်းသည်များကို မေးလျှောက်လေရာ မြတ်စွာဘုရားကလည်း သိကြားမင်းအဖို့ နှစ်သိမ့်ကျေနပ်ဝမ်းမြောက်မှုရသည်ထိ ပြန်လည်ဖြေကြားမိန့်မြွက်တော်မူလေသည်။

ထိုအခါ သိကြားမင်းသည် ယုံမှားခြင်း၊ သို့လော သို့လော တွေးတောခြင်းတို့မှ လွန်မြောက်၍ အလွန်ဝမ်းမြောက်ပီတိဖြစ်ရသည်။ ပြဿနာတို့ကို မြတ်စွာဘုရားက ဖြေရှင်းပြသည်ကို ကြားနာရ၍ဝမ်းမြောက်မှုရခြင်းသည် အသူရာတို့ကိုအောင်နိုင်၍ ဝမ်းမြောက်ရသည်နှင့်မတူ။ ဝဋ်ဆင်းရဲချုပ်ရန်၊ ရာဂငြိမ်းရန်အလို့ငှာ ထူးကဲသောဉာဏ်ဖြင့် သိရှိရန်အလို့ငှာ၊ သစ္စာလေးပါးကို သိရန်အလို့ငှာ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုရန်အလို့ငှာ၊ ဉာဏ်အမြင်ရ၍ ဝမ်းမြောက်ရခြင်းမျိုးဖြစ်သည်။ သိကြားမင်းအတွက် ယုံမှားရှိနေသော ပြဿနာများရှင်းသွားသည့်အပြင် လက်ရှိသိကြားမင်းအဖြစ်မှ စုတေ၍ သိကြားမင်းတစ်ဖန်ပြန်ဖြစ်ခြင်း၊ သောတာပတ္တိမဂ်ဉာဏ်ရခြင်း စသောအကျိုးထူးခြောက်ပါးကိုလည်း ရလိုက်လေသည်။

ထို့ကြောင့် သိကြားမင်းသည် ပဉ္စသီခနတ်သားကို "အမောင်၏ကျေးဇူး များလှသည်။ ငါသည် သင်၏အဖအရာထား၍ ဂန္ဓဗ္ဗနတ်မင်းလည်း သင်ဖြစ်လတ္တံ့။ သင်အလွန်အမင်းတောင့်တသော သူရိယဝစ္ဆသာကိုလည်း သင့်အားပေးအံ့"ဟုမိန့်ကြားလေသည်။

ဤဖြစ်စဉ်ကိုကြည့်မြင်ပါက ပဉ္စသီခသည် သူ၏အနုပညာစွမ်းအားကိုအကြောင်းပြု၍ ဘုရားရှင်နှင့်သိကြားမင်းကို ဆက်သွယ်ပေးသဖြင့် သိကြားမင်းအပြင် အခြားသောနတ်ရှစ်သောင်းတို့မှာလည်း သောတာပတ္တိမဂ်ဉာဏ်ရကြလေသည်။ သူကိုယ်တိုင်လည်း သူလိုလားတောင့်တနေသော သူရိယဝစ္ဆသာနတ်သမီးကို သိကြားမင်းက ဆုအဖြစ် ပေးအပ်ခံရလေသည်။

ငြိမ်းချမ်းခြင်းလုပ်ငန်းစဉ်ဝယ် အနုပညာစွမ်းအားကြီးမားကြောင်း ဖြစ်စဉ်တစ်ရပ်လည်းရှိပါသေးသည်။ ကျမ်းဂန်များတွင် လောကကို စောင့်ရှောက်သဖြင့် လောကဗျူဟာနတ်ခေါ် သောနတ်ကို လောကနတ်ဟုလည်း ခေါ်ကြသည်။ လောကနတ်သည် တစ်ရံရောအခါ စည်းစုပ်ကိုကိုင်၍ လောကအလုံးကိုလှည့်လည်စဉ် ခြင်္သေ့နှင့် ဆင်ပျံတို့ အစာဖြစ်သော တိမ်ညွန့်ကြောင့် ခိုက်ရန်ဖြစ်ပွားကာ ဆင်ပျံဦးကင်းကို ခြင်္သေ့ကနင်းလျက် နှာမောင်းကိုစုပ်သည်။ ဆင်ပျံကလည်း အစွယ်ဖြင့်ပြန်ထိုးရန် အားထုတ်သည်ကို လောကနတ်က မြင်လေသည်။ ရန်ဘက်နှစ်ဦးတို့၏ ရန်ပွဲကြီးကျယ်လာပါက ပထဝီမြေပြင်မှာ မီးလောင်ပြင်ဖြစ်၍ ကျန်ရစ်မည်ကို လောကနတ်သိသဖြင့် ရန်ဘက်နှစ်ဦး၏ ရန်မီးကိုငြိမ်းအေးစေရန် ခြေတွင်စည်းစုပ်တီး၍ ငြိမ်းချမ်းရေးသီချင်းကိုသီဆိုကာ ကခုန်ပြလေသည်။ ထိုအခါ ရန်ဘက်နှစ်ဦးသည် လောကနတ်၏သာယာသောဂီတသံနှင့် နှစ်လိုဖွယ်အကကို ကြားမြင်ကြရ၍ စိတ်နှလုံးပျော့ပျောင်းလာကာ ဒေါသအရှိန်တို့ ပြေလာ၍ ရန်မီးငြိမ်းလေတော့သည်။ ထိုသို့ ရန်မီးငြိမ်းအေးရသော အတိတ်နိမိတ်ကိုယူကာ သီဟာသနပလ္လင်ဥကင်ဝဲယာ၌ လောကနတ်ခြေတွင် စည်းစုပ်နှင့် ကဟန်၊ ဆင်ပျံရုပ်၊ ခြင်္သေ့ရုပ်တို့ကို ထည့်သွင်းထုလုပ်လာကြလေသည်။

မြန်မာရာဇဝင်၌လည်း စာပေအနုပညာရှင်တို့က ထိုနယ်ထမ်းဆောင်ခဲ့ကြသည်။ ကဗျာနယ်တွင် ထင်ရှားသူ တွင်းသင်းမင်းကြီး ဦးထွန်းညိုသည် ကုန်းဘောင်ဆက်အစတွင် ရဟန်းပျိုဘဝနှင့်ပင် မုဒုလက္ခဏပျို့ကို ရေးသားကာထင်ရှားလာသူဖြစ်သည်။ တွင်းသင်းမင်းကြီး၏ပျို့၊ ကဗျာ၊ လင်္ကာများစွာအနက် "ဘလ္လာတိယပျို့"သည် မိသားစုအတွင်း ငြိမ်းချမ်းလိုခြင်းစေတနာဖြင့် အနုပညာဖန်တီးဖွဲ့ခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိနိုင်ပေသည်။

ထိုအချိန်က တိုင်းပြည်အုပ်ချုပ်ရေးတွင် အထူးအရေးပါသူမှာ အိမ်ရှေ့စံစစ်ကိုင်းမင်းဖြစ်လေသည်။ တိုင်းရေးပြည်ရေးကိစ္စများဖြင့် ရှုပ်ထွေးနေစဉ်တွင် သူ၏မိဖုရားမယ်နုနှင့်အဆင်မပြေဘဲ တစ်ဦးနှင့်တစ်ဦး မာန်စောင်ပွားလျက် စကားမပြောဘဲ ခွဲခွဲခြားခြားနေထိုင်ကြလေသည်။ မင်းမှုထမ်းတို့မှာလည်း ထိုအိမ်ထောင်ရေးမီးပွား ကြီးမားလာမည်ကို စိုးရိမ်နေကြလေသည်။

ပညာရှိကြီး ဦးထွန်းညိုက ဤကိစ္စ၏ ပင်ရင်းအချက်မှာ လင်မယားရန်ဖြစ်ကြသောကိစ္စဖြစ်သည်။ ထို့ကြောင့် ထိုလင်မယားချစ်ကြည်ရေးနည်းလမ်းကို ရှာမည်ဟုစိတ်ကူးမိသည်။ သူ၏စိတ်ကူးအတိုင်း "ဘလ္လာတိယပျို့"ကို ရေးသားဆက်သွင်းခဲ့သည်။ ဘလ္လာတိယဇာတ်မှာ ကောသလမင်းကြီးနှင့်မိဖုရားမလ္လိကာတို့ တစ်ဦးနှင့်တစ်ဦး လွန်စွာချစ်ကြည်နူး၍ နေကြရာမှ အချစ်လွန်ကာ အပြစ်ကျူးလာပြီးလျှင် နှုတ်လွန်လက်လွန်ဖြစ်၍ လာကြသည်။ ထိုအခါ မြတ်စွာဘုရားသည် နန်းတွင်းကိစ္စကြောင့် ပြည်တစ်ခုလုံးပျက်ပြုန်းမည့်အခြေအနေကို မြင်တော်မူသဖြင့် မင်းတရားနှင့် မိဖုရားကို သဘောပေါက်အောင် တရားဒေသနာ ဟောကြားဆုံးမတော်မူရာ ငြိမ်းချမ်းရေးရရှိသွားခြင်းဖြစ်ပေသည်။

တွင်းသင်းမင်းကြီးသည် ဤနည်းကိုယူလျက် ဘလ္လာတိယပျို့ကို ရေးသားဆက်သွင်းလိုက်သဖြင့် မင်းနှစ်ပါးချစ်ကြည်ရေးကိစ္စကို ပြန်လည်ရရှိခဲ့ကြသည်။

မြန်မာလူမျိုးတို့သည် ပထဝီအခြေအနေနှင့် သာယာလှသော ရေမြေဥတုရတုသပ္ပာယဖြစ်မှုတို့ကြောင့် အနုပညာမည်သော ဖော်ညွှန်းရေးသားမှု၊ သီဆိုတီးမှုတ်မှုတို့ကို လွန်စွာနှစ်သက်ကြသည်။ နှစ်သက်စွဲလမ်းသည်နှင့်အမျှ စိတ်ဓာတ်သည်လည်း ယဉ်ကျေးကြသည်။ ယဉ်ကျေးသိမ်မွေ့သောအနုပညာကို မြတ်နိုးခဲ့ကြသဖြင့် ရိုးရာဓလေ့ကို ယနေ့တိုင်မကွယ်ပျောက်အောင် ထိန်းသိမ်းနေနိုင်ခြင်းလည်းဖြစ်သည်။ စကားမပြောတတ်သေးသည့် ကလေးငယ်များသည် အလိုမကျမှုများကြောင့် ငိုကြွေးနေပါက သီချင်းတစ်ပုဒ်ကို သီဆို၍ ချော့ခြင်းဖြင့် ထိုကလေးငယ်၏ အလိုမကျမှုသည် ပြေလျော့ကာ ငြိမ်းချမ်းခြင်းဖြင့် ကျေနပ်စွာအိပ်ပျော်သွားတော့သည်။ အနုပညာ၏အစွမ်းပင်ဖြစ်တော့သည်။ ထို့ကြောင့်ပင် ရှေးယခင်က တိုင်းပြည်ကိုအုပ်စိုးသော ဘုရင်များသည် ပြည်တွင်းရေးငြိမ်းချမ်းစေရန် အုပ်ချုပ်ရေးယန္တရား၌ ပွဲလမ်းသဘင်များကို လွန်စွာပင်ယုံကြည်အားထားခဲ့ကြလေသည်။ လောကီလောကုတ် နှစ်ဝသောကိစ္စများတွင်လည်း အနုပညာမှာ မပါမဖြစ် ပါဝင်လာကြသည်ကိုလည်း တွေ့မြင်လက်ခံထားပြီးဖြစ်သည်။

ငြိမ်းချမ်းခြင်းအတွက် အနုပညာလက်တို့ခိုင်မြဲနေကြပါလျှင် တိုင်းနိုင်ငံသည် ငြိမ်းချမ်းသာယာဝပြောနေမည်သာဖြစ်သည်။ စာပေဝတ္ထု၊ ရတုကဗျာ၊ ပျို့လင်္ကာနှင့်၊ သာသည့်သီချင်း၊ အဲစောင်းငြင်းကို၊ မကင်းမပြတ်၊ ရွတ်ဖတ်လေ့ကျက်၊ တီးမှုတ်လျက်သာ၊ နေကောင်းစွာဖြင့်"ဟူသော ကဗျာစာသားပါအတိုင်း ငြိမ်းချမ်းခြင်းအနုပညာကို အနုပညာရှင်တို့ဖန်တီးဆောင်ရွက်ခြင်းဖြင့် တိုင်းနိုင်ငံသည် ငြိမ်းချမ်းသာယာဝပြောလာမည်သာ ဖြစ်ပါတော့သတည်း။

> ❖ ငြိမ်းချမ်းခြင်းသည် ဆူပူလှုပ်ရှားထကြွခြင်း၊ စစ်မက် စသည်တို့ကင်းမဲ့သောအဖြစ်ဟု နားလည်မိသည်။ စင်စစ် ရန်လိုမှုနှင့် အကြမ်းဖက်မှုကင်းစင်လျက် လူမှုအသိုက်အဝန်း၌ ချစ်ကြည်မှုနှင့် သဟဇာတဖြစ်မှုကို ရှေးရှုသည့်သဘောတရားပင်ဖြစ်တော့သည်။ ငြိမ်းချမ်းခြင်းသည် လူတစ်ဦးချင်းစီ၏လွတ်မြောက်မှုပင်ဖြစ်သည်။ ငြိမ်းချမ်းခြင်းသည် လွတ်လပ်မှုပင်ဖြစ်သည်။ ငြိမ်းချမ်းခြင်းသည် ချစ်ခြင်းမေတ္တာပင်ဖြစ်သည်။ ငြိမ်းချမ်းခြင်းသည် သစ္စာတရားပင်ဖြစ်သည်။ ငြိမ်းချမ်းခြင်းအကြောင်းကို စိတ်ကူးဖွဲ့နွဲ့ကာ တေးသီချင်း၊ ဂီတ၊ အက၊ ပန်းချီ၊ ပန်းပုတို့ဖြင့် ရေးခြယ်ဖော်ပြခြင်းသည် ငြိမ်းချမ်းခြင်း အနုပညာပင်ဖြစ်သည်။ ❖

**ကိုးကား**


၁။ စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု(ဒဂုန်တာရာ)

၂။ စာပေဝတ်ဆံ(ဒဂုန်နတ်ရှင်)

# ရခိုင်ပြည်နယ်မှ Ramsar ရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေ

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်နှင့်ရသေ့တောင်မြို့နယ်အတွင်းတည်ရှိပြီး စစ်တွေမြို့အနောက်ဘက်နားမှကပ်၍ စီးဆင်းနေသောမေယုမြစ်ဝနှင့်နံ့သာကျွန်းတို့ကို ကမ္ဘာ့အဆင့်အရေးပါသည့် ရမ်ဆာရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေ(Ramsar Site)အဖြစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သစ်တောဦးစီးဌာနနှင့်ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်းတို့ပူးပေါင်းပြီး အဆိုပြုခဲ့ရာ ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲနေ့ဖြစ်သည့် ၂၀၂၀ ပြည့်နှစ် မေ ၂၂ ရက်က ရမ်ဆာရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေအဖြစ် ရမ်ဆာကွန်ဗန်းရှင်းအတွင်းရေးမှူးရုံးက သတ်မှတ်ခဲ့သည်။

ရမ်ဆာရေဝပ်ဒေသအဖြစ်သတ်မှတ် ထားခြင်းခံရသည့် ကုန်းမြေဧရိယာ ၃၁၅၀ ဒသမ ၅၈ ဧကနှင့် ရေပြင်ဧရိယာ ၁၉၈၄၈ ဒသမ ၄၂ ဧကရှိကာ စုစုပေါင်းဧရိယာ ၂၂၉၉၉ ဧကရှိ နံ့သာကျွန်းကို ကမ္ဘာ့ရှားပါးဆောင်းခိုငှက်များနှင့် ရှားပါးပင်လယ်လိပ်မျိုးစိတ်များကျင်လည်ကျက်စားရာ နေရာတစ်ခုဖြစ်ပြီး ထိန်းသိမ်းကာကွယ်မှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်က နံ့သာကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ်အဖြစ် အတည်ပြုသတ်မှတ်ခဲ့ကြောင်းသိရသည်။ ဤနေရာသည် မြန်မာနိုင်ငံ၏ဒုတိယမြောက်အဏ္ဏဝါအမျိုးသားဥယျာဉ်နေရာတစ်ခုဖြစ်သည်။

ရမ်ဆာရေဝပ်ဒေသများဆိုသည်မှာ ဒီရေကျချိန်ရေအနက်ခြောက်မီတာထက်ပိုမနက်သည့် အဏ္ဏဝါရေပြင်များအပါအဝင် ရေသေ သို့မဟုတ် စီးဆင်းနေသည့်ရေချို၊ ရေငန်၊ ဆားငန်ရေများရှိသော ယာယီသို့မဟုတ် အမြဲတမ်းရှိနေသော သဘာဝ သို့မဟုတ် လူတို့ပြုလုပ်ထားသော ရွံ့နွံမြေ၊ သစ်ဆွေးမြေ၊ စိမ့်မြေနှင့်ရေပြင်ဒေသကိုခေါ်ခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်စစ်တွေကမ်းရိုးတန်းတွင်ရှိနေပြီး ရမ်ဆာရေဝပ်ဒေသအဖြစ်သတ်မှတ်ထားသော နံ့သာကျွန်းနှင့်မေယုမြစ်ဝသည် အကျယ်အဝန်းအားဖြင့် သေးငယ်သော်လည်း ငါး၊ ပုစွန်၊ ခရု၊ ကဏန်းစသည့် ရေနေသတ္တဝါများကျက်စားပေါက်ဖွားရာ ရွံ့နွံတော၊ လတာပြင်များရှိနေပြီး ဇီဝမျိုးစုံ၊ မျိုးကွဲတို့လာရောက်ကျက်စားရာ နေရာတစ်ခုဖြစ်သည်။

နံ့သာကျွန်းနှင့် မေယုမြစ်ဝသည် အရှေ့တောင်အာရှ - ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်း (EAAFP) နယ်မြေတစ်ခုဖြစ်ပြီး ဆောင်းခိုငှက်များလာရောက်ရာ လမ်းကြောင်းပေါ်တွင်ရှိသည့်နေရာတစ်ခုလည်းဖြစ်သည်။ ဆောင်းခိုငှက်မျိုးစိတ်များသည် မြန်မာနိုင်ငံရှိရေဝပ်ဒေသများသို့ နှစ်စဉ် အောက်တိုဘာလမှ ဧပြီလထိ လာရောက် ကျက်စားတတ်ကြသည်။ အဆိုပါငှက်မျိုးစိတ်များအနက် ဇီဝမျိုးစုံ၊ မျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ် မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်စာရင်းဝင်နှင့် အပြည်ပြည်ဆိုင်ရာသဘာဝထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature –IUCN)၏ Redlist စာရင်းဝင်ဖြစ်သော မျိုးသုဉ်းလုနီးအန္တရာယ်ရှိနေသောမျိုးစိတ်ရေညှောင့်နှုတ်သီးဝိုင်း၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ် နောမန်ခြေစိမ်း၊ နော့၊ မျိုးသုဉ်းရန် ခြိမ်းခြောက်မှုအဆင့်သို့နီးကပ်နေသော အမြီးနက်ဂေါ်ဒွစ်များကို နံ့သာကျွန်း၊ မေယုမြစ်ဝနှင့်မုတ္တမပင်လယ်ကွေ့၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင်သာ တွေ့ရှိရသည်ဟု သိရသည်။ မေယုမြစ်ဝနံ့သာကျွန်းသည် ကမ္ဘာပေါ်တွင် ကောင်ရေ ၄၀၀ ခန့်သာကျန်ရှိတော့သည့် ရေညှောင့်နှုတ်သီးဝိုင်းငှက် ၂၃ ကောင်မှ ၃၆ ကောင်ခန့်ထိ နှစ်စဉ်လာရောက်ဆောင်းခိုလေ့ရှိသည့်အပြင် မျိုးသုဉ်းရန်အန္တရာယ်ရှိသော ပင်လယ်လိပ်ကြီးများဖြစ်သည့် ပြင်သာလိပ်၊ လိပ်စောင်းလျား၊ လိပ်ခွေး၊ လိပ်ကြက်တူရွေး၊ လိပ်လျောင်းစသည့်လိပ်များလည်းတက်ရောက်ဥချကာ ကျက်စားလေ့ရှိသောနေရာလည်းဖြစ်သည်။



ရခိုင်ပြည်နယ် ရမ်ဆာရေဝပ်ဒေသဖြစ်သော နံ့သာကျွန်းနှင့်မေယုမြစ်ဝကိုတွေ့ရစဉ်။

နံ့သာကျွန်း အဏ္ဏဝါအမျိုးသားဥယျာဉ်ဧရိယာအတွင်းသို့ ဆောင်းခိုငှက်များနှစ်စဉ်လာရောက်လေ့ရှိကြရာ ၂၀၂၂ ခုနှစ်တွင် ကောင်ရေနှစ်သိန်းခန့်ထိ လာရောက်ကျက်စားခဲ့သည်ကို မှတ်တမ်းတင်နိုင်ခဲ့ကြောင်းနှင့် ငှက်မျိုးစိတ်အနေဖြင့် မျိုးစိတ် ၅၀ ထိ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ရခိုင်ဇီဝမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးအသင်းထံမှ သိရသည်။

နံ့သာကျွန်းနှင့် မေယုမြစ်ဝကိုရမ်ဆာကွန်ဗန်းရှင်း၏စံသတ်မှတ်ချက်ကိုးခုအနက် စံသတ်မှတ်ချက်ငါးခုနှင့်ကိုက်ညီသည့်အတွက် ရမ်ဆာရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခံရခြင်းဖြစ်သည်။ စံသတ်မှတ်ချက်ငါးခုမှာ ရွံ့နွံလတာပြင်များဖြင့် ထူးခြားကောင်းမွန်သည့် သဘာဝရေဝပ်ဒေသအမျိုးအစားဖြစ်ခြင်း၊ မျိုးသုဉ်းလုနီးပါးအန္တရာယ်ကျရောက်လျက်ရှိသော ရေညှောင့်နှုတ်သီးဝိုင်းငှက်များနှစ်စဉ်လာရောက်ကျက်စားလျက်ရှိပြီး အခြားရှားပါးမျိုးစိတ်များဖြစ်သောနော့၊ နှုတ်သီးရှည်မြီးမဲ၊ နှုတ်တိုရှည်ငှက်၊ ငှက်စိမ်းပြောက်နှင့် တောင်နီးခေါင်းကျားစသည့် ရွှေ့ပြောင်းငှက်များလည်း လာရောက်ဆောင်းခိုသည့်နေရာဖြစ်သည့်အပြင် ကမ္ဘာ့ရှားပါးပင်လယ်လိပ်မျိုးစိတ်များတက်ရောက်ဥချကျက်စားသည့်နေရာဖြစ်ခြင်း၊ ထိုသို့ ဆောင်းခိုငှက်များရွှေ့ပြောင်းလာရောက်ကျက်စားခြင်းနှင့် ပင်လယ်လိပ်များတက်ရောက်ဥချခြင်းတို့ကြောင့် မျိုးသုဉ်းရန်ခြိမ်းခြောက်ခံနေရသည့်မျိုးစိတ်များ၏ဇီဝစက်ဝန်းအရ အရေးပါသည့်နေရာဖြစ်ခြင်း၊ ရေညှောင့်နှုတ်သီးဝိုင်းငှက်၊ ခြေစိမ်းပြောက်နှင့် တောင်နီးခေါင်းကျားစသည့်ရှားပါးငှက်များ ကမ္ဘာ့စုစုပေါင်းကောင်ရေ၏ ၁ ရာခိုင်နှုန်းကျော်လာရောက်ကျက်စားသည့်နေရာဖြစ်ခြင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒီရေရောက်သစ်တောများသည်ငါး၊ ပုစွန်၊ ကဏန်းတို့သားပေါက်ရှင်သန်ကျက်စားရာနေရာဖြစ်ခြင်းတို့ကြောင့် ရမ်ဆာရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခံရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၀၄)၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော(၂၀၁၆)၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော(၂၀၁၇)၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော(၂၀၁၈)၊ မုတ္တမပင်လယ်ကွေ့ဒေသ(၂၀၂၀)တို့ကို ရမ်ဆာဒေသအဖြစ်သတ်မှတ်ထားပြီးဖြစ်၍ ယခုနံ့သာကျွန်းနှင့် မေယုမြစ်ဝသည် ဆဋ္ဌမမြောက်ရမ်ဆာဒေသဖြစ်သည်။

မြန်မာနိုင်ငံသည် ရမ်ဆာကွန်ဗန်းရှင်းသို့ ၂၀၀၅ ခုနှစ်ကတည်းက စတင်ဝင်ရောက်ခဲ့ပြီး နိုင်ငံအတွင်းရှိရေဝပ်ဒေသအားလုံးကို ဒေသခံများ၏အခြေခံ စားဝတ်နေရေးနှင့် ရာသီဥတုပြောင်းလဲမှုဒဏ်လျော့နည်းစေခြင်း၊ ထိန်းညှိခြင်းတို့အတွက် အကျိုးရှိစွာအသုံးချခြင်း၊ နိုင်ငံတကာအဆင့်အရေးပါသော ရမ်ဆာရေဝပ်ဒေသများကိုထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် ပူးတွဲပိုင်ဆိုင်သည့်ရေအရင်းအမြစ်များနှင့် မျိုးစိတ်များအပေါ် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ခြင်းစသည့်ကွန်ဗန်းရှင်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတကာအသိအမှတ်ပြုရမ်ဆာရေဝပ်ဒေသဧရိယာစုစုပေါင်း ၂၇၈၆၉၇ ဟက်တာကျော်ကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

လူသားများ၏လိုအပ်ချက်များကို ဖြေရှင်းရာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှုအပေါ်မူတည်လျက်ရှိရာ သဘာဝသယံဇာတအရင်းအမြစ်များကို သဘာဝပတ်ဝန်းကျင်နှင့်ဟန်ချက်ညီထိန်းသိမ်းကာကွယ်ရန်၊ စီမံအုပ်ချုပ်ရန်နှင့်အသုံးပြုရန်လိုအပ်နေဦးမည်ဖြစ်သည်။ ရမ်ဆာရေဝပ်ဒေသများထိန်းသိမ်းရေးအတွက် ဒေသခံပြည်သူများအားလုံးနားလည်သိရှိရန်လိုအပ်ပေသည်။ သဘာဝဇီဝမျိုးစုံ၊ မျိုးကွဲများထိန်းသိမ်းရေးအတွက် ကမ္ဘာ့အဆင့်အရေးပါသော ရမ်ဆာရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခြင်းခံရခြင်းမှာ ရခိုင်ပြည်သူများအတွက်သာမက မြန်မာပြည်သူများအတွက်လည်း သဘာဝကပေးအပ်လိုက်သည့် လက်ဆောင်ကောင်းတစ်ခုဖြစ်သည်။ ရမ်ဆာရေဝပ်ဒေသကို အကြောင်းပြု၍ သဘာဝပတ်ဝန်းကျင်ချစ်မြတ်နိုးသူများ၊ ငှက်ကြည့်ရှုသည်များလာရောက်ခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားများ၏စိတ်အာရုံကို ဆွဲဆောင်နိုင်သည့်ဒေသတစ်ခုလည်းဖြစ်ပြီး အထူးသဖြင့် ဂျာမန်နိုင်ငံသားငှက်ဝါသနာရှင်များ လာရောက်လေ့ရှိကြောင်းလည်း သိရသည်။

ရခိုင်ကမ်းရိုးတန်းရှိ နံ့သာကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ်ဧရိယာအတွင်း လာရောက်ကျက်စားလေ့ရှိသည့် ကမ္ဘာ့ရှားပါးငှက်မျိုးစိတ်များအပါအဝင် ရှားပါးပင်လယ်လိပ်မျိုးစိတ်များ ရေရှည်ရှင်သန်ရပ်တည်နိုင်ရေးအတွက် ဒေသခံပြည်သူများသာမက သက်ဆိုင်ရာဌာနများကပါ သဘာဝတရားကြီးကပေးထားသည့်လက်ဆောင်ဖြစ်သော ဂေဟစနစ်နှင့် ဇီဝအဝိုင်းအဝန်းနယ်မြေကို ချစ်မြတ်နိုးသူအားလုံးဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

- **၂၂-၅-၂၀၂၀ ကြေးမုံသတင်းစာ။**
- **၁၉-၄-၂၀၂၂ မြန်မာ့အလင်းသတင်းစာ သိန်းညွန့်(PZL)၏ဆောင်းပါး။**

**ကျွန်းသားပေမန်း**

# ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၉၆၄၉ ဧက စိုက်ပျိုးပြီးစီး

**ပုသိမ် ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၉၆၄၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၈၂၆၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၉၆၄၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားချက်ထက်ပိုမို စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။

"ကန်ကြီးထောင့်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲမျိုးစုံ ၂၈၂၆၇ ဧက စိုက်ပျိုးဖို့လျာထားတာ လက်ရှိ ၂၉၆၄၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မစိုက်ခင် စီမံဆောင်ရွက်ပေးထားပါတယ်။ ဒေသခံ တောင်သူတွေအနေနဲ့ ကလဲ ပဲမျိုးစုံစိုက်ပျိုးတဲ့အတွေ့အကြုံရှိပြီးဖြစ်ပါတယ်။ စိုက်ပြီးပဲခင်းတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ အထွက်နှုန်းတိုးစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းပြီး ဆက်လက်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးကပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၉၆၄၉ ဧကတွင် မြေပဲ ဧက ၁၅၇၀၊ ပဲတီစိမ်း ၁၂၆၁ ဧက၊ ဘိုကိတ်ပဲ ဧက ၁၁၇၀၊ မတ်ပဲ ၂၁၆၄၆ ဧက၊ ပဲကြီး နှစ်ဧက ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသည့် ပဲမျိုးစုံဧကများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက စိုက်ခင်းများထိကွင်းဆင်း၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၂-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၆၅ | ၂၈၁၅ | ၂၈၀၅ | ၂၇၇၅ | ၂၈၁၀ | ၂၈၃၅ | ၂၈၂၀ | ၂၈၀၀ | ၂၈၉၅ | ၂၉၁၀ | ၂၈၀၅ | ၂၈၁၅ | ၂၈၅၀ | ၂၈၅၀ | ၂၈၅၅ | ၃၀၈၀ | ၃၁၅၀ |
| 95 Ron | ၂၈၉၀ | ၂၉၄၀ | ၂၉၃၅ | ၂၉၀၀ | ၂၉၃၅ | ၂၉၆၀ | ၂၉၄၅ | ၂၉၂၅ | ၃၀၂၀ | ၃၀၄၀ | ၂၉၃၀ | ၂၉၄၅ | ၂၉၇၅ | ၂၉၇၅ | ၂၉၈၀ | ၃၂၀၀ | ၃၂၅၀ |
| HSD (500 ppm) | ၂၅၅၅ | ၂၆၀၀ | ၂၅၉၅ | ၂၅၆၀ | ၂၆၀၀ | ၂၆၂၅ | ၂၆၂၀ | ၂၅၈၅ | ၂၇၀၅ | ၂၇၀၀ | ၂၅၉၀ | ၂၆၀၀ | ၂၆၄၀ | ၂၆၄၀ | ၂၆၄၀ | ၂၈၇၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၆၀၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၀၅ | ၂၆၄၅ | ၂၆၇၀ | ၂၆၆၅ | ၂၆၃၀ | ၂၇၅၀ | ၂၇၄၅ | ၂၆၃၅ | ၂၆၅၀ | ၂၆၈၅ | ၂၆၈၅ | ၂၆၈၅ | ၂၉၁၅ | ၃၅၉၅ |
| HSD (10 ppm) | ၂၆၁၀ | ၂၆၆၀ | ၂၆၆၀ | ၂၆၂၀ | ၂၆၆၀ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၇၆၅ | ၂၇၆၀ | ၂၆၅၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၀၀ | ၂၇၀၀ | ၂၉၃၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၃၈ | ၂၇၂၅ |
| 95 Ron | ၂၇၆၀ | ၂၈၄၉ |
| HSD (500 ppm) | ၂၄၃၃ | ၂၅၁၁ |
| HSD (50 ppm) | ၂၄၇၆ | ၂၅၅၆ |
| HSD (10 ppm) | ၂၄၉၁ | ၂၅၇၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၉၈၃၁ ဧက စိုက်ပျိုးပြီးစီး



**ကလေး ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၉၈၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကလေးမြို့နယ်တွင် ကုလားပဲ ၅၇၂၀ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကုလားပဲ ၉၈၃၁ ဧက စိုက်ပျိုးနိုင်သဖြင့် လျာထားကျော်လွန် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကလေးမြို့နယ်အတွင်း ကုလားပဲသီးနှံ ဧက ၅၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိကုလားပဲဧက ၉၀၀၀ ကျော်စိုက်ပျိုးပြီးစီးပါပြီ။ ဆောင်းကုလားပဲသီးနှံ စိုက်ပျိုးမှုအနေနဲ့ လက်ရှိမှာတော့ လျာထားကျော်လွန် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ခေတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်" ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ထရိုင်ကိုဒါးမားအကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲရေးနည်းပညာပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့်ရေဆင်း(၈)နှင့် ရေဆင်း(၁၁)မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကလေးမြို့နယ်တွင် ကုလားပဲသီးနှံစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ကုလားပဲ ၅၇၂၀ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

# ညောင်ရွှေမြို့နယ် သပြေကုန်း(အောက်)ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်တွင် ပုံမှန်ကျေးရွာအုပ်စု သပြေကုန်း(အောက်)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ပုံမှန်ကျေးရွာအုပ်စု သပြေကုန်း(အောက်)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ရန်ပုံငွေကျပ် ၁၀ သန်းဖြင့် ကြံသကာချက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) အဖွဲ့ဝင်များ၊ ကြံသကာချက်လုပ်ငန်း ဆောင်ရွက်နေသည့် အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) နှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ပုံမှန်ကျေးရွာအုပ်စု သပြေကုန်း(အောက်)ကျေးရွာ၌ ၂၀၂၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကြံသကာချက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေသည့်အဖွဲ့ဝင် ငါးဦးကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေကျပ် ၁၀ သန်းထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**











"အဂတိပပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm။
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စီးပွားရေးကို ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံတစ်ဝန်းလုံး၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် နိုင်ငံအတွက် လက်တွေ့ကျသည့် စိုက်ပျိုးမွေးမြူရေး အခြေခံပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်း ပြန်လည်မြှင့်တင်ရေးလှုပ်ရှားမှု ပြင်ဦးလွင်ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ်-၂၀၂၄ ဖွင့်ပွဲအခမ်းအနားကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် ပြင်ဦးလွင်ကျေးလက်ဒေသစက်ဘီးစီးခရီးစဉ်-၂၀၂၄ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှူးနှင့် အရာရှိကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

ရခိုင်ပြည်နယ်မှ Ramsar ရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေ ဆောင်းပါး စာမျက်နှာ - ၂၉

ကမ္ဘာဂြိုဟ်အတွက် အန္တရာယ်ရှိနိုင်သည့် ဂြိုဟ်သိမ်တစ်စင်းက ဖေဖော်ဝါရီ ၂ ရက်တွင် ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ စာမျက်နှာ - ၇

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၅၂၇၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ စာမျက်နှာ - ၁၉

### ထူးခြားသည့် ညအပူချိန်များ

၄-၂-၂၀၂၄

| | | |
|---|---|---|
| ဟားခါး | ၂ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၃ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | ၃ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲ | ၄ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၄ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၄ | ဒီဂရီစင်တီဂရိတ် |
| ဖလမ်း | ၅ | ဒီဂရီစင်တီဂရိတ် |